http://www.dhammadownload.com



ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၉)

သစ္စဒေသနာဓမ္မစကြာ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဝေဿန္တရစီးနှင်းခရီးသည်များ ❖ ယြဉ်ကျေးဓလေ့ဆိုင်ရာ

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၇၁၉၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

သစ္စဒေသနာ ဝမ္မစကြာ



http://www.dhammadownload.com

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို

ဓမ္မဒာန အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

သစ္စဒေသနာ ဓမ္မစက်ာ
အပိုင်း(၁)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော်(၄)ရက်၊ ၂၀၁၀-ခုနှစ်၊ ဇွန်လ(၃၀)ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဝိမာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် မဂ်လာတောင်ညွှန်ပြုနယ်၊ မဂ်လာစေတီအနန္တ (၅)ပါး ဦးထိပ်ထားလျှက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင် မိသားစု (ကိုကျော်သင်းဆေးဆိုင်)၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"သစ္စဒေသနာ ဓမ္မစက်ာ"** အပိုင်း(၁) တရားဒေသနာတော်။

'သစ္စဒေသနာ ဓမ္မစက်ာ'ဆိုတာ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ရောက်ပြီးတဲ့နောက် ပထမဦးဆုံး ဟောကြားခဲ့တာဖြစ်တယ်။ အဦးဆုံးတရားဖြစ်သည့်အတွက် 'တရားဦး'လို့လည်း ခေါ်ကြတယ်။ ဓမ္မစကြာတရားမှာ တကယ့်ကိုမှန်ကန်တဲ့, အရိယာပုဂ္ဂိုလ်တွေသာ သိနိုင်တဲ့ သစ္စာတရားကိုဟောကြားခဲ့တာဖြစ်လို့ **'သစ္စဒေသနာ ဓမ္မစက်ာ'** ဆိုရမယ်။ ဓမ္မစကြာဆိုတာ မြန်မာလူမျိုးတွေသိနေတဲ့ ဝေါဟာရ ဖြစ်တယ်။ တကယ်ပါဠိလိုကတော့ **'ဓမ္မစက္ကပဝတ္တန'** သုတ်လို့ ဒီလိုခေါ်

http://www.dhammadownload.com

တယ်။ အဲဒါကို အတိုခေါ်တဲ့အနေနဲ့ လူတွေရဲ့နှုတ်ထဲမှာ ဓမ္မစကြာလို့ပဲ ခေါ်ကြတယ်။

ရှေးဦးစွာ 'ဓမ္မစက္က' သို့မဟုတ် ဗမာလိုပြောတော့ 'ဓမ္မစကြာ' ဒီမှာ ဓမ္မစက္က ဆိုတာ ဘာကိုပြောတာလဲ။ ဓမ္မစက္ကဆိုတာ သစ္စာ(၄)ပါးကိုသိတဲ့ ပဋိဝေဓဉာဏ်ရယ်၊ သစ္စာ(၄)ပါးကို ထုတ်ဖော်ဟောကြားနိုင်တဲ့ ဒေသနာဉာဏ်ရယ် ဒီဉာဏ်(၂)မျိုးကို ခေါ်တာ၊ ဒီဉာဏ်(၂)မျိုးကို ဓမ္မစက္က လို့ခေါ်တာ၊ အဲတော့ ဓမ္မစက္ကဆိုတာ မြတ်စွာဘုရားရဲ့ သန္တာန်မှာရှိတဲ့ ဒီထူးခြားတဲ့ဉာဏ်(၂)မျိုး။ ဘာဖြစ်လို့ ထူးခြားတုန်းဆိုရင် အမှန်တရားသိဖို့ရာ ရှာဖွေနေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ သစ္စာ ဆိုတာတွေ အမျိုးမျိုး ရှိတယ်။ ဒီအရိယသစ္စာဆိုတာကို မြတ်စွာဘုရားက ပထမဦးဆုံးတွေ့တယ်၊ သိတယ်။ ပဋိဝေဓဉာဏ်နဲ့ ဘုရားကိုယ်တော်တိုင် အမှန်တရားကိုတွေ့ရှိတယ်။

လောကမှာ အမှန်တရားကို မတွေ့ဘူးဆိုလို့ရှိရင် လမ်းမှားနေတဲ့ ပုဂ္ဂိုလ်တွေ ထွက်ပေါက်မရနိုင်သလိုပဲ အမှန်တရားကို ရှာမတွေ့သည့်အတွက်ကြောင့် အမှားတရားတွေထဲမှာ သံသရာလည်ပြီးတော့ နေကြရတာပေါ့။

မြတ်စွာဘုရားကတော့ အဲဒီလိုမဟုတ်ဘူး။ ရှေးဦးစွာ အရိယသစ္စာလို့ပြောတဲ့အမှန်တရားကို ကိုယ်ပိုင်ဉာဏ်နဲ့စူးစမ်းလေ့လာခြင်းဖြင့် စပြီးတော့ တွေ့တယ်။ အမှန်တရားဟာ မြတ်စွာဘုရားရဲ့ဉာဏ်မှာ စတင်ဖြစ်ပေါ်လာတယ်။ အဲဒါကိုရည်ညွှန်း ပြီးတော့ **'ဓမ္မစက္က'**။ **ဓမ္မ** ဆိုတာ သစ္စာတရား၊ **စက္က**ဆိုတာ စတင်ဖြစ်ပေါ်လာမှု လည်ပတ်မှုလို့ ဒီလိုဆိုလိုတယ်။ မြတ်စွာဘုရားရဲ့ ပဋိဝေဓဉာဏ် လို့ခေါ်တဲ့ အမှန်တရားကို ထိုးထွင်းသိတဲ့ဉာဏ်ကြီးဟာ စတင်ဖြစ်ပေါ်လာခဲ့တယ်။

http://www.dhammadownload.com

ဘယ်မှာစတင် ဖြစ်ပေါ်လာသလဲလို့ဆို မဟာဗောဓိပင် အပရာဇိတပလ္လင်ထက်မှာ တရားဓမ္မဆင်ခြင်သုံးသပ် နှလုံးသွင်းရင်းနဲ့ ကဆုန်လပြည့်နေ့ညမှာ ထူးခြားတဲ့အသိဉာဏ်ကြီး ရရှိလာတယ်။ အဲဒီအချိန်ကစပြီးတော့ အမှန်တရားကို မြတ်စွာဘုရား သိတယ်။ သိလို့ အဲဒီအချိန်မှာ ဓမ္မစက္ကလို့ခေါ်တဲ့ ပဋိဝေဓဉာဏ်တော်ကြီးကို မြတ်စွာဘုရားက စတင်ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ အဲဒီအချိန်မှာ ဓမ္မစက္ကဆိုတဲ့ ပဋိဝေဓဉာဏ်ကြီးသည် မြတ်စွာဘုရားရဲ့ သန္တာန်မှာ လည်ပတ်ပြီး ဖြစ်ပေါ်နေပြီလို့ ဒီလိုပြောတာ။

မြတ်စွာဘုရားကိုယ်တိုင်က ဒီသစ္စာ(၄)ပါး တရားတော်ကြီးကို ကိုယ်တိုင် ထိုးထွင်းပြီးတော့ သိထားတယ်။ အဲဒီသိပြီးတဲ့အခါ သတ္တဝါတွေ နားလည်အောင် ဘယ်လိုဟောရမလဲလို့ဆိုတဲ့ ဉာဏ်တစ်မျိုးပေါ်လာတာ၊ သိတာနဲ့ဟောတာနဲ့က မတူတတ်ဘူး။ တချို့က ပြောတယ်လေ၊ သိတော့သိတယ်၊ မပြောပြတတ်ဘူးတဲ့။ တစ်ဖက်သားကို နားလည်အောင် မပြောနိုင်ဘူး။ တချို့တွေ သိပ်တော်တယ်၊ သူဟာသူ အကုန်သိနေတယ်။ သို့သော် ပြောပြစမ်းပါ ဆိုလို့ရှိရင် ဘာက စပြောရမှန်းမသိဘူး။ အဲတော့ ဉာဏ်ရည်ဉာဏ်သွေးက တစ်ခုနဲ့တစ်ခု မတူဘူးနော်။

အမှန်တရားကိုထိုးထွင်းသိတာက ပဋိဝေဓဉာဏ်။ အဲ့ဒီအမှန်တရားကို စကားလုံးတွေ တီထွင်ပြီးတော့ တခြားသတ္တဝါတွေသိရှိနားလည်နိုင်အောင် ဟောတာကျတော့ **"ဒေသနာဉာဏ်"** လို့ ခေါ်တယ်။ အဲဒီ ဒေသနာဉာဏ်ကိုလည်းပဲ ဓမ္မစက္ကလို့ခေါ်တာ။

အဲ့ဒီဒေသနာ ဉာဏ်တော်ကြီးက ဘယ်မှာစတင်ပြီးတော့ လည်ပတ်လာသလဲလို့ဆိုလို့ရှိရင် ဗာရာဏသီပြည်နားက ဘေးမဲ့ပေး

http://www.dhammadownload.com

ထားတဲ့ **ကသိပတန** တောကြီးထဲမှာ ဒေသနာဉာဏ်ဆိုတဲ့ ဓမ္မစက္က ဟာ စတင်ပြီးတော့လည်ပတ်တယ်တဲ့။

ပဋိဝေဓဉာဏ်ဆိုတဲ့ ဓမ္မစက္က လည်ပတ်တာက ဗုဒ္ဓဂယာမှာ ဗောဓိပင်အောက်မှာ စတင်ခဲ့တယ်။ ဒေသနာဉာဏ်ဆိုတဲ့ ဓမ္မစက္က စတင်လည်ပတ်တာကတော့ ဗာရာဏသီ ကသိပတန တောမှာ ဖြစ်တယ်။

ဗမာလူမျိုးတွေကတော့ ကတိပတနဆိုတဲ့ မူရင်းနာမည်ကို ဖျောက်ပြီးတော့ မိဂဒါဝုန် မိဂဒါဝုန်နဲ့ခေါ်ကြတယ်။ တကယ်ကတော့ မိဂဒါဝုန်က နာမည်မဟုတ်ဘူး။ မိဂဒါယဆိုတဲ့ စကားလုံးကိုကြည့်ပြီးတော့ မိဂဒါဝုန်လို့ခေါ်နေကြတာ။ နာမည် မဟုတ်ဘူး။ နာမည်က ကသိပတန။ အဲဒီ ကသိပတနတောမှာ သားငှက်တိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်ခြင်းမလုပ်ရဘူးလို့ ဘုရင်က အမိန့်ထုတ်ပြီးတော့ ဘေးမဲ့ပေးထားလို့ **"မိဂဒါယ"** လို့ခေါ်တာ။

အေး-မိဂလို့ပြောတာနဲ့တစ်ချို့ကလည်းပဲ သမင်တွေပေါတဲ့ တောလို့ ဆိုကြတယ်။ (အခုတောင် သမင်တွေမွေးထားကြသေးတယ်) တကယ်ကတော့ **မိဂ**ဆိုတာ သမင်တွေတင်ပြောတာမဟုတ်ပါဘူး။ သားငှက်တိရစ္ဆာန်တွေအားလုံးကို ရည်ညွှန်းတဲ့သဘောပါ၊ သမင်တွေချည်းပဲမဟုတ်ပါဘူး။ တောရှိရင် သမင်ကတော့ရှိမှာပေါ့နော်။ ဒါပေမယ့် သမင်တစ်မျိုးထဲ မဟုတ်ဘူးလို့ ဒီလိုမှတ်ရမယ်။ **မိဂ**ဆိုတာ သားကောင်တွေအားလုံး ခြေ(၄)ချောင်းရှိတဲ့ သားကောင်တွေအားလုံးကို **မိဂ**လို့ခေါ်တာ။ ခြင်္သေ့ကို **မိဂရာဇာ** လို့ သုံးတယ်။ သို့သော် ဘာသာပြန်တဲ့အခါကျတော့ သမင်ပေါတဲ့ မိဂဒါဝုန်တောလို့ပြန်တယ်။ အင်္ဂလိပ်လိုပြန်တဲ့အခါ Deer park လို့ပြန်ကြတယ်။ ဘာဖြစ်လို့ Deer

http://www.dhammadownload.com

park လို့ပြန်လဲလို့ဆိုတော့ မဂဂိုသမင်လို့ အဓိပ္ပာယ်ယူဆပြီးတော့ ပြန်တဲ့သဘောရှိတယ်။ တကယ်ပြန်သင့်တာကတော့ Sanctuary လို့ ပြန်သင့်တယ်ပေါ့။ မဂဒါယဆိုတာ Sanctuary။ ဘေးမဲ့တော။ အဓိပ္ပါယ်က သားငှက်တိရစ္ဆာန်တွေ မဖမ်းရဘူး။ မပစ်ခတ်ရဘူး။ မသတ်ရဘူး။ ဘုရင်ကအမိန့်ထုတ်ပြီးတော့ ဘေးမဲ့ပေးထားတဲ့တော ဖြစ်လို့ Sanctuary ဘေးမဲ့တောလို့ ဒီလိုအဓိပ္ပာယ်ရတယ်။ ဒါလည်းပဲ မှတ်သားစရာတစ်ခုပေါ့။

သို့သော် လူတွေရဲ့နှုတ်ထဲမှာ တစ်ခုခုက တွင်သွားပြီဆိုလို့ ရှိရင် ထိုတွင်နေတာပဲ အတည်ဖြစ်ပြီးတော့ ပြောနေကြတယ်ပေါ့။ ဒါမျိုးကို စာပေကျမ်းဂန်မှာ အတွင် ရုဋ္ဌိလို့ခေါ်တယ်။ လူတွေရဲ့နှုတ်ထဲမှာ မိဂဒါဝုန် မိဂဒါဝုန်နဲ့ နှုတ်တက်သွားတော့ ပြင်လို့မရတော့ဘူး။ တကယ်က မိဂဒါဝုန်တွေအများကြီးရှိတယ်။ အဲ့ဒီထဲမှာ မြတ်စွာဘုရား လက်ထက်မှာ ဘေသကဠာဆိုတဲ့တောကြီးကလည်းပဲ မိဂဒါယပဲ၊ ခေမ ဆိုတဲ့တောကြီးကလည်းပဲ မိဂဒါယပဲ။ မိဂဒါယတောတွေက ဒီတစ်ခု ထဲရှိတာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ မိဂဒါယ Sanctuary တောရဲ့ နာမည်က ဣသိပတန။

အား- ကောင်းပြီ၊ အဲဒီတောမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပဉ္စဝဂ္ဂီ (၅)ဦးကို သစ္စဒေသနာကို ဟောကြား တယ်။ သစ္စာတရား ဟောရုံတင်မကဘူး မြတ်စွာဘုရားက ဗုဒ္ဓ ဖြစ်ကြောင်း ဝန်ခံစကားလည်း ပြောကြားခဲ့တယ်။

အဲဒီတော့ ဓမ္မစက်ာ သို့မဟုတ် ဓမ္မစက္က ဆိုတာ ဉာဏ်တော် (၂)ခု၊ ဉာဏ်တော်(၂)ခုဟာ ပဋိဝေဓဉာဏ်နဲ့သိထားတဲ့သစ္စာတရားကို

http://www.dhammadownload.com

ဒေသနာဉာဏ်ကိုအသုံးပြုတော့ ထုတ်ဖော်ရှင်းလင်း ဟောပြတယ်လို့ ဒီလိုအဓိပ္ပါယ်မှတ်ရမယ်။

အေး ဓမ္မစကြာ ဓမ္မစကြာဆိုတာ တချို့ကလည်းပဲ လှည်းဘီးကြီးတွေကိုမြင်ပြီးတော့ ဓမ္မစကြာဆိုတာ အဲဒီလို စကြာကြီးလည်နေတာကြီးလို့ ဒီလို ထင်ကောင်းထင်မယ်နော်။ အမှန်ကတော့ စတင်ပြီးတော့ အသုံးချတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုပြောတာ။ စက္ကဆိုတဲ့စကားလုံးကိုက **စစတိ ဘမတီတိ စက္ကံ** လည်ပတ်ဆိုတာ ဖြစ်ပေါ်လာတာ။ ဒေသနာဉာဏ်ကြီးကို စတင်လိုက်ပြီ၊ သစ္စာတရားကို ဒီနေ့ကနေစပြီးတော့ မြတ်စွာဘုရားဟောလိုက်တာ မရပ်မနား ဘယ်ထိအောင်ဟောသွားတုန်းဆိုလို့ရှိရင် နောက်ဆုံးမှာ (၄၅)ဝါကာလ သက်တော်(၈၀) အရွယ်ရောက်လို့ ကုသိနာရုံ ညောင်စောင်းပေါ်မှာ ရောက်သည်အထိ သုဘဒ္ဒဆိုတဲ့ပရိဗိုဇ်ကြီးကို နောက်ဆုံးဟောခဲ့တာပဲ။ အဲဒီ ထိအောင် ဟောတယ်လို့ ပြောရမှာပဲ။

(၄၅)ဝါကာလပတ်လုံး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဟောဒီသစ္စာဒေသနာနဲ့ ဆက်နွယ်ရာ သတ္တဝါတွေရဲ့ အဇ္ဈာသယကိုကြည့်ပြီး ဟောတာရှိတယ်။ ကိုယ်တော်ရဲ့ အဇ္ဈာသယကိုကြည့်ပြီးဟောတာရှိတယ်။ မေးခွန်းကိုဖြေတဲ့အနေနဲ့ ဟောတာရှိတယ်။ အကြောင်းအတွဲပွတ်တိပေါ်လာလို့ဟောတာရှိတယ်။ တရားဟောတာဟာ အကြောင်း(၄)မျိုး ရှိတယ်ပေါ့။

နံပါတ်(၁)အကြောင်းက **အတ္တဇ္ဈာသယလို့**ခေါ်တယ်။ အတ္တ အဇ္ဈာသယ မိမိဆန္ဒအတိုင်းဟောတာ၊ တစ်ခါတစ်ရံကျတော့ အေး- ဒီပရိသတ်ကို ဒီတရားဟောမှပဲလို့ဆိုပြီးတော့ မြတ်စွာဘုရားကိုယ့်ဆန္ဒ နဲ့ ကိုယ်ဟောလိုက်တာ၊ အဲဒါ အတ္တဇ္ဈာသယလို့ခေါ်တယ်။

http://www.dhammadownload.com

အေး တချို့သုတ္တန်ကျတော့ မြတ်စွာဘုရားကိုယ်ဟောချင်လို့ ဟောတာ မဟုတ်ဘူး။ ပရိသတ်ထဲမှာပါတဲ့ပုဂ္ဂိုလ်တစ်ဦးရဲ့ အဇ္ဈာသယကို ကြည့်ပြီးဟောတာ၊ အဲဒါမျိုးကျတော့ **ပရဇ္ဈာသယတဲ့**၊ တစ်ခါတစ်ရံကျတော့ ပရိသတ်ထဲကနေပြီး မြတ်စွာဘုရားကို မေးခွန်းတွေမေးတယ်။ မေးတဲ့အခါမှာ ဖြေကြားတဲ့အနေနဲ့ ဟောတာကျတော့ **ပုစ္ဆာဝသိက** တဲ့။ ဖြစ်ပေါ်လာတဲ့ အကြောင်းရပ်တစ်ခုခုကို အကြောင်းပြုပြီးတော့ ကိစ္စတစ်ခုခုကိုအကြောင်းပြုပြီးတော့ ဟောတာမျိုးကျတော့ **အတ္ထုပ္ပတ္တိက** လို့ခေါ်တယ်။ မြတ်စွာဘုရား တရားတော်တွေကို ဟောပြောဖို့ရာအတွက် ဒီအကြောင်း(၄)မျိုးထဲက တစ်ခုခုတော့ ရှိတာပေါ့။

အခု ဒီနေရာမှာ သစ္စဒေသနာလို့ ဆိုတဲ့နေရာမှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟာ အတ္တဇ္ဈာသယ အနေနဲ့ ဟောတယ်လို့ ဒီလိုပြောလို့ရတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ပဥ္စဝဂ္ဂီလို့ဆိုတဲ့ လူသား တရားနာမယ့်ပုဂ္ဂိုလ်(၅)ဦး၊ အဲဒီ(၅)ဦးကို အမှန်တရားဆိုတာ မကြားဘူးကြသေးဘူး။ မြတ်စွာဘုရားကိုယ်တိုင်လည်း အရင်က မကြားဘူးတဲ့ တရားပဲ။ အဲဒီရဲ့အရင်ခေတ်က ပေါ်ကိုမပေါ်ခဲ့လို့ မကြားဘူးဘူး။ အဲဒီ မကြားဘူးတဲ့တရားတွေကို အစဦးဆုံးထုတ်ဖော်ပြီး ပြောတာ။ အသစ်အဆန်းတွေ့ရှိချက်ကို ဟောတာ။

ဒါကြောင့်မို့ ဓမ္မစကြာထဲမှာ ပါတယ်မဟုတ်လား။ **ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ** လို့။ **ပုဗ္ဗေ အနနုဿုတေသု** ဆိုတာ ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး။ ဘယ်သူ့ဆီကမှ သင်ခဲ့တာလည်း မရှိဘူး။ ဘယ်ဆရာကမှလည်း ဒါမျိုးမဟောခဲ့ဖူးဘူးလို့ ဒီလိုဆိုလိုတယ်။ ဘယ်သူ့ဆီကမှ ဒီတရားမျိုးကို မနာခဲ့ဖူးဘူး၊ ဘယ်သူ့ဆီကမှလည်း သင်ယူခဲ့တာမရှိဘူး။ အဲဒီမကြားဘူးတဲ့၊ မသင်

http://www.dhammadownload.com

ဘူးတဲ့ တရားထူး တရားမြတ်တွေကို သိမြင်နိုင်တဲ့ အသိဉာဏ်ဟာ တရားထူး တရားမြတ်တွေကိုသိတဲ့ မျက်စိအမြင် ပညာအသိဟာ ဖြစ်ပေါ်လာတယ်လို့ မြတ်စွာဘုရားက ဒီလိုပြောတာ။

ဒါကြောင့်မို့ ဒေသနာဉာဏ်တော်ကြီးကို အသုံးချပြီးတော့ မြတ်စွာဘုရားက ဒီဓမ္မစကြာကိုဟောခဲ့တာ။ အဲဒီတော့ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာရဲ့အတ္ထုပ္ပတ္တိကို တစေ့တစောင်းကြည့် ကြည့်ကြရအောင်။ ဘယ်လောက် ပင်ပန်းခဲယဉ်းစွာ ဒီတရားဓမ္မကို ရှာခဲ့ရသလဲဆိုတာ စဉ်းစားကြည့်သင့်တာပေါ့နော်။ အေး သာမန်အားဖြင့် ပြောမယ်ဆိုလို့ ရှိရင် လေးအသခ္ခေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်လို့ ပါရမီပြည့်လာလို့ ဘုရားဖြစ်တယ်လို့ပြောလို့တော့ ရတာပေါ့။ ပါရမီပြည့်လို့ ဘုရားဖြစ်လာတာ သူ့ဟာသူဖြစ်လာတာ မဟုတ်ဘူး။ နန်းတော်ထဲမှာ နန်းစည်းစိမ် ခံစားပြီးတော့နေမယ်။ တောမထွက်ဘူး၊ တရားကို ကျင့်ကြံကြိုးကုတ်အားထုတ်မှု မလုပ်ဘူးဆို မဖြစ်ဘူး။

အဲတော့ ဒီကနေ့ခေတ်လူတွေဟာ အသိဉာဏ်ရှိရက်သားနဲ့ ဘာဖြစ်လို့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာမဖြစ်ကြသလဲဆို မလုပ်ကြလို့မဖြစ်ကြတာ။ အမှန်ကတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရမနေ မရအရ ကျင့်ကြံကြိုးကုတ်အားထုတ်မယ်လို့ မဟာသီဝမထေရ်ကြီးတို့လို အားလုံးကို စွန့်လွှတ်ပြီးတော့ အနှစ်(၃၀)တရားအားထုတ်မယ် ဆိုရင် ဒီထဲက သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်မယ့် ပုဂ္ဂိုလ်တွေ အများကြီးပဲပေါ့။ ဘုန်းကြီးတို့တတွေ ဘာလို့မဖြစ်တုန်းဆိုလို့ ရှိရင် မလုပ်လို့မဖြစ်တာ။

အဲဒါကြောင့်မို့လို့ သူ့ဘာသူတော့ဖြစ်မလာဘူး၊ မလုပ်လို့ရှိရင် မဖြစ်ရုံမဟုတ်ဘူး၊ အခြေအနေကောင်းလေးတွေပါ ပျက်စီးယိုယွင်း

http://www.dhammadownload.com

သွားတတ်သေးတယ်တဲ့၊ သတိထားဖို့ပဲ။ လူတိုင်းလူတိုင်းဟာ ပါရမီနဲ့အသိဉာဏ်လေးတွေဟာ အခြေခံအားဖြင့်ရှိနေကြတယ်၊ အဲ့ဒီရှိတဲ့အခြေခံလေးကို အသုံးမချပဲနဲ့စိတ်ဆန္ဒမပါလို့ တခြားဘက်မှာ အသုံးချနေမယ်ဆိုလို့ရှိရင် ဒီပါရမီတွေဟာ ကုန်ဆုံးသွားမှာပဲ။ ဒီအသိဉာဏ်လေးတွေဟာ တခြားနေရာ ရောက်သွားပြီးတော့ တရားထူး တရားမြတ်အတွက် အကျိုးဖြစ်လာမှာမဟုတ်ဘူး။ ကြည့်လေ ဗာရာဏသီသူဌေးသားပဲကြည့်၊ ကုဋေ(၈၀)ကြွယ်ဝတဲ့ ဗာရာဏသီသူဌေးသားဟာ တကယ့် Great intelligence အသိဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ အသိဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရဲ့သားနဲ့ နောက်ဆုံးမှာ သူဘဝရဲ့ နိဂုံးချုပ် အဆုံးသတ်သွားတာ မကောင်းဘူး။

ဘာဖြစ်လို့မကောင်းသလဲလို့ဆိုရင် သူ့မိဘတွေရဲ့ အတွက်လွဲသွားတာပါတယ်။ အေး- ကုဋေ(၈၀)ဆိုတော့ ငါတို့သားလေးတစ်သက်စားလို့မကုန်ဘူး။ ဘာလို့ ပင်ပန်းဆင်းရဲတာတွေ ခံမလဲ၊ သူ့ဘာသူထိုင်စားပါစေ၊ သူပျော်သလိုသာ နေပါစေလို့ သားကလေးဆင်းရဲမှာကြောက်လို့ အဆိုအကလောက်ပဲ သင်ပေးတယ်၊ အတီးအမှုတ် လောက်ပဲသင်ပေးတယ်။ ဘာပညာမှ သင်မပေးဘူး။ စီးပွားရှာနည်းကားနော်၊ လုပ်ငန်းကိုင်တာနဲ့ ပတ်သက်ပြီး ဘာမှ သင်မပေးဘူး။ ဘာမှ မသိဘူး။ သင်မပေးလို့ သူသိတာ ဘာတုန်းဆိုရင် စောင်းတီးတတ်တယ်။ သီချင်းဆိုတတ်တယ်။ ဒါပဲ။ သူနဲ့အိမ်ထောင်ပြုတဲ့ကလေးမလေးကလည်း စောင်းတီးတတ်တယ်။ သီချင်းဆိုတတ်တယ်။ ဒါပဲ။ ဘယ်သူမှ စီးပွားရေးပညာ နားမလည်ကြဘူး။

နောက်ဆုံးကျတော့ အရက်သမားတွေရဲ့ သွေးဆောင်မှုကြောင့် အရက်ကလေးသောက်မိသွားတဲ့အခါ ရှိသမျှပစ္စည်းတွေ

http://www.dhammadownload.com

သုံးလိုက်ဖြုန်းလိုက်တာ ဇနီးမောင်နှံ(၂)ယောက်ဟာ နောက်ဆုံး လမ်းဘေးမှာ ခွက်လက်စွဲပြီးတော့ ထမင်းကျန်၊ ဟင်းကျန်လေးတွေ တောင်းစားရတဲ့အဆင့် ရောက်သွားတယ်။ အဲဒါ မလုပ်လို့ မဖြစ်တာ ဖြစ်တယ်၊ မလုပ်ရင်လည်းမဖြစ်ဘူးဆိုတာ သေချာတယ်။

အဲဒီဘဝရောက်နေတဲ့အခါ မြတ်စွာဘုရားက ပြောတယ်။ ရှင်အာနန္ဒာကို "အာနန္ဒာ တွေ့လား၊ ဟိုမှာအဖိုးကြီးနဲ့အဖွားကြီး၊ အဲ့ဒါ သာမန်မဟုတ်ဘူး။ ဒီမြို့မှာ ဒိတ်ဒိတ်ကျဲ သူဌေးနဲ့သူဌေးကတော်ပဲ၊ သူဟာပထမအရွယ်မှာ စီးပွားဥစ္စာ ရှာဖွေဖို့ကြိုးစားလိုက်မယ်ဆိုရင် ပထမတန်းသူဌေးကြီးဖြစ်မယ်။ (ပထမအရွယ်ဆိုတော့ ၃၃-နှစ်၊ ဒုတိယအရွယ်ဆိုတာ ၃၄-နှစ်ကနေပြီးတော့ အသက် ၆၆-နှစ်၊ ဒီလိုအရွယ်ကို ပိုင်းတာနော်။) အဲဒီဒုတိယအရွယ်မှာ ကြိုးစားလိုက်မယ်ဆိုရင် ပထမတန်းသူဌေး မဖြစ်တော့ဘူး။ ဒုတိယတန်းသူဌေးပဲ ဖြစ်တော့မယ်။" (အရွယ်ကကျသွားသလို လူ့ရဲ့အသိဉာဏ်တွေကလည်း ဆုတ်ယုတ်သွားတယ်။ တချို့က အသက်ကြီးလာမှ ထက်လာတယ်လို့ အောက်မေ့တာ မဟုတ်ဘူး။ အသက်ကြီးလာရင် ဆုတ်ယုတ်တာနော်) "တတိယအရွယ် ကြိုးစားမယ်ဆိုရင် တတိယတန်းသူဌေးဖြစ်မယ်။" (ဒါ စီးပွားရေးဘက်က မြတ်စွာဘုရားပြောတာ။)

"အကယ်၍ သူပထမအရွယ်မှာ တောထွက်ပြီးတော့ တရားမမှ ကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် ရဟန္တာဖြစ်နိုင်တယ်။"

ဒီဖြစ်နိုင်ခြေ ရှိတာလေးတွေဟာ မလုပ်သည့်အတွက်ကြောင့် သူ ရဟန္တာမဖြစ်ဘူးဆိုတာကို ပြောတာနော်။

http://www.dhammadownload.com

"ဒုတိယအရွယ်မှာဆိုလို့ရင် အနာဂါမ်တို့ သကဒါဂါမ်တို့ ဖြစ်နိုင်တယ်။ တတိယအရွယ်မှာဆိုလို့ရှိရင် သောတာပန်ဖြစ်နိုင်တယ်။ အခုတော့ အရွယ်(၃)ပါး လွန်ပြီးတော့ အိုမင်းမစွမ်း ဖြစ်သွားပြီ" တဲ့။

မျှော်လင့်ချက် ကုန်သွားပြီ၊ Hopeless ပေါ့။ လူတွေက အမြဲတမ်းဟုတ်ဘူး၊ ဟုတ်ဘူးနဲ့နော်။ မဟုတ်ဘူးဆိုဘယ်တော့မှ ဟုတ်လာမှာ မဟုတ်ဘူးနော်။ တကယ်ကတော့ အဲဒါ Hopeless ဖြစ်သွားတာ၊ Hopeless မဖြစ်ဘူးလို့ မအောက်မေ့လေနဲ့။ တရားထူး တရားမြတ်ဆိုတာ မလုပ်ရင်မရဘူး၊ ဟို မကျင့်ဘူးဆိုလို့ရှိရင် ဘယ်သူမှ မရနိုင်ဘူးနော်။

အေး ဒါကြောင့်မို့လို့ ဘုရားအလောင်းတော်ဟာလည်း ပါရမီပြည့်လာတယ်။ သူ ဘယ်လောက် ကြိုးစားခဲ့ရလဲ။ ဒီအမှန်တရားတွေ့ဖို့ရာအတွက် မြတ်စွာဘုရားကိုယ်တိုင်ပြန်ပြီးတော့ ကိုယ်တော်မြတ်ရဲ့ အတ္ထုပ္ပတ္တိကို သူကိုယ်တိုင်ပြန်ဟောထားတာရှိတယ်။ ဟို- မဟာပုဒ္ဓဝင်ထဲပါတဲ့ဟာကို မပြောလိုဘူး။ အဲဒါ အားလုံးသိနေကြတာနော်။ မြတ်စွာဘုရားကိုယ်တိုင်ပြန်ပြီးတော့ ဟောထားတဲ့ ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိ (Auto Biography) ပေါ့။ ကိုယ်တိုင်ပြန်ပြီးတော့ Retold လုပ်ထားတဲ့ သူ့ရဲ့ဘဝဇာတ်လမ်းလေးတွေ။

ဘယ်သုတ္တန်တွေမှာ ဟောထားတုန်းဆိုရင် မဟာသစ္စကသုတ်မှာလည်း ဟောထားတယ်။ **ပါသရာသိ** ဆိုတဲ့သုတ်မှာလည်း ဟောထားတယ်။ (နိုင်ငံခြားစာမူတွေမှာတော့ **အရိယပရိယေသန** သုတ်လို့လည်းခေါ်တယ်။ **ပါသရာသိ**သုတ်နဲ့ **ဒီအရိယပရိယေသန**သုတ်ဆိုတာ အတူတူပဲလို့ မှတ်ရမယ်။)

http://www.dhammadownload.com

အဲဒီသုတ်တွေမှာ မြတ်စွာဘုရားက ကိုယ်တိုင် ဟောထားတာ ရှိတယ်။ မြတ်စွာဘုရားကိုယ်တိုင်ပြန်ဟောထားတာလေးကို ပြောရမယ် ဆိုရင် "ငါဟာတဲ့ နုပျိုနေတုန်း ဆံပင်ကနက်နေတုန်း အရွယ်ကောင်း တုန်း"

ဟုတ်တာပေါ့။ (၂၉)နှစ်ပဲရှိသေးတာကို အဲဒီအချိန်မှာ **သုသု ကာဠကေသော** အရွယ်ငယ်တုန်း နုပျိုတုန်း (၃၃)နှစ်ကျမှ ပထမ အရွယ်ကုန်မှာကို အဲဒီတော့ ဘုရားလောင်းတော်ဟာ (၃၃)နှစ် မရောက်သေးဘူး။ (၂၉)နှစ်အရွယ်မှာ နုပျိုနေတုန်း ဆံပင်ကလေးက နက်နေတုန်း မဖြူသေးဘူး။

"ဆံပင်နက်နေတုန်းတဲ့ အရွယ်ကောင်းတုန်း ပထမအရွယ် နုပျိုနေတဲ့အချိန်လေးမှာပဲ မိဘနှစ်ပါးက မခွဲချင်လို့ငိုယိုနေတဲ့အချိန်မှာ ဆံမုတ်ဆိတ်ပယ်ပြီးတော့ သင်္ကန်းဝတ်ခဲ့တယ်"

မြတ်စွာဘုရား စကားလုံးအတိုင်း ဘာသာပြန်မယ်ဆို အဲ့လို အဓိပ္ပာယ်ရတယ်နော်။ အဲဒီစကားပိုဒ်ကို ဖတ်ပြီးတော့ တစ်ချို့နိုင်ငံခြား သားတွေက ပြောတယ်၊ မြတ်စွာဘုရား ညသန်းခေါင် တိတ်တိတ်လေး တောထွက်သွားတယ်ဆိုတာ မဟုတ်ဘူးပေါ့။ ဘာဖြစ်လို့တုန်းဆိုတော့ မိဘတွေငိုနေတုန်း သူသင်္ကန်းဝတ်သွားတယ်လို့ သူကိုယ်တိုင်ပြောခဲ့တဲ့ စကား ရှိတယ်ပေါ့၊ ညကြီးတောထွက်တယ်ဆိုတာ မဟုတ်ဘူးလို့ သူတို့ကပြောကြတယ်။

အဲဒါဘယ်လိုညှိပြောရမတုန်းဆိုရင် "ဟုတ်တယ် မိဘတွေက ငိုယိုနေတယ်ဆိုတာ တကယ့်ကိုမသွားပါနဲ့လို့ငိုနေတာ ဒီလိုဆိုလိုတာ မဟုတ်ဘူး၊ စိုးရိမ်တကြီးနဲ့ သင်္ကန်းမဝတ်စေချင်ဘူး၊ သို့သော် ညကြီး သန်းခေါင်မှာ တောထွက်သွားလို့ ပျောက်သွားတဲ့အချိန်မှာ ငိုကြတယ်။

http://www.dhammadownload.com

အဲဒီဝိုနေတဲ့အချိန်မှာ သင်္ကန်းဝတ်သွားတယ်။" ဒီလို ယူရင်ရော မရဘူးလား၊ အဲဒါဆိုလို့ရှိရင် အဋ္ဌကထာတွေရေးတာနဲ့ ပါဠိတော် ဆိုတာနဲ့ တကိုက်ထဲပါပဲ။

အခု သူတို့က ဘယ်လိုထိအောင်ယူတုန်းဆိုလို့ရှိရင် မိဘနှစ်ပါး ဝိုနေတုန်း ဆိုပါစို့ အဖေလုပ်တဲ့ သုဒ္ဓါဒနကြီးက ဟဲ့မသွားနဲ့ မသွားနဲ့ဆိုတာကို ဇတ်ထွက်သွားတယ်ဆိုတဲ့ပုံစံမျိုး သူတို့က အဲ့လိုယူဆတယ်။ မိဘနှစ်ပါးလုံး ဝိုနေတုန်းဆိုတာ ဟုတ်တာပေါ့။ နန်းတော်မှာ ဝိုကျန်ရစ်တာပဲလေ ညပျောက်သွားတယ်ဆိုတော့ မနက်လင်းတဲ့အခါ မရှိတော့ မိဘနှစ်ပါး ဝိုကျန်ရစ်တယ်ပေါ့။ မိဘလို့ သုံးပေမယ့်လို့ ဒီအချိန်မှာ မယ်တော်မာယာကတော့ မရှိတော့ဘူးပေါ့နော်။ အဲ့ဒီတော့ မိဘနှစ်ပါး ဝိုယိုနေတုန်း သူဟာ ဆံမုတ်ဆိတ်ပယ်ပြီးတော့ သင်္ကန်းဝတ်ခဲ့တယ်တဲ့။

သင်္ကန်းဝတ်တာ ဘာအတွက်ဝတ်တာတုန်းလို့ဆိုရင် **"ကိ ကုသလဂဝေသီ"** ဆိုတဲ့စကားလုံးလေးကို သုံးတယ်။ ကုသိုလ်ဆိုတာ ဘာလဲ၊ အပြစ်ကင်းတဲ့တရား အမှန်တရားဆိုတာ ဘာလဲလို့ရှာချင်တာ သူသိချင်တာ အဲ့ဒါပဲ။ "ကုသိုလ်ဆိုတာ ဘာလဲ၊ အဆင့်အမြင့်ဆုံး ကုသိုလ်ဆိုတာ ဘာလဲ" ဒါလိုက်ရှာတာ။ ဆိုလိုတာကတော့ Research လုပ်တာ။

လောကမှာ Research လုပ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း စွန့်စားရတာ။ ဓမ္မနဲ့ပတ်သက်ပြီး Research လုပ်တော့ ဘုရားလောင်းဟာ စွန့်စားတာပဲပေါ့၊ အိမ်ကနေ ထွက်သွားတယ်။ "ကုသိုလ်ဆိုတာ ဘာလဲဆိုတာ သူအဖြေထုတ်ချင်တယ်" ဒါ တစ်ခု။ **အနုတ္တရံ သန္တိဝရ ပဒံ ပရိယေသမာနော** သူရှာနေတာ အကောင်းဆုံးငြိမ်းချမ်းရေးပဲ။

http://www.dhammadownload.com

သန္တိပရ ပဒံ ဆိုတဲ့ အမြတ်ဆုံးသော ငြိမ်းချမ်းမှုဆိုတာကို သူလိုက်ရှာနေတယ်။

အဲဒီမှာ လိုက်ရှာတဲ့အချိန်မှာ ဘယ်နေရာက ဘယ်ကို သွားတယ်ဆိုတာတွေကိုတော့ အသေးစိတ်မဟောဘူး။ သူအဲဒီလိုရှာပြီးတော့ အာဠာရကာလာမ ဆီရောက်သွားတယ်လို့ ဒီလောက်ပဲ ပြောလိုက်တယ်ပေါ့နော်။ ဒါကတော့ လိုရင်းဟောချင်လို့နေမှာပေါ့။ အဲဒါကို ဖြည့်စွက်ပြီးတော့ မှတ်တမ်းတင်ရမှာကတော့ အနော်မာသောင်ကမ်းမှာ ရဟန်းဝတ်တယ်။ ရဟန်းဝတ်ပြီး မြင်းနဲ့ မောင်ဆန်ကို နိုင်ငံတော်ပြန်ခိုင်းလိုက်ပြီးတော့ သူတစ်ဦးတည်း ယူဇနာ (၃၀)၊ ယူဇနာ (၃၀)ဆိုခုခေတ်နဲ့တွက်မယ်ဆိုရင် တယူဇနာကို (၈)မိုင်နှုန်းနဲ့ တွက်ကြည့်ပေါ့။ အဲဒီ အနော်မာကနေ မိုင်(၂၄၀)ဝေးတယ်။ အဲဒါကို ကုန်းကြောင်းသွားရတာ၊ အခုခေတ်လို ကားတွေ ဘာတွေရှိတာ မဟုတ်ဘူး။ အရင်တုန်းကတော့ မြင်းနဲ့ထွက်လာခဲ့တာ၊ မြင်းလည်း ပြန်လွှတ်လိုက်ပြီ၊ သင်္ကန်းဝတ်ပြီးတဲ့အခါ မိုင်(၂၀၀)ကျော်ခရီးကိုခြေလျင်လျှောက်ခဲ့တာ၊ ဘယ်ကို သွားသလဲဆိုရင် ထိုခေတ်က တရားဓမ္မတွေထွန်းကားပြီးတော့ ထင်ရှားကျော်ကြားခဲ့တဲ့ မဂဓ နယ်ကြီးကိုသွားတာ။ မဂဓနယ် ဆိုတာ အခုဗုဒ္ဓဂယာ ပတ်ဝန်းကျင်ဒေသပေါ့။ အခုခေတ်တော့ ဗီဟာနယ်လို့ခေါ်တယ်၊ ဗီဟာဆိုတဲ့ စကားလုံးကတော့ ဝိဟာရက လာတယ်လို့ ပြောကြတယ်ပေါ့။

အဲဒီ ဗီဟာနယ်ဘက်ကို ခရီးထွက်သွားတယ်၊ ဘုရားအလောင်းတော်က အဲဒီမှာ ပြန်ပြောတဲ့ဇာတ်လမ်းလေးမှာတော့ "မဂဓတိုင်းကို ရောက်သွားတယ်၊ ရောက်သွားတော့ မနက်မိုးလင်းတဲ့ အချိန်လေးမှာ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံတယ်" သပိတ်ကလေးပိုက်ပြီးတော့

http://www.dhammadownload.com

ဆွမ်းခံဝင်လိုက်တဲ့အခါ ဘုရားအလောင်းတော်ဟာ အရွယ်ကလည်း နုနုပျိုပျိုရုပ်ကလည်းအင်မတန်ချောတာဆိုတော့ မြို့ထဲဝင်လာရင် လူတွေက လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဝိုင်းအုံလာကြတယ်။ ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် အဲဒီခေတ်က သူတော်စင်ဆိုတဲ့ပုဂ္ဂိုလ်တွေက ကိုးရိုးကာရား တွေများတာကို၊ မုတ်ဆိတ်ကြီးတွေနဲ့ အဝတ်အစားမပါ နေတဲ့ ပုဂ္ဂိုလ် တွေနော်၊ ရာဇဂြိုဟ်ပြည်မှာ မကွလိဂေါသာလတို့ ပူရဏကဿပ တို့ဆိုတာ တုံးလုံးကိုယ်တော်ကြီးတွေလေ၊ တရားကျင့်နေတဲ့ သူတော်စင် ဆိုတာကြီးတွေက ကြည့်လိုက်မယ်ဆိုလို့ရှိရင် ခုနက မုတ်ဆိတ်ဖားလျားနဲ့ ဆံပင်ဖားလျားနဲ့ အဝတ်မဝတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်နေတာ၊ အခု ဒီပုဂ္ဂိုလ်ကတော့ အဲဒီလိုမဟုတ်ဘူး၊ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဣန္ဒြေပြည့်ပြည့်စုံစုံလေးနဲ့ မြို့ထဲမှာ စက္ခုန္ဒြေချပြီးတော့ ဝင်လာတယ်ဆိုတော့ တစ်မြို့လုံးက လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

အဲဒီ အကြောင်းအရာတွေကို သုတ္တနိပါတ ပါဠိတော်မှာ ပဗ္ဗဇ္ဇသုတ် ဆိုတာရှိတယ်၊ ဘုရားလောင်း တောထွက်လာခြင်းရဲ့ အကြောင်းကို ပဗ္ဗဇ္ဇသုတ်အရ ပြောမယ်ဆိုရင် သူဘာဖြစ်လို့ သင်္ဘန်း ဝတ်လာသလဲလို့ ဆိုလို့ရှိရင်တဲ့ **ဃရာဝါသော သမ္မာဓော** တဲ့၊ လူ့ဘဝ မှာ ကုသိုလ်ရဖို့က အင်မတန်ခက်တယ်၊ မွန်းကြပ်နေတယ်၊ ဟုတ်တယ်၊ လူ့ဘဝမှာ ကုသိုလ်ရဖို့ဆိုတာ မလွယ်ဘူး၊ အင်မတန် မွန်းကြပ်တယ်၊ သမ္မာဓ ကျဉ်းမြောင်းတယ်၊ ဟိုကိစ္စ ဒီကိစ္စတွေ များတယ်နော်။ များအောင်လဲလုပ်ထားတာကိုး၊ မလွတ်လပ်ဘူး အတွယ်အတာတွေနဲ့ မွန်းကြပ်မှုတွေများတယ်တဲ့၊ **ရဇောပထော** ကိလေသာစိတ်တွေ ပွားတယ်၊ **အဗ္ဘောကာသော** ရဟန်းဘဝက လွင်ပြင်ကြီးနဲ့တူတယ်တဲ့၊

http://www.dhammadownload.com

ဒါကြောင့်မို့ အဲဒီလွတ်လပ်မှုကိုရချင်တာနဲ့ မွန်းကြပ်တဲ့ဘဝကနေ ရုန်းထွက်ပြီး သူသက်နှံးဝတ်လာခဲ့တယ်လို့ ဒီလိုပြောတယ်၊ အဲ့လို သက်နှံးဝတ်လာပြီးတော့ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံလိုက်တဲ့အခါမှာ တစ်မြို့လုံးဟာ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်သွားတယ်၊ အဲတော့ ဘုရင့် နန်းတော်ကနေ ဘုရင်ကကြည့်တဲ့အခါ ဒီသူတော်စင်တစ်ပါးဟာ သက်နှံးကလည်း ဗြဟ္မာကြီးက လျှူလိုက်တဲ့သက်နှံး။ တောက်တောက်ပြောင်ပြောင် ရှိကောင်းရှိလိမ့်မယ်ပေါ့နော်။ (ကြာသက်နှံး၊ ကြာသက်နှံးဆိုတာ ကြာဖူးထဲကရတဲ့သက်နှံးကို ပြောတာ၊ ကြာရိုးကို ရက်ထားတဲ့ သက်နှံးပြောတာ မဟုတ်ဘူး။) ခုခေတ်ကတော့ ဘုရားလောင်း မဟုတ်ဘဲနဲ့ ကြာရိုးကနေယက်ပြီး ကြာသက်နှံးဝတ်တာနော်၊ ရှေးတုန်းက ကြာသက်နှံး ဆိုတာ အဲဒီကြာဖူးထဲကရပြီး ဘုရားအလောင်းတော်တွေကို ဆက်ကပ်တဲ့သက်နှံး၊ ကမ္ဘာဦးကာလမှာ ကြာဖူးထဲမှာပါလာတဲ့ ပရိက္ခရာ(၈)ပါးကိုပြောတာ၊ အဲဒီ ကြာသက်နှံးကို ဝတ်ထားတဲ့သူတော်စင်၊ သက်နှံးဝတ်ရုံထားတာကို ကြည့်ပြီးတော့ ဗိမ္မိသာရမင်းကြီးကလည်း ငယ်ငယ်ရွယ်ရွယ်ပဲ သက်တူလောက်ပဲရှိမယ်၊ မင်းပို့မင်းလွှင်၊ ဗိမ္မိသာရမင်းက ငယ်ရင်နည်းနည်းငယ်မယ်။ ဘုရင်ကစိတ်ဝင်စားသွားတယ်၊ ခါတိုင်းပုဂ္ဂိုလ်တွေနဲ့မတူဘူး သူတော်စင်ဆိုတာအိုအိုမင်းမင်းကြီးတွေများတယ်၊ လောကမှာ ရဟန်းဝတ်တယ်ဆိုတာ အသက်ကြီးမှဝတ်တာ၊ ငယ်ငယ်တုန်းတော့ ကာမဂုဏ်အာရုံ ခံစားပြီးတော့ အသက်ကြီးမှဝတ်တာ၊ ဒါသူတို့ခေတ်ကထုံးစံနော်။ ခုခေတ်ဆိုရင်တော့ တောထွက်ကိုယ်တော်ကြီးတွေပေါ့နော်၊ အသက်အရွယ်ကြီးပြီဆိုရင် သက်နှံးဝတ်ကြတယ်။

http://www.dhammadownload.com

အဲဒီတော့ ဒီလို ငယ်ငယ်ရွယ်ရွယ်မြင်လိုက်တဲ့အခါမှာ သိပ်ထူးဆန်းတော့ ဘုရင်က တမန်တော်တွေကို လွှတ်တယ် "လိုက်ကြည့်စမ်း၊ လိုက်ကြည့်စမ်း၊ ဘယ်သူလဲ ဘယ်သွားတာလဲ လိုက်ကြည့်၊ လိုက်ကြည့်"။ အဲဒီမှာ ဘုရားအလောင်းက ဆွမ်းခံရင်း မကြာခင်ဘဲ သူတစ်ထပ်စာလောက် ရတာနဲ့တပြိုင်နက် ရှေ့ဆက်မသွားတော့ပဲနဲ့ မြို့ပြင်ထွက်သွားလိုက်တယ်။

တမန်တွေက မလှမ်းမကမ်းက ထောက်လှမ်းပြီး လိုက်သွားကြတယ်။ ဘယ်သွားတုန်းဆိုတော့ မြို့ပြင် ထွက်သွားတယ်။ ရာဇဂြိုဟ်ပြည်ဆိုတာ မြို့ပြင်မှာ တောင် (၅) လုံးရှိတယ်။ **ဝေပုလ္လ, ဝေဘာရ, ဂိဇ္ဈကူဋ, ပဏ္ဍဝ, ဣသိဂိလိ,** တောင် (၅)လုံးရှိတယ်။ အဲဒီတောင် (၅)လုံးထဲက **ပဏ္ဍဝ** ဆိုတဲ့ တောင်ခြေဘက်ကို ဦးတည်ပြီးတော့ သွားတယ်၊ ဟိုရောက်တဲ့အခါ ရေအိုင်ကလေးနဲ့ အရိပ်ကလေးကောင်းတဲ့နေရာမှာ ထိုင်ပြီးတော့ ဆွမ်းဘုဉ်းပေးတာ၊ အဲဒါတွေကို နောက်က မလှမ်းမကမ်း နောက်ယောင်ခံလိုက်သွားတဲ့ တမန်တစ်ယောက်က ဘုရင်ကြီးဆီသွားပြီး သံတော်ဦးတင်တယ်။

အဲဒီ သူတော်စင်ဟာ ပဏ္ဍဝတောင်ခြေမှာရှိပါတယ်ဆိုတာ တစ်ယောက်ကို အစောင့်ချထားခဲ့ပြီး ကျန်တဲ့ပုဂ္ဂိုလ်က ဘုရင်ကြီးဆီသွားပြောတာ၊ ဘုရင်ကြီးကချက်ချင်း အမြန်လိုက်လာတယ်၊ လိုက်လာပြီးတဲ့အခါမှာ သူကမြင်လိုက်တာနဲ့ ဘုရားအလောင်းကို ချစ်ခင်သွားတယ်၊ သူငယ်ချင်းလိုပဲ စိတ်ကထင်သွားတယ်၊ "အရှင်ဘုရား၊ ဘယ်ကလာတာတုန်း ဘယ်အရပ်သားတုန်း" မေးတယ်ပေါ့။ ဘယ်ဘာသာစကားနဲ့ပြောတယ်တော့ မသိဘူး။

http://www.dhammadownload.com

အဲဒီခေတ်က ဘာသာစကား ကျယ်ကျယ်ပြန့်ပြန့် ရှိကောင်း ရှိလိမ့်မယ်ပေါ့နော်။ ပါဠိဆင်ဆင် စကားလုံးတွေနဲ့ ပြောလိမ့်မယ်၊ ခုခေတ်လိုဆိုလို့ရှိရင် အင်္ဂလိပ်လိုပြောရမှာပေါ့နော်၊ ဟိုက နီပေါနိုင်ငံသား။ သို့သော် အဲဒီခေတ်တုန်းက နီပေါနိုင်ငံတို့ အိန္ဒြိယ နိုင်ငံတို့မရှိဘူး။ ဘုရားအလောင်းတော်က ကာသိတိုင်း ကောသလတိုင်းက၊ ဒီ ခုရောက်နေတာက မဂဓတိုင်း၊ ကောသလတိုင်းတို့ မဂဓတိုင်းတို့ ဆိုတာ ဆက်သွယ်နေတာပဲ၊ အဲဒီခေတ်က ကျယ်ပြန့်တဲ့ စကားလုံး ခုခေတ်လိုပဲ ဆက်သွယ်တဲ့ စကားလုံးတွေ ရှိကောင်းရှိလိမ့်မယ်ပေါ့နော်။ ဘုရားအလောင်းကိုတွေ့တဲ့အခါ ရုပ်ရည်က သပ္ပါယ်တော့ သာမန်အောက်တန်းစား အမျိုးကတော့မဟုတ်ဘူး။ မင်းမျိုးထဲက ဖြစ်လိမ့်မယ်ဆိုပြီးမေးတယ်။

"ဘာရည်ရွယ်ချက်နဲ့ ထွက်လာတာတုန်း၊ ဘယ်ကလာတာတုန်း" ပေါ့လေ မေးတဲ့အခါမှာ ဘုရားအလောင်းက ပြောတယ် "ဟောဒီမြောက်တည့့်တည့့် ဟိမဝန္တာတောင်ခြေက နိုင်ငံတစ်ခုကပါ" တဲ့။ ဟိမဝန္တာတောင်ခြေကနိုင်ငံဆိုတော့ ခုခေတ်ဆိုရင်တော့ နီပေါနိုင်ငံပေါ့။ "ကာသိကောသလတိုင်းရဲ့ ထိပ်တန်းအမျိုးထဲမှာ ထိပ်တန်းလူမျိုးထဲမှာ သူပါပါတယ်"ပေါ့။ ဒီကနေ မြောက်တည့့်တည့့် သွားလိုက်လို့ရှိရင် အဲဒီ ဟိမဝန္တာတောင်ခြေမှာနေတာ၊ အမျိုးအနွယ်အားဖြင့် ပြောမယ်လို့ဆိုရင် အာဒိစ္စ နေမျိုး၊ လူမျိုးနဲ့အနွယ်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် သာကိယ သာကီဝင်မင်းမျိုးပါ၊ ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာတယ်၊ အဲဒီ မင်းမျိုးကနေပြီးတော့ သူသက်နဲ့ဝတ်လာပါတယ်၊ ကာမဂုဏ်အာရုံတွေကို လုံးဝစိတ်မဝင်စားပါဘူး။

http://www.dhammadownload.com

ဗိမ္မိသာရမင်းကြီးက ဖိတ်တယ်။ သူနဲ့တူတူနေပါ၊ နန်းစည်းစိမ် တစ်ဝက်ခွဲပေးပါ့မယ်။ တူတူမင်းပြုကြရအောင်လို့ခေါ်တယ်။ လူမြင် တာနဲ့ခင်ပြီး ခေါ်တာနော်၊ အဲဒီမှာ ဘုရားအလောင်းက "ကာမဂုဏ် အာရုံတွေကို သူ မလိုချင်လို့ စွန့်လာတာပါ စိတ်မဝင်စားပါဘူး"လို့ ဒီလိုငြင်းပယ်လိုက်တယ်၊ အဲဒါက ပဗ္ဗဇ္ဇာသုတ်မှာပါတဲ့စကားပေါ့နော်။

အဲဒီမှာ ဘုရားလောင်းက ပဏ္ဍဝတောင်ကနေပြီး ခရီးဆက် သွားတယ်၊ ရာဇဂြိုဟ်ပြည်မှာ ဘယ်သူ့ဆီသွားတုန်းဆိုတော့ အဲဒီခေတ် က သမထကျင့်စဉ်နဲ့ပတ်သက်ပြီး နာမည်ကြီးတဲ့ဆရာကြီးတွေရှိတယ်။ တစ်ဦးက အာဠာရကာလာမလို့ခေါ်တယ်၊ ကာလာမဆိုတာ သူ့ရဲ့အမျိုး အနွယ်ပေါ့၊ အာဠာရဆိုတာ နာမည်၊ အဲဒီ အာဠာရ ကာလာမဆိုတဲ့ ဆရာကြီးဆီကို ချဉ်းကပ်ပြီး ဘာပြောတုန်းဆိုတော့ "အရှင်ဆရာကြီးရဲ့ ဆုံးမဩဝါဒ သာသနာမှာ သူဝင်ရောက်ပြီးတော့ တရားကို သင်ယူချင် ပါတယ်"လို့ဆိုတော့ "လာပါ လာပါ သင်ပေးပါ့မယ်"လို့ဆိုပြီးတော့ ဖိတ်ခေါ်တယ်။

သင်လိုက်တာ မကြာဘူးတဲ့၊ ကျင့်စဉ်တွေ ကျမ်းစာတွေ နှုတ် တက် အကုန်ရသွားတယ်။ ကျမ်းစာတစ်ခု ကုန်သွားလို့ရှိရင် စာတတ် ပြီ။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီခေတ်က သင်တယ်ဆိုတာ စာအုပ်နဲ့ သင်တာမဟုတ်ဘူး နှုတ်တိုက်ချပေးတာ၊ ခုမိဘတွေက ဓမ္မစကြာ သင်ပေးတာတို့ ပရိတ်ကြီးသင်ပေးတာတို့ နမောတဿတို့ သမ္မုဒ္ဓေတို့ ချပေးတာမျိုးလိုပေါ့။ နှုတ်တိုက်သင်လိုက်တာ မှတ်ဉာဏ်ကလည်း ကောင်းတော့ ခဏပဲ အာဠာရကာလာမရဲ့ အဆုံးအမသြဝါဒ တရား ကျမ်းစာတွေ နှုတ်တက်ရသွားတယ်။

http://www.dhammadownload.com

ဘုရားအလောင်းက စဉ်းစားတယ်၊ စာထဲမှာ ဆိုထားတာ ကြည့်ပြီးတော့ ဒါစာထဲပါတဲ့ အပြောသက်သက်တော့ မဟုတ်လောက်ဘူး၊ လက်တွေ့လုပ်လို့ ရလောက်တယ်ပေါ့၊ လက်တွေ့လုပ်လို့ ရလောက်တယ်ဆိုပြီး ဆရာကြီးထံချဉ်းကပ်ပြီးမေးတယ်။

"ဒီသာသနာရဲ့အမြင့်ဆုံးပန်းတိုင်က ဘာလဲ" လို့ဆိုတော့ အာဠာရကာလာမက ဖြေလိုက်တယ်၊ "အာကိဉ္စညာယတနဈာန်ဟာ သူတို့မှာ အမြင့်ဆုံးအဆင့်ပဲ"၊ သူကိုယ်တိုင်လည်း အဲဒီဈာန်ကို ရထားတယ်၊ ရူပဈာန်က ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ဆိုပြီး (၄)ခု၊ အရူပဈာန်က အာကာသာနဉ္စာယတနဈာန်, ဝိညာဏနဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်, အရူပဈာန် (၄)ခု၊ သူက တတိယအဆင့်ကို ရောက်တယ်။

ဘုရားအလောင်းက စဉ်းစားတယ်၊ ကြည့်နော်၊ ကိုယ့်ရဲ့ အရည်အသွေးတွေကို အသုံးချဖို့ အင်မတန်မှအရေးကြီးတယ်၊ သူ စဉ်းစားပုံလေးက အာဠာရကာလာမမှာသာ ယုံကြည်ချက်သဒ္ဓါရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း ယုံကြည်ချက်ရှိတယ်၊ အာဠာရကာလာမမှာသာ လုံ့လဝီရိယရှိတာမဟုတ်ဘူး၊ ငါ့မှာလည်း လုံ့လဝီရိယရှိတယ်၊ သူမှာသာ စွဲမြဲတဲ့သတိရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း စွဲမြဲတဲ့သတိရှိတယ်။ သူမှာသာ စိတ်တည်ငြိမ်မှု သမာဓိရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း ရှိတယ်။ သူ့မှာသာ အသိပညာရှိတာမဟုတ်ဘူး၊ ငါမှာလည်းရှိတယ်။ သူရတဲ့တရား ငါဘာလို့ မရရမှာလဲ၊ ရအောင်လုပ်မယ်ဆိုပြီး ကြိုးစားတယ်။

လမ်းစဉ်အတိုင်း မရမနေ လုပ်မယ်လို့ဆို ကြိုးစားလိုက်တာ မကြာခင်ပဲ အဲဒီ အာကိဉ္စညာယတနဈာန်ကိုရသွားတယ်။ ရသွားတဲ့

http://www.dhammadownload.com

အခါ ဆရာကြီးဆီ ချဉ်းကပ်ပြီး "ဒီဈာန်အဆင့်ဟာ ဒါပဲလား"လို့ဆို တော့ ဆရာကြီးက "ဟာ ဟုတ်တယ် တို့က ဒါပဲ ဒါပဲ"။ အဲဒီခေတ်က သူတို့က စိတ်ကောင်းသိပ်ရှိကြတယ်။ ငါရတဲ့အဆင့်ကို ဒီ နောက်မှ လာတဲ့ ဟို လူငယ်တစ်ယောက်က ရတယ်ဆိုတာ မနာလိုမဖြစ်ဘူး။ ရတဲ့ဈာန်ကိုပြောတော့ "အေး ဟုတ်တယ်၊ ငါရတဲ့တရား မင်းရတာပဲ၊ မင်းရတဲ့တရား ငါရတာပဲ၊ မင်းနဲ့ငါနဲ့ အဆင့်အတန်း အတူတူပဲ၊ ဘာမှ မထူးဘူး၊ မင်းနဲ့ငါဟာ တန်းတူပဲ၊ တို့(၂)ယောက် တို့ရဲ့ ဒီသာသနာ တော်ကြီးကို ကြီးပွားအောင် တို့ရဲ့တပည့်တွေကို ဦးဆောင်ကြရ အောင်လို့" သူ့ကို ဖိတ်ခေါ်တယ်၊ ခုခေတ် လူတွေဆို မနာလို ဖြစ်ချင် ဖြစ်မယ်နော်၊ သူနဲ့အတူတူလုပ်ပါလို့ ဖိတ်ခေါ်တယ်၊ အဆင့်အတန်း တူတူထားတယ်၊ ပြီးတော့ ပူဇော်တယ်။

အဲဒီတော့ ဘုရားအလောင်းက စဉ်းစားလိုက်တယ် "အာကိဉ္စ ညာယတနဈာန်ဆိုတာ ငြဟ္မာ့ပြည်မှာပဲ လမ်းဆုံးမှာပဲ၊ ငါရှာချင်တဲ့ အနုတ္တရသန္တိဝရပဒ မဟုတ်ဘူး။ လုံးဝ ငြိမ်းချမ်းတဲ့ အနေအထားမျိုး မရောက်ဘူး"ဆိုပြီးတော့ အဲဒီမှာ ဆက်မနေတော့ဘဲနဲ့ ခရီးဆက်ထွက် သွားပြန်တယ်။ ဘယ်သွားတုန်းဆိုတော့ နောက်ထပ်ဆရာကြီး တစ်ဦး ဆီသွားတယ်။ ဥဒကရာမပုတ္တတဲ့၊ အဲဒီမှာ ရာမဆရာကြီးကတော့ အဲဒီ အချိန်မှာ မရှိတော့ဘူး၊ ရောက်သွားတဲ့အခါကျတော့ ခုနကလို ဒီ သာသနာမှာ သူဝင်ပြီးတော့ မြတ်သောအကျင့်, ကျင့်ပါရစေဆိုတော့ ဟိုက လာပါ လာပါလို့ ဖိတ်ခေါ်တယ်။ သူ့ဆီက စာသင်လိုက်တယ်၊ မကြာခင်ပဲ တတ်သွားတယ်၊ တတ်သွားပြီး နှေးတုန်းက စဉ်းစားသလိုပဲ စဉ်းစားတယ်၊ ဒါ စာအဆိုသာ မဟုတ်လောက်ဘူး။ လက်တွေ့ကျင့်လို့ ရလိမ့်မယ်။

http://www.dhammadownload.com

"ရာမဆရာကြီးက ဘယ်အဆင့်ရောက်တုန်း" ရာမဆရာကြီးက နေဝသညာနာသညာယတန အဆင့်ထိ ရောက်တယ်၊ "ရာမဆရာကြီးတောင်ရောက်သေးတာ ငါဘာလို့မရောက်ရမှာလဲ၊ သူလည်း သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဆိုတဲ့ စွမ်းအားတွေကို အသုံးပြုတာပဲ၊ ငါ့မှာလည်းပဲ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဆိုတဲ့ စွမ်းအားတွေရှိတာပဲ၊ ငါလည်းရရမယ်"ဆိုပြီးတော့ သူလမ်းစဉ်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံးလိုက်တာ မကြာခင်ပဲ နေဝသညာနာသညာယတနအဆင့် ရောက်သွားတယ်။ အဲဒီလိုလည်းရောက်ရော ဥဒကကိုသွားပြောတယ်။ "ရာမဆရာကြီးရောက်တဲ့အဆင့်က ဒီအဆင့်လား"လို့ဆိုတော့ "ဟာ ဟုတ်တယ်၊ အံ့သြသွားတယ်၊ သူတောင် မရောက်သေးဘူး။ အဲ့ဒီအချိန် ဥဒကတောင် မရောက်သေးဘူး၊ အဲ့တော့ ဘယ်လိုပြောတုန်းဆိုလို့ရှိရင် "သြော် ရာမဆရာကြီးသိတဲ့တရားကို အရှင်က သိတာပဲ၊ ရာမဆရာကြီးနဲ့ အရှင်နဲ့အတူတူပဲ။

ဒါကြောင့်မို့လို့ အရှင်က ဒီဂိုဏ်းကြီးကို ခေါင်းဆောင်ပါ၊ ဆရာအနေနဲ့နေပါလို့ ဖိတ်ခေါ်ပါတယ်" တပည့်ကိုဆရာတင်တာနော်၊ အဲဒီအခါမှာလည်းပဲ ဘုရားအလောင်းက ဒီ နေဝသညာနာသညာယတနဆိုတာ လမ်းဆုံးမဟုတ်သေးဘူး၊ ပြဟ္မာ့ပြည်မှာပဲ အဆုံးသတ်ဦးမယ်၊ ငါရှာချင်တဲ့ သန္တိဝရဆိုတာ မဟုတ်သေးဘူးဆိုပြီးတော့ အဲဒီမှာ ဆက်မနေတော့ဘူး၊ ဘယ်သွားတုန်းဆိုတော့ အခု ဗုဒ္ဓဂယာအနီး နေရဉ္ဇရာ မြစ်ကမ်းနားကိုသွားတယ်။

ကနေ့ခေတ် နေရဉ္ဇရာကတော့ သဲသောင်ပြင်ကြီးပဲ ရှိတော့တယ်၊ ညစ်လည်းညစ်ပတ်တယ်။ အဲဒီခေတ်တုန်းက နေရဉ္ဇရာဆိုတာ ရေလေးက ကြည်စိမ်းနေတာပဲ၊ ဒါကြောင့်မို့လို့ ရေမှာအညစ်အကြေး

http://www.dhammadownload.com

မရှိလို့ နေရွှေရာလို့ခေါ်တာ၊ **နိရဇလ**- ရေမှာ လုံးဝ အညစ်အကြေး မရှိဘူး၊ အညစ်အကြေးကင်းစင်တယ်၊ ကြည်စိမ်းနေတာလို့ ဆိုလို တာပေါ့။ ရေလေးက အင်မတန်မှ ကြည်ပြီးတော့ စီးနေတယ်။

အဲဒီမြစ်ကမ်းနားလေး ရောက်တဲ့အခါ ဘုရားအလောင်းက အေး ပဓာနအလုပ်ကို အားထုတ်ရမယ်၊ တရားထူးတရားမြတ်ရှာတယ် ဆိုတာ တရားကျင့်ရမယ်၊ "ဒီနေရာလေးဟာ တရားကျင့်ဖို့ အလွန် ကောင်းတာပေါ့၊ ရေလေးလည်းရှိတယ်၊ မြစ်ကမ်းလေးကလည်း သာယာတယ်၊ အနီးအနားမှာလည်းပဲ ဆွမ်းခံရွာလေးရှိတယ်"၊ ဒီနေရာ လေးကိုသူရွေးချယ်လိုက်တယ်။ အဲဒီလိုရွေးချယ်ပြီးတော့ ဒုက္ကရစရိယာ ကျင့်နိုင်ခဲတဲ့အကျင့်တွေကို အဲဒီမှာ ကျင့်တယ်၊ အဲဒီ ဒုက္ကရစရိယာ ကျင့်ပုံလေးကို မဟာသစ္စကသုတ်မှာတို့ ပါသရာသိသုတ်တို့မှာ ရေးထားတယ်။

ဘုရားအလောင်းက ဘယ်လိုစိတ်ကူးတာတုန်း ဆိုလို့ရှိရင် သူစိတ်ကူးလိုက်တာက သူဥာဏ်ထဲမှာ ဥပမာလေး(၃)ခု ပေါ်လာတယ် တဲ့၊ ရွှေခေတ်တုန်းက မီးရဖို့ ဆိုလို့ရှိရင် သစ်သားချောင်း(၂)ချောင်းကို ပွတ်ရတယ်၊ မီးပွတ်ခုံနဲ့ ပွတ်ကျည်လို့ ခေါ်တယ်။ အသားမာ (၂)ခုကို ကပ်ပြီးတော့ ပွတ်တာ၊ ပွတ်တဲ့အခါကျတော့ ပူပြီးတော့ အဲဒီမှာ မီးတောက်လာတာနော်၊ ရွှေခေတ်က အဲဒါ မီးခြစ်တွေ ဘာတွေ မရှိဘူး။ မီးခြစ်တွေမရှိတော့ အဲတော့ သစ်သား အမာ(၂)ချောင်းကို ပွတ်တယ်၊ တောတွေဘာတွေ တစ်ခါတစ်ရံ မီးလောင်တယ်ဆိုတာ သစ်ကိုင်းတွေက တစ်ကိုင်းနဲ့တစ်ကိုင်းပွတ်တာ၊ လေကတိုးတဲ့အခါကျ တော့ သစ်ကိုင်းတွေက တစ်ခုနဲ့တစ်ခုပွတ်လို့ရှိရင် မီးလောင်တယ်။ ဟို သခွတ်ပင်က မီးတကျည်ကျည်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊

http://www.dhammadownload.com

အဲ သခွတ်ပင်က အဲ့ဒီအကိုင်းတွေက တစ်ခုနဲ့တစ်ခု ပွတ်တဲ့အခါ ကျတော့ ပူပြီးတော့ မီးတောက်တတ်တယ်၊ တောတွေ မီးလောင်တာတွေ ဘာတွေ တစ်ခါတစ်ခါဖြစ်တယ်ပေါ့။

ဘုရားအလောင်းက စဉ်းစားတာပေါ့၊ သူဉာဏ်ထဲမှာပေါ်လာတယ်တဲ့၊ ဆိုပါစို့- သစ်သားခြောင်းတစ်ချောင်းဟာ စိုလည်းစိုတယ် ရေထဲလည်းချထားမယ်။ နောက်တစ်ချောင်းကတော့ စိုတော့စိုတယ် ရေထဲတော့ ချမထားဘူး၊ ကုန်းပေါ်ထားတယ်။ နောက်တစ်ချောင်းကတော့ ခြောက်ပြီးတော့ ရေထဲချမထားဘူး၊ ကုန်းပေါ်မှာထားတယ်၊ သစ်သား(၃)ချောင်းရှိတယ်နော်၊ အဲဒီမှာ ပထမသစ်သားက စိုလည်းစိုတယ်၊ ရေထဲလည်းထားတယ်ဆိုရင် အဲဒီ သစ်သားနဲ့ပွတ်လို့ မီးရနိုင်ပါ့မလား မရနိုင်ဘူး၊ ဘယ်လိုပွတ်ပွတ် မီးထွက်မှာ မဟုတ်ဘူးတဲ့၊ ဟုတ်ကဲ့လား၊ မီးမထွက်နိုင်ဘူး။ အဲဒီလိုပဲ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ စိတ်ဟာ ကာမဂုဏ်အာရုံတွေထဲမှာနေတယ်၊ ကာမဂုဏ်အာရုံနဲ့နေတာဟာ ရေထဲချထားတာနဲ့အတူတူပဲ၊ စိတ်က ကာမဂုဏ်အာရုံတွေထဲမှာ နစ်မြုပ်နေတာဟာ အဲဒါ စိုနေတာနဲ့ အတူတူပဲ၊ အဲလို ကာမဂုဏ်စိတ်တွေနဲ့နေပြီး ကာမဂုဏ်အာရုံထဲမှာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှာ ဘယ်လိုမှ အသိဉာဏ်စွမ်းမဖြစ်ဘူးတဲ့။

နောက် ဒုတိယ သစ်သားနဲ့တူတဲ့ပုဂ္ဂိုလ်က စိတ်ကတော့ ကာမဂုဏ်အာရုံထဲတော့ရှိတယ်၊ သို့သော် ကာမဂုဏ်အာရုံကနေ ထွက်ခွာလာတယ်၊ သစ်သားလေးက စိုတော့စိုတယ်၊ ဒါပေမယ့် ကုန်းပေါ်မှာထားတယ်၊ ရေထဲမှာမဟုတ်ဘူး။ အဲဒါလည်းပဲ စိုနေသည့် အတွက်ကြောင့် မီးဖြစ်ဖို့ရန် မလွယ်ဘူး။

http://www.dhammadownload.com

နောက်ဆုံး တတိယ သစ်သားချောင်းလေးကျတော့ ခြောက်နေတယ်၊ ရေနဲ့လည်းဝေးဝေးထားတယ်ဆိုတော့ အဲဒါကျတော့ ပွတ်ရင် မီးဖြစ်တာပေါ့။ အဲဒီတော့ ဘုရားအလောင်းက စဉ်းစားတယ်။ ကာမဂုဏ် အာရုံတွေ မစွန့်ခွာဘဲ၊ ကာမဂုဏ်အာရုံစိတ်တွေကို မဖယ်ရှားဘဲနဲ့ ထူးခြားတဲ့အသိဉာဏ်ဆိုတာ မရနိုင်ဘူးတဲ့၊ သူ့စိတ်ထဲမှာ ဒီဥပမာလေး ပေါ်လာတယ်ပေါ့။

ဒါ ဘယ်လောက်ခဲယဉ်းတယ်ဆိုတာ စဉ်းစားကြည့်၊ အခုက ဘုရားဟောထားလို့ သမထဆိုတာ ဘယ်လိုကျင့်ရမယ်၊ ဝိပဿနာဆိုတာ ဘယ်လိုကျင့်ရမယ် သိနေကြတာပေါ့။ ကျင့်စဉ်တွေကရှိနေတယ်၊ ဘုရားအလောင်းမှာ စမ်းပြီးတော့ ကျင့်ရတာနော်၊ လမ်းစတွေ့ဖို့ ဘယ်လောက် ခဲယဉ်းတယ်ဆိုတာ အဲဒီမှာ အဲဒီ ဥပမာကြည့်ပြီးတော့ ထိုသစ်သားချောင်းက မီးဖြစ်အောင်ပွတ်သလို ငါလည်းပဲ အသိဉာဏ်တွေရအောင် ကြိုးစားမယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ သူ စဉ်းစားရင်း ဘာစကျင့်တုန်းဆိုတော့ အသက်ကိုအောင့်ထားတဲ့ အကျင့်ကို အရင်စကျင့်တယ်၊ အပွါးကာကစျာနလို့ ဆိုတယ်။ အသက်မရှူဘဲနဲ့နေတယ်။ အသက်ကို အောင့်ထားတဲ့အကျင့်၊ အဲလို အသက်ကို အောင့်လိုက်တဲ့အခါ ဘာဖြစ်တုန်းဆို နားကနေ လေတွေထွက်လာတယ်၊ နှာခေါင်းကိုပိတ်ပြီး နှာခေါင်းက လေမထွက်အောင် တားဆီးလိုက်တဲ့အခါ နားကလေတွေထွက်လာတယ်၊ အို တော်တော်ခံရခက်တယ်။

အဲဒီ နားကလေတွေ ထွက်တာလည်း ပိတ်လိုက်ဦးမယ်ဆိုပြီး ပိတ်လိုက်တဲ့အခါကျတော့ နှာခေါင်းကရော နားကရော ပါးစပ်ကရော လေတွေအကုန် ပိတ်လိုက်တဲ့အခါကျတော့ ခေါင်းတွေတအားခဲ

http://www.dhammadownload.com

လာတယ်၊ ခေါင်းခဲရုံတင် မကဘူး နောက်ဆုံးမှာ ဗိုက်ထဲမှာလည်း လေတွေ တကုပ်ကုပ်နဲ့ ဗိုက်တွေလည်းနာလာတယ်၊ အင်မတန် ဆင်းရဲဒုက္ခ ရောက်တယ်၊ အဲဒါကို ဒုက္ကရစရိယာ အကျင့်လို့ ပြောတာနော်၊ အဲဒီလို လေကိုချုပ်တည်းတဲ့အကျင့်၊ အပ္ပါဏာက အကျင့်ကိုကျင့်တယ်၊ လမ်းဆုံးအောင် ကျင့်ပြီးသွားသော်လည်းပဲ တရားထူးတရားမြတ် သူမှာ ရမလာဘူး။ အဲဒီလိုကျင့်ရလို့ စိတ်ပျက်သွားတယ်လို့မရှိဘူး။ သတိတွေလည်း ကောင်းတယ်၊ ဝီရိယတွေလည်းကောင်းတယ်။ ကြိုးစားနေတာပဲ။ သို့သော် တရားထူးတရားမြတ် အသိဉာဏ်ထူးတော့ ပေါ်မလာဘူးတဲ့။

အဲဒါနဲ့ ဒီဃက် ငါထပ်ပြီးတော့ ခန္ဓာကိုယ်ကို ညှင်းဆဲပြီးတော့ ကြည့်လိုက်ဦးမယ်၊ လူ့ရဲ့ခန္ဓာကိုယ် နာနာဒုက္ခရောက်အောင်လုပ်မှ ခုနက အာခေါင်ကို အံကြိတ်ပြီးတော့ လေတွေကိုချုပ်တဲ့အကျင့် အပ္ပါဏာက အကျင့်ကိုကျင့်တာ၊ အံကြိတ်ပြီးတော့ကျင့်တာ၊ နောက် အဲဒီအကျင့်ပြီးတဲ့အခါ နောက်အကျင့်တစ်ခု ဘာကျင့်တုန်းဆိုရင် အစာမစားဘဲနေမယ်ဆိုတဲ့အကျင့်ကို ကျင့်တာ၊ အဲဒီလိုအစာမစားဘဲနေမယ်ဆိုတဲ့အကျင့်ကို ကျင့်တဲ့အခါကျတော့ နတ်တွေက နတ်ဩဇာကို ထည့်မယ်လို့ပြောတော့ ဘုရားအလောင်းက လက်မခံဘူး။

သို့သော် အစာဖြတ်တဲ့ အကျင့်အစား အစာလျော့စားတဲ့အကျင့်ကို ကျင့်လိုက်တယ်၊ တစ်နေ့မှ နည်းနည်းလေး ပဲပြုတ်ရည်လေး နည်းနည်းလေးသောက်တဲ့အကျင့်ကို အဲဒီလိုအစာတွေကိုလျော့စားလိုက်တဲ့အခါကျတော့ ဘာဖြစ်သွားတုန်းဆိုရင် လူဟာ တဖြည်းဖြည်း ပိန်ကျလာလိုက်တာ မျက်လုံးကြီးက အတွင်းထဲဝင်သွားသတဲ့၊ ဘာနဲ့တူတုန်းဆိုလို့ရှိရင် ရေနက်တဲ့ ရေတွင်းလိုပဲ၊ ရေတွင်းကိုကြည့်

http://www.dhammadownload.com

လိုက်ရင် ရေကဟို့အထဲမှာရှိတယ်၊ မျက်လုံးကြောင်ကြောင်လေးက လည်း အတွင်းထဲရောက်သွားတယ်၊ ဟောက်ပက်ကလေးဖြစ်သွားတယ်၊ နောက် ခန္ဓာကိုယ်ကလည်း ပိန်လိုက်တာ ဝိုက်ကိုင်လိုက်လို့ ရှိရင် ကျောရိုးထိနေသတဲ့နော်၊ အဲ ဒုက္ကရစရိယာကျင့်တဲ့ပုံကြီး တွေ့ဖူး ပါလိမ့်မယ်။

နောက်ဆုံး ဘယ်လောက်ထိအောင် ဆိုးရွားလာသလဲဆိုတော့ အသားအရောင်တွေကလည်း မဲခြောက်ခြောက်ဖြစ်လာပြီးတော့ လက်ကို ကိုင်ပြီးတော့ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်လက်နဲ့ ပွတ်လိုက်တာနဲ့ တပြိုင်နက် အမွေးလေးတွေ ကျွတ်ကုန်တယ်နော်၊ အာဟာရဓာတ် မပြည့်စုံသည့်အတွက်ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတယ်၊ အစာ အာဟာရ မပြည့်စုံလို့ နေရာကထလိုက်လို့ရှိရင် မှောက်ရက်ကြီးထိုးပြီး တော့ လဲသွားတယ်၊ အဲ့ဒီလောက်ထိအောင် ဒုက္ခရောက်တယ်။

အဲဒီလို လဲသွားတဲ့အခါကျတော့ နတ်တွေကပြောကြတယ်၊ ဟာ- ဒါ သမာပတ်ဝင်စားတာ၊ ဒါ တရားထူးတရားမြတ် ရသွားပြီနဲ့ ပြောတဲ့ပုဂ္ဂိုလ်ကပြောတယ်၊ တစ်ချို့ကလည်း မဟုတ်ဘူး၊ သေသွားပြီလို့ပြောတဲ့ပုဂ္ဂိုလ်ကလည်းပြောတယ်။ သို့သော် ဘုရားအလောင်းလေးက အားမရှိလို့ မှောက်ရက်လဲကျသွားတာနော်၊ စိတ်က တစ်စက်မှ မလျော့ဘူး၊ အဲဒီလောက်ဖြစ်နေတာ အရေးကြီးတာက စိတ်ဓာတ်ပဲနော်၊ သူလုပ်တဲ့အလုပ်ကို လမ်းဆုံးအောင်လုပ်တယ်၊ တစ်စက်မှ စိတ်လျော့တဲ့စိတ် မရှိဘူး။

အဲဒီအချိန်မှာ သူ့နားမှာ ဘယ်သူတွေအနီးအပါးမှာရှိနေတုန်းဆိုတော့ ပဉ္စဝဂ္ဂီ (၅)ဦး ရှိနေတယ်။ ပဉ္စဝဂ္ဂီ (၅)ဦးဆိုတာ တခြားဟာတွေမဟုတ်ဘူး၊ ဒီဘုရားအလောင်းလေး မွေးဖွားလာတဲ့ အခါမှာ

http://www.dhammadownload.com

(၅)ရက်မြောက်မှာ ပုဏ္ဏားတော်(၈)ဦးကို ဖိတ်ခေါ်ပြီးတော့ မင်းသားလေးရဲ့ ကြန်အင်လက္ခဏာကိုဖတ်ခိုင်းတာလေ၊ အမည်ပေးဖို့ ဖတ်ခိုင်းတဲ့ထဲမယ် အဲဒီပုဏ္ဏား (၈)ယောက်၊ ပုဏ္ဏား (၈)ယောက်က အကြီးဆုံးသူက ဘယ်သူတုန်းလို့ဆိုရင် **ရာမ** လို့ခေါ်တယ်၊ ဒုတိယလူက **ဓဇ** လိုခေါ်တယ်၊ တတိယလူက **လက္ခဏ** တဲ့ စတုတ္ထက **မန္တီ**တဲ့ ပဉ္စမက **ကောဏ္ဍည**တဲ့နော်၊ ဆဋ္ဌမက **ဘောဇ** သတ္တမက **သုယာမ**တဲ့ (၈)ယောက်မြောက်ကျတော့ **သုဒတ္တ** တဲ့၊ ပုဏ္ဏား (၈)ယောက်ရဲ့ နာမည်။ အဲတော့ ပုဏ္ဏားတွေဆိုတော့ စဉ်းစားပြီးတော့ ကြည့်လိုက်ပေါ့။ ဘုရားအလောင်းက မွေးဖွားပြီးလို့ (၅)ရက်ပဲရှိသေးတယ်၊ ပုဏ္ဏား တွေက ဗေဒင်ဟောနိုင်တဲ့ အဆင့်ဖြစ်ပြီးလို့ ဘုရင်ရဲ့အကြံပေးတွေ ဖြစ်နေပြီဆိုတော့ သူတို့အရွယ်ကို နည်းနည်းစဉ်းစား ကြည့်လိုက်မယ် ဆိုရင် သူတို့ဟာအသက် (၅၀)ပတ်ဝန်းကျင်တွေတော့ ရှိနေလောက်ပြီ ပေါ့နော်၊ ဒီထက်ကြီးဖို့ရှိတယ် ဒီထက်ငယ်ဖို့မရှိဘူး။

ဘာဖြစ်လို့တုန်းဆိုရင် ပုဏ္ဏားတွေက ပညာသင်တာ (၄၈)နှစ် ထိအောင် ပညာသင်ရတာ၊ (၄၈)နှစ်အိမ်ထောင်မပြုရဘူး။ သင်ပြီး တာနဲ့ တပြိုင်နက် အဲဒီကျမှ အိမ်ထောင်ပြုချင်ပြု၊ မပြုချင်လို့ရှိရင် တောထွက် ရဟန်းခံ၊ ဒါ သူတို့ရဲ့ကျင့်စဉ်ပဲပေါ့၊ သူတို့က အဲဒီလို လုပ်ထားတာ သူတို့ရဲ့ဓလေ့ထုံးတမ်းစဉ်လာပေါ့။

အဲတော့ ဒီပုဏ္ဏားတွေက သူတို့ အသက်(၅၀)ဝန်းကျင်တွေ ရှိလောက်ပြီပေါ့၊ အဲဒီထဲမယ် ပုဏ္ဏား(၅)ယောက်က လက်တစ်ချောင်း ထဲပဲထောင်တယ်၊ ဘုရားပဲဖြစ်မယ်၊ ကျန်တဲ့ ပုဏ္ဏားတွေကတော့ အေး-ဘုရားရင်လည်းဖြစ်မယ်၊ စကြာမင်းရင်လည်းဖြစ်မယ်လို့ နှစ်ခွဟောကြ တယ်။ အဲဒီ (၅)ယောက်ထဲမှာ ပါဝင်တဲ့ ကောဏ္ဍည တစ်ယောက်ပဲ

http://www.dhammadownload.com

အသက်ရှင်ကျန်ရစ်ပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေက သေဆုံးသွားကြတယ်လို့ ဗုဒ္ဓဝင်အဋ္ဌကထာမှာ အဲဒီလိုဆိုတယ်။

တချို့ကလည်း မဟုတ်ဘူး။ အငယ် (၅)ယောက်ကျန်တယ်ပေါ့။ အဲဒီအငယ်(၅)ယောက် အဲဒီတော့ ဒီစာအရ အငယ်(၅)ယောက်ဆိုတော့ ပဉ္စဝဂ္ဂီ (၅)ပါးရဲ့ နာမည်က ကောဏ္ဍည တစ်ပါးပဲပါတယ်၊ ကျန်တာတွေကတော့ ဝပ္ပတို့ မဟာနာမ အဿဇိ ဒီနာမည်ထဲမှာ မပါဘူး။ မပါသည့်အတွက်ကြောင့် ဒီပုဏ္ဏားပေဒင်ဟောတဲ့ ပုဏ္ဏားတွေထဲမှာ ကောဏ္ဍည တစ်ယောက်ပဲ အသက်ရှင်ကျန်ပြီး ကျန်တဲ့လူတွေက သေသွားကြတယ်၊ (၇)ယောက်က သေသွားတယ်၊ ဒါက ပိုယုတ္တိရှိတယ်ပေါ့နော်၊ ဘုရားလောင်းတောထွက်တဲ့အခါမှာ သေသွားပြီ၊ သို့သော် သူတို့ရဲ့သားတွေကို ပြောထားခဲ့တယ်၊ ပြောထားခဲ့လို့ သူတို့ရဲ့သားတွေက ဝပ္ပတို့ ဘဒ္ဒိယတို့ မဟာနာမတို့ အဿဇိတို့ဟာ ကောဏ္ဍညနဲ့ အတူလိုက်ပြီးတော့ တောထွက်လာခဲ့ကြတာ။ ဘုရားအလောင်း တောမထွက်ခင်တည်းက သူတို့က ကြိုတင်ပြီးတော့ အဲဒီဒေသကို ရောက်နှင့်နေကြပြီ။ ဘုရားအလောင်း မရောက်ခင်က ကြိုတင်ပြီး တောထွက်တယ်လို့ဆိုပေမယ့် တခြားဗုဒ္ဓဝင်တွေကို ကြည့်မယ်ဆိုရင် ဘုရားအလောင်း သက်နှံးဝတ်သွားတာကို နောက်ကနေလိုက်ပြီး သက်နှံးဝတ်ကြတယ်လို့ဆိုတယ်။ တောထွက်ပြီးတော့မှ နောက်မှလိုက်ဝတ်တယ်ဆိုတာ ပိုသဘာဝကျတယ်ပေါ့။

အဲတော့ သူတို့ကလည်းပဲ ဗုဒ္ဓဂယာပတ်ဝန်းကျင်မှာ ဘုရားအလောင်းကို အကူအညီပေးရင်းကနေ တရားအားထုတ်တယ်၊ သူတို့လည်းပဲ စောင့်ပြီးတော့ ကြည့်ကြတယ်ပေါ့လေ၊ တရားကျင့်တာကို ကူညီတဲ့အနေနဲ့ ဘေးကနေပြီး စောင့်ကြည့်နေကြတယ်။ ဘုရား

http://www.dhammadownload.com

အလောင်းဟာ မှောက်ရက်လဲသွားပြီးတော့ အားတွေပြတ်ခါနီးမှာ သူ စဉ်းစားတယ်၊ ခေါင်းထဲမှာ ဘာဝင်လာလဲဆို ငါဒီလောက်လုပ်တာ တောင်မှ အသိဉာဏ်က ထူးခြားတဲ့အသိဉာဏ်တစ်ခုမှ ရမလာဘူး။

အဲဒီတော့ ထူးခြားတဲ့ အသိဉာဏ်ရဖို့ရာက ဒီလမ်းမဟုတ် လောက်တော့ဘူး၊ သူလျှောက်တဲ့လမ်းဆုံးနေပြီလေ၊ အစာဖြတ်ပြီး တော့ ကျင့်တဲ့အကျင့်က ကုန်နေပြီ၊ ဒုက္ကရစရိယာ ပင်ပန်းတဲ့အကျင့် ကျင့်တာ ကုန်နေပြီ၊ ဒီလမ်းနဲ့တော့ တရားထူးတရားမြတ် မရဘူး။ ခန္ဓာကိုယ်ကို ငဲ့လောက် ညှဉ်းပမ်းတာမရှိဘူး၊ အဲ့လောက် ညှဉ်းပမ်းရုံနဲ့ တော့ တရားထူးတရားမြတ်မရနိုင်ဘူး၊ တခြားနည်းလမ်း ဖြစ်နိုင်တယ် လို့တွေးတယ်။

ခေါင်းထဲမှာ ဘာဝင်လာတုန်းဆိုတော့ ငယ်ငယ်လေးတုန်းက ခမည်းတော်မင်းတရား လယ်ထွန်မင်္ဂလာပြုတဲ့ အချိန်လေးမှာ သပြေပင်အောက်မှာ ထွက်လေဝင်လေလေးပေါ်မှာ အာရုံစိုက်ရင်း ကနေပြီးတော့ ပထမဈာန်ရခဲ့ဖူးတယ်။ သမာဓိစွမ်းအားလေးတစ်ခု ရခဲ့ဖူးတယ်ပေါ့။ ဒါတွေက ဒီအရွယ်ကလေးနဲ့ ဖြစ်နိုင်ပါ့မလားလို့ ဘုရားအလောင်းက လေ့ကျင့်ခဲ့တာတွေကများလှပြီ၊ များလှတဲ့အခါ ကျတော့ ဆရာညွှန်ကြားချက်မရှိပေမဲ့လို့ သူ့ဘာသူ နှာခေါင်းက လေ လေးကို အာရုံစိုက်ပြီးတော့ ဒီဟာလုပ်နေကျလေးက ဘဝကပါလာတဲ့ အကျင့်ကလေး ဖြစ်နိုင်တာပေါ့နော်၊ ဖြစ်နိုင်တာပေါ့။ မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူးပေါ့။ ကျင့်လာတဲ့အကျင့်တွေက များလွန်းအားကြီးတော့ သြော်-ငယ်ငယ်လေးပဲ နှာခေါင်းက လေထွက်တာလေးကို အာရုံစိုက် ရင်းကနေပြီးတော့ သမာဓိစွမ်းအားတွေ ရသွားလိုက်တာ၊ ပထမဈာန် အဆင့်ကိုရသွားတယ်။ ကာမဂုဏ်အာရုံနှင့် အကုသိုလ်တရားတွေကို

http://www.dhammadownload.com

ဖယ်ရှားလို့ စိတ်ထဲမှာ တည်ငြိမ်မှုလေးနဲ့ စဉ်းစားမှုလေး ကြံစည်မှုလေး ကျေနပ်နေမှုလေး ချမ်းသာနေမှု တည်ငြိမ်နေမှုလေးနဲ့ပဲ ရပ်တည်နိုင်တဲ့ အနေအထားလေးကို ပြန်သတိရတယ်။

အဲဒီအချိန်မှာ သြော် အဲဒါဟာ အသိဉာဏ်ရနိုင်တဲ့နည်းလမ်းဖြစ်နိုင်လောက်တယ်။ အဲဒီ လမ်းကြောင်းပဲ ငါလျှောက်မယ်ဆိုပြီး ကိုယ်တိုင်ရွေးချယ်လိုက်တယ်ပေါ့။ ဒုက္ကရစရိယာကျင့်တဲ့ မှားယွင်းတဲ့ ကျင့်စဉ်တစ်ခုကိုအဲဒီအချိန်မှာပြောင်းပစ်လိုက်တယ်၊ ဘုရားအလောင်းတွေရဲ့ ထူးခြားချက်က ဘာတုန်းဆိုရင် မှားမှန်းသိတာနဲ့ တစ်ပြိုင်နက် စွန့်လွှတ်တယ်၊ သာမန်ပုဂ္ဂိုလ်တွေက မစွန့်လွှတ်နိုင်ဘူး၊ ဘုရားအလောင်းတွေကျတော့ မှားပြီဆိုတာနဲ့တစ်ပြိုင်နက် ချက်ချင်းစွန့်တယ်၊ လမ်းကြောင်းပြောင်းတယ်။ လမ်းကြောင်းပြောင်းဖို့ရာအတွက် ဒီလောက်အားနည်းနေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ကျင့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ခန္ဓာကိုယ်ကို ပြန်ပြီးမွှတအောင်လုပ်ရဦးမယ်ဆိုပြီး အစာပြန်စားတယ်၊ အစာပြန်စားတဲ့အခါ စောင့်ကြည့်နေတဲ့ ပဉ္စဝဂ္ဂီရဟန်းတွေက စိတ်ပျက်သွားကြတယ်။

သူတို့ခေတ်က အစွမ်းကုန်ကျင့်တာကို အာဇာနည်လို့ ယူဆတယ်နဲ့တူတယ်၊ အေး- သိဒ္ဓတ္ထမင်းသားက ဒီလောက် အစွမ်းကုန်ကျင့်တာတောင်မှပဲ တရားထူးတရားမြတ် မရဘူး၊ အခုတော့ သူလက်လျော့လိုက်ပြီ၊ အစာပြန်စားနေပြီ၊ ဘယ်တော့မှလဲ တရားထူးတရားမြတ်ရမှာမဟုတ်တော့ဘူး၊ တို့ပေဒင်တွေလည်း လွဲကုန်ပြီဆိုပြီး သူတို့ အဲဒီမှာမနေတော့ဘူး။

ဗာရာဏသီ ဣသိပတန တောဘက်ကို ထွက်သွားကြတယ်၊ ဘုရားအလောင်းဟာ တစ်ပါးတည်း ဖြစ်သွားတယ်။ အဲဒီအခါမှ

http://www.dhammadownload.com

တရားထူးတရားမြတ်ရဖို့ရာအတွက်အခွင့်အလမ်းတစ်ခုပဲ၊ မဟာဇနက ဇာတ်တော်မှာ လက်ကောက်ကို တစ်ကွင်းတည်းဝတ်ထားတာနဲ့ (၂)ကွင်းဝတ်တာ ဘာကွာသလဲဆိုရင် လက်ကောက်(၂)ကွင်းဆိုရင် တစ်ခုနှင့်တစ်ခုတိုက်ပြီး တချွင်ချွင်မြည်တယ်၊ တစ်ကွင်းတည်းဆို မြည်စရာ မရှိဘူး။ အဲဒါလိုပဲ လူ(၂)ယောက်ဆိုလို့ရှိရင် အဲဒါ စကားပြောဖော်ဖြစ်နေတယ်နော်၊ စကားပြောဖော်ဖြစ်နေတော့ မလွတ်လပ်ဘူး။ [illegible]ာက်တည်းနေတော့ ပိုလွတ်လပ်တယ်။

ဘုရားလောင်းဟာ ပဉ္စဝဂ္ဂိတွေထွက်သွားလို့ သူတစ်ဦးတည်း ကျန်ရစ်တယ်၊ အဲဒီအချိန်မှာ စိတ်ဓာတ်ဟာ ပိုပြီးတော့ ရင့်သန်လာတယ်၊ တည်ငြိမ်လာတယ်၊ နောက်ဆုံးအစာပြန်စားပြီးတော့ ခုနက အာနာပါနကျင့်စဉ်ကိုပြန်ပြီးတော့လုပ်တာ၊ ပြန်လုပ်တဲ့အခါမှာ အတိုချုံးပြောရရင် ပထမယာမ်မှာ ဈာန် ၄ ပါးလုံးရပြီး ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကိုရတယ်၊ မဇ္ဈိမယာမ် သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်ကိုရတယ်၊ အဲဒီကနေပြီးတော့ ဝိပဿနာကျင့်စဉ်တစ်ခုကို ပြောင်းလိုက်တဲ့အခါမှာ နံနက်မိုးသောက်အချိန်မှာ အာသဝက္ခယဉာဏ်ကိုရဖို့ မဂ် ၄ ပါး အဆင့်ဆင့်တက်လို့ နောက်ဆုံးမှာ အရဟတ်သည်နဲ့ တစ်ပြိုင်နက် ဘုရားအဖြစ်သို့ ရောက်သွားတယ်။

ဟော ဒီလိုကျင့်ခဲ့တာ၊ အဲဒီအချိန်မှာ ခုနက ပဋိဝေဓဉာဏ်ဟာ စတင်လည်ပတ်လာပြီတဲ့။ ဓမ္မစက္ကဆိုတာ စလိုက်တာ၊ အမှန်တရားကို စပြီးတော့ သိရှိသွားပြီ၊ သိရှိသွားတဲ့ ဓမ္မစက္က ဆိုတဲ့ ပဋိဝေဓဉာဏ်ကြီးကို မြတ်စွာဘုရားလောင်းတော်ဟာ အဲဒီအချိန်မှာ သူရရှိသွားတာဖြစ်တယ်။ အေး-ဓမ္မစက္ကရဲ့ အဓိပ္ပာယ်ဟာ ပဋိဝေဓဉာဏ်နဲ့ ဒေသနာဉာဏ် ၂ ခုကိုခေါ်တယ်။ အဲဒီတော့ အခု ပဋိဝေဓဉာဏ်ဖြစ်ပုံ

http://www.dhammadownload.com

ကို မြတ်စွာဘုရား ကိုယ်တိုင်ဟောခဲ့တဲ့ အတ္ထုပ္ပတ္တိ ကျင့်စဉ်အတိုင်း ဘုန်းကြီးတို့ ရှင်းပြခဲ့ပြီ၊ နောက် တရားပွဲကျတော့မှ ပဋိဝေဓောဏ် ဖြစ်ပုံနဲ့ ဓမ္မစကြာကို အသေးစိတ်ရှင်းလင်းပြီး ဟောကြားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သန္တာန်မှာ ဒေသနာဉာဏ်လို့ဆိုတဲ့ ဓမ္မစက္က စတင်ဖြစ်ပေါ်ပုံဟာ အခုလို ကြိုးပမ်းအားထုတ်လို့ ဖြစ်လာတာဖြစ်တယ်၊ သာမန်အားဖြင့် ဖြစ်လာတာ မဟုတ်ဘူး၊ အလွန်ကြိုးစားအားထုတ်ရတယ်ဆိုတာ ကိုယ်စီ ကိုယ်စီ သဘောကျပြီး တို့တစ်တွေလည်း ကြိုးစား အားထုတ်မှသာလျှင် တရားထူး တရားမြတ်ဆိုတာ ရနိုင်တယ်လို့ဆိုတဲ့ သတိတရား အသိတရားရှိပြီး တရားထူး တရားမြတ် ရလိုတဲ့ဆန္ဒ၊ ကျင့်ကြံကြိုးကုတ် အားထုတ်မှု ဝီရိယတို့ဖြင့် တရားထူး တရားမြတ်ရအောင် ကိုယ်စီ ကိုယ်ဌ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု



http://www.dhammadownload.com

http://www.dhammadownload.com

သစ္စဒေသနာ ဓမ္မစက်ာ

အပိုင်း(၂)

သာသနာနှစ် (၂၅၅၄) ခုနှစ် ကောဇာသင်္ကရာဇ် ၁၃၇၂-ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် (၁၄)ရက် ၂၀၁၀-ခုနှစ် ဇူလိုင်လ (၁၀)ရက် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဇမ္ဗူသီရိဒီမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် မဂ်လာတောင်ညွှန်မြို့နယ်၊ မဂ်လာဧရိုးအနန္တ(၅)ပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင် မိသားစု (ကိုကျော်သင်းဆေးဆိုင်)၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"သစ္စဒေသနာ ဓမ္မစက်ာ"** တရားဒေသနာတော်။

ဓမ္မစက္က ပါဠိစကားကို မြန်မာလူမျိုးတွေက ဓမ္မစက်ာလို့ ပြန်ဆိုကြတယ်။ ဗမာလူမျိုးတွေသိတဲ့ စက်ာဆိုတာ လည်နေတဲ့ အရာကို ခေါ်တာနော်။ လေတိုက်လို့လည်နေတဲ့ စက်ာကို **စက္က**။ တနည်းအားဖြင့် **စက္က** ဆိုတာက "လှည်းဘီး"။ အဲဒီလှည်းဘီးကို **စက္က** လို့ခေါ်တာ၊ တစ်နည်းအားဖြင့် လည်ပတ်ပြီးတော့ ဖြစ်တဲ့အရာမှန်သမျှကို **စက္က** လို့သုံးတယ်။ ပါဠိဘာသာနဲ့ ဆင်ဆင်တူတဲ့ အိန္ဒိယနိုင်ငံရဲ့ဘာသာတစ်ခုဖြစ်တဲ့ သင်္ကဋ္ဌဘာသာ (Sanscrit) ကျတော့

http://www.dhammadownload.com

"ကျက္ကရ" လို့ ဒီလိုခေါ်တယ်။ သူတို့အသံထွက် ကျက္ကရ၊ အဲဒီ ကျက္ကရမှာ ဗမာ " စ" လုံးကိုသူတို့က "ကျ"လို့ဖတ်တယ်။ ဗမာက "စ" သံဖတ်တယ်၊ အသံမတူဘူးပေါ့နော်။ ဒါကတော့ စကားလုံးတွေမှာ ဒီလိုအသံမတူညီမှုတွေရှိတယ်။ အဲဒီတော့ သူတို့ဆီကလာတဲ့ ကျက္ကရ စက္ကကို ဗမာက စလုံးသံနဲ့ထွက်တယ်။ ဟို- အိန္ဒိယနိုင်ငံတို့ တခြားနိုင်ငံတွေကျတော့ ကျက္က လို့ဖတ်တယ်။ ဒီတော့ အိန္ဒိယ Sanscrit ကျတော့ ကျက္က တင်မကဘူး၊ ကျက္ကရ၊ ကျက္ကရကို ဗမာပြည်ကနေပြီးခေါ်လိုက်တော့ ကျက္ကရ က စက္ကရ။ စက္ကရ ကနေပြီးတော့ စကြဖြစ်လာတယ်လို့ ပြောနိုင်တာပေါ့နော်၊ တကယ်ကတော့ ဘီးပဲ၊ လှည်းဘီး။ လည်ပတ်ပြီးတော့ ဖြစ်နေတဲ့အရာတစ်ခုကို ရည်ညွှန်းပြီးတော့ စက္က လို့သုံးတယ်။

ဒီနေရာမှာ ဓမ္မစက္ကဆိုတာ ဘာတုန်းလို့ ဘုန်းကြီးတို့ အရင်တစ်ပတ်က ဟောခဲ့ပြီ။ **ဓမ္မစက္က** ဆိုတာ ပဋိဝေဓဉာဏ်နဲ့ ဒေသနာဉာဏ်၊ အဲဒီ ပဋိဝေဓဉာဏ်နဲ့ ဒေသနာဉာဏ် ၂-မျိုးကို **ဓမ္မစက္က**လို့ ဒီစကားလုံးက ဖော်ညွှန်းထားတယ်။ လှည်းဘီးကို ပြောတာလဲ မဟုတ်ဘူး၊ စကြာကိုပြောတာလဲမဟုတ်ဘူး၊ ပဋိဝေဓဉာဏ်ကို **ဓမ္မစက္က**။ ဒေသနာဉာဏ်ကို **ဓမ္မစက္က**၊ ဒီတော့ ဘုရားအလောင်းတော်က ဗုဒ္ဓဝင်မှာ လာတဲ့အတိုင်း ၂၉-နှစ်အရွယ်မှာ ထီးနန်းကစွန့်ခွာပြီး ရဟန်းပြုခဲ့တယ်။

ရဟန်းပြုပြီးတဲ့နောက် ထိုခေတ်က ထူးခြားထင်ရှားတဲ့ အာဠာရကာလာမတို့ ဥဒကရာမပုတ္တတို့ဆီမှာ သမထကျင့်စဉ်ကို ကျင့်လို့ အာကိဉ္စညာယတန ဈာန်အဆင့်၊ နေဝသညာနာသညာဈာန်အဆင့်ကို ပေါက်ရောက်ပြီးတဲ့အခါ အဲဒီဈာန်တွေရဲ့ လမ်းဆုံးဟာ

http://www.dhammadownload.com

အာကိဉ္စညာယတနဘုံနဲ့ နေဝသညာနာသညာယတနဘုံသာ ဖြစ်တယ်။ **အမတ**-မသေရာနိဗ္ဗာန် မဟုတ်သေးဘူးလို့ သိလာတယ်။ အဲဒီကျင့်စဉ်ကို စွန့်ပယ်ခဲ့ပြီးသောအခါ ထူးခြားတဲ့အသိဉာဏ်တစ်ခုကို ရရှိဖို့အတွက် ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲခံပြီး **ဒုက္ကရစရိယာ** အကျင့်ကိုကျင့်တယ်။ အဲဒါ **ဒုက္ကရစရိယာ**ကို လွယ်လွယ်ခေါ်တဲ့ပုဂ္ဂိုလ်တွေက **ဒုက္ခစရိယာ** လို့ ခေါ်ကြတယ်။ အမှန်ကတော့ **ဒုက္ကရ** ဆိုတာ လုပ်နိုင်ခဲတယ်၊ သာမန်လူတွေမလုပ်နိုင်ဘူး၊ စဉ်းစားလို့တောင်မရဘူး။ အင်မတန် လုပ်နိုင်ခဲတဲ့အကျင့်ကို **ဒုက္ကရ**။ ခန္ဓာကိုယ် ကျန်းမာရေးထိခိုက် ပိန်ချုံးပြီးတော့ အားအင်တွေကုန်ခမ်းလို့ လဲကျသွားတဲ့ အဆင့်ထိအောင် ဆင်းရဲပင်ပန်းခံပြီး **ဒုက္ကရစရိယာ** အကျင့်ကြီးကို ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခဲ့တာ။

နောက်ဆုံးကျတော့ ဘုရားအလောင်းတော်က ပြန်စဉ်းစားလိုက်တယ်။ အေး ဒီအကျင့်နဲ့ကတော့ ငါလိုချင်တဲ့အသိဉာဏ် ရမှာ မဟုတ်ဘူး။ တခြားနည်းလမ်းကသာလျှင် ဒီအသိဉာဏ်ကို ရနိုင်တဲ့နည်းလမ်းဖြစ်လောက်တယ်။ ငါ ကမ်းကုန်လမ်းကုန် ကျင့်ပြီးပြီ။ ဘာဉာဏ်ထူးမှမရဘူးဆိုတော့ ဒီအကျင့်ဟာ မဟုတ်သေးဘူး။ **သိယာ အညော မဂ္ဂေါ ဟောဓာယ။ ဟောဓာယ**-အသိဉာဏ်တစ်ခုအတွက်၊ **အညောမဂ္ဂေါ**-တစ်ခြားနည်းလမ်းဟာ၊ **သိယာ**-ဖြစ်နိုင်ရာတယ်။ သူ့ဘာသူစဉ်းစားတာ၊ ဒီနည်းကတော့ မဟုတ်သေးဘူး။ အသိဉာဏ်ထူး ရဖို့အတွက် ဘုရားလောင်းကကျင့်တာ၊ ဟောဓိဉာဏ်အတွက် ဒီလို အဆင်းရဲခံပြီးတော့ကျင့်ပေမယ့် ဉာဏ်ဟာဖြစ်ပေါ်ပြီးတော့မလာဘူး၊ ပင်ပန်းတာပဲ အဖတ်တင်တယ်ပေါ့။

http://www.dhammadownload.com

အဲဒါကြောင့်မို့လို့ ဒီလမ်းတော့ မဟုတ်နိုင်ဘူးလို့စဉ်းစားရင်းကနေ ခေါင်းထဲမှာ ဘာပေါ်လာတုန်းဆိုတော့ "ငါ ငယ်ငယ်တုန်းက ခမည်းတော်မင်းတရားကြီး လယ်ထွန်မင်္ဂလာလုပ်တဲ့အချိန်မှာ သပြေပင်အောက် တစ်ဦးတည်းသိပ်ထားလိုက်တဲ့အချိန်လေးမှာ ဘဝါဘဝက အလေ့အကျင့်ရလာလို့ စိတ်ကလေးကို နှာခေါင်းကရှူနေတဲ့ လေကလေးပေါ်မှာ ပို့လွှတ်ပြီး အာရုံပြုလိုက်တာနဲ့ပဲ ပထမဈာန်အဆင့်ကို ရသွားတယ်။ အဲဒီပထမဈာန် အဆင့်လေးဟာ အကုသိုလ်တွေလည်း မပါဘူး၊ ကာမဂုဏ်စိတ်တွေလည်းမရှိဘူး၊ အကုသိုလ်တွေက ကင်းကွာလွတ်လပ်၊ ကာမဂုဏ်စိတ်တွေက ကင်းကွာလွတ်လပ်ပြီးနေတယ်။ ထွက်လေဝင်လေကို အာရုံပြုတာနဲ့ ထွက်လေဝင်လေ အာရုံပေါ် စိတ်ကို တင်ပေးထားတဲ့ဝိတက်ရယ်၊ ဆင်ခြင်သုံးသပ်နေတဲ့ ဝိစာရရယ်၊ စိတ်ထဲမှာ ကျေနပ်နှစ်သက်နေတဲ့ ပီတိရယ်၊ တစ်ကိုယ်လုံး သိမ့်သိမ့် တုန်အောင် ချမ်းသာနေတဲ့သုခရယ်၊ စိတ်တည်ငြိမ်နေတာရယ်၊ ဒီအခြေအနေလေးတွေ သူခံစားခဲ့ရဖူးတယ်ပေါ့၊ ငယ်ငယ်လေးမှာ အဲဒီလမ်းကြောင်းကို မထင်မှတ်ပဲနဲ့ ရောက်သွားတယ်၊ အဲဒါ ခေါင်းထဲမှာ ပေါ်လာတယ်။ အဲဒီလမ်းကမှ ငါလိုချင်တဲ့အသိဉာဏ်ကို ပေးနိုင်တဲ့လမ်း ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ စိတ်ထဲမှာတွေးမိတော့ ဟုတ်ပြီ အဲဒီလမ်းဟာသေချာတယ်။

ဒါပေမယ့် အဲဒီအခြေအနေမျိုး ရောက်ဖို့ရန်အတွက် ဒီလို ကျန်းမာရေးချို့တဲ့ပြီးတော့နေတဲ့ ခန္ဓာကိုယ်၊ အားအင်ကုန်ခမ်းနေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လုပ်လို့တော့မဖြစ်သေးဘူး။ အားအင်ပြန်ပြည့်အောင်၊ ကျန်းမာရေး ပြန်ကောင်းလာအောင် အစာပြန်စားမယ်။ ကျန်းမာရေးကို ပြန်ပြီးတည်ဆောက်မယ်လို့ ဆုံးဖြတ်တယ်။ ဒါလည်း သတိထား

http://www.dhammadownload.com

စရာ ကောင်းတယ်ပေါ့နော်။ ခန္ဓာကိုယ်ကျန်းမာဖို့ကလည်း အင်မတန်မှ အရေးကြီးတယ်။ **ပဓာနိယင်္** တရား ၅-ပါးထဲမှာဆိုရင် မြတ်စွာဘုရား ကိုယ်တိုင်ကိုက ဟောတာ၊ အေး ရောဂါဝေဒနာကင်းပြီးတော့ ကျန်းမာခြင်းနဲ့ ပြည့်စုံရမယ်တဲ့၊ မမာမကျန်းနဲ့ တရားအားထုတ်တယ်ဆိုရင် မဖြစ်နိုင်ဘူး။ မကျန်းမာပြီဆိုမှ တရားအားထုတ်လို့က မလွယ်ဘူးတဲ့၊ ဒါကြောင့်မို့လို့ ကျန်းမာရေးကောင်းတုန်းမှာ အားထုတ်ရမယ့် တရားတွေပေါ့။ ဘုရားအလောင်းတော်ဟာ ဒီလောက် ကျန်းမာရေးခို့တဲ့နေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ ငါ ဒီတရား ဒီကျင့်စဉ်ကို ပြန်ကျင့်ဖို့ မလွယ်သေးဘူး။ ကျန်းမာရေးကို ပြန်တည်ဆောက်ဦးမယ်လို့ ဆုံးဖြတ်တယ်။

အဲဒီကစပြီးအစာပြန်စားတယ်၊ ဆွမ်းခံပြန်ထွက်တယ်ဆိုတော့ အနားနားမှာ ဝတ်ကြီးဝတ်ငယ်ပြုနေကြတဲ့ ပဉ္စဝဂ္ဂီတွေက စိတ်ပျက်သွားကြတယ်။ ပဉ္စဝဂ္ဂီတွေက ဘယ်လိုတွေးမိတုန်းဆိုတော့ **"ဗဓာန ဝိပ္ပန္နော**-တကယ်ကြိုးပမ်းအားထုတ်နေတဲ့ လုပ်ငန်းကြီးကို သူစွန့်လွှတ်လိုက်ပြီ၊ မလုပ်တော့ဘူး။ ဒီလောက် ခဲခဲယဉ်းယဉ်းကျင့်တာမှ တရားထူးမရဘူးဆိုရင် ခု ဆွမ်းခံပြန်စားနေပြီ၊ ဒုက္ကရစရိယာ အကျင့်ကြီးကို လက်လွှတ်လိုက်တာ၊ ဒုက္ကရစရိယာကြီး ကျင့်တာတောင်မှပဲ တရားထူးမရဘူးဆိုရင် မျှော်လင့်ချက် မရှိတော့ဘူး"။

အရင်တုန်းက ဘုရားအလောင်း ဖွားမြင်ခါစက အေး-ဘုရား ဧကန်ဖြစ်ရမယ်လို့ ဗေဒင်ဟောခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်ဟောခဲ့တဲ့ ဗေဒင်တောင် မယုံတုံတုံ ဖြစ်လာပြီးတော့ ကဲ အခြေအနေတော့မဟန်ဘူး။ အနီးနားတို့နေလို့တော့မဟန်တော့ဘူး။ တို့မျှော်လင့်ချက်တွေ ဝေးသွားပြီဆိုပြီး ဥရုဝေလတောကနေ ဗာရာဏသီဘက်ကို ထွက်သွားကြ

http://www.dhammadownload.com

တယ်။ အဲဒီ မနေခြင်းဟာ သိပ်ကောင်းသွားတယ်။ ဘုရားအလောင်းကို များစွာအကျိုးပြုလိုက်တယ်။

တစ်ဦးတည်း လွတ်လပ်မှုဆိုတာလေး ရသွားတယ်။ နဂိုတုန်းကတော့ သူတို့ကလာပြီးတော့ ကြည့်နေကြတယ်။ ဟိုဟာလေးလုပ်ပေး၊ ဒါလေးလုပ်ပေးဆိုတော့ အာရုံပျက်ပြားတာ။ ဒါကြောင့်မို့ ကမ္မဋ္ဌာန်းအားထုတ်ရင် အဖော်လေးနဲ့မထုတ်နဲ့၊ တစ်ယောက်တည်း ထုတ်ရမှာ။ ဒါမို့ ရှေးတုန်းက ဧကစာရီ ကျင့်တာ၊ အဲ-ခုခေတ်တော့ အဖော်နဲ့အားထုတ်ရင် သိပ်မလွယ်လို့နဲ့တူတယ်။ Group Meditation ဆိုပြီးတော့ အစုလိုက်ထိုင်နေကြတယ်နော်။ အဖော်နဲ့အသင်းနဲ့ တစ်ယောက်ထဲကျတော့ ကြောက်သေးတာကို။

အဲဒီလို ပစ္စဝဂ္ဂိတွေ ထွက်ခွာသွားတာဟာ သူ့အတွက် အကောင်းဆုံးသော Chance တစ်ခုပဲ။ ဘာဖြစ်လို့လဲဆိုရင် **ကာယဝိဝေက** ခန္ဓာကိုယ်အနေနဲ့ လွတ်လပ်မှု အပြည့်အဝရတယ်။ လူဆိုတာ တရားအားထုတ်ရင် **ကာယဝိဝေက** ဆိုတာရှိရမယ်။ **ကာယဝိဝေက** ဆိုတာ တစ်ဦးတည်းနေတာ၊ ဘယ်သူမှမရှိဘူး။ အဖော်ရှိရင် အဖော်ကို သွားတွေးတယ်လေ။ ကိုယ်ကတရားအားထုတ်နေပေမဲ့ ဟေ့ ဒီကောင် ဘာလုပ်နေတုန်း သွားတွေးချင်တွေးနေတာ။ ကြောက်တတ်တဲ့လူဆိုငါ့နားမှာ ရှိရဲ့လား၊ တခြားများ ထသွားလား ဆိုတာတွေ စိတ်ကလွင့်စရာဖြစ်တယ်။

ဩော် ဘယ်သူမှမရှိဘူး၊ တစ်ယောက်တည်းပဲ။ တစ်ယောက်တည်းနေရခြင်းရဲ့ အရသာကို မြတ်စွာဘုရားက တစ်ခါတစ်ခါ ဟောတယ်။ "တစ်ယောက်တည်းနေရတာတဲ့ အင်မတန်မှ ချမ်းသာတယ်တဲ့၊ ကုန်ကုန်ပြောရမယ်ဆိုရင် နောက်ဖေး နောက်ဖီသွားရတာတောင်

http://www.dhammadownload.com

လွယ်သေးသတဲ့"၊ ဒါမှန်တာပဲ၊ နှစ်ယောက်နေလို့ရှိရင် သူများမြင်နေ မလားဆိုပြီးတော့ ကြည့်နေရသေးတယ်။ ဟော တစ်ယောက်တည်း ကျတော့ ကြည့်စရာ မရှိတော့ဘူး။ "အဲဒီမှာ ရှေ့မျှော်ကြည့်လိုက် ဘယ်သူမှ မရှိဘူး။ နောက်လှည့်ကြည့် ဘယ်သူမှ မရှိဘူး။ အေး အဲဒီ အချိန်ဟာ ချမ်းသာဆုံးပဲ"လို့ ဘုရားကဟောတယ်။ အလွတ်လပ်ဆုံးပဲ အချမ်းသာဆုံးပဲ ဘယ်သူမှမရှိတာကောင်းတယ် ဆိုတဲ့အနေမျိုး၊ သာမန် ပုထုဇဉ် ပုဂ္ဂိုလ်တွေကတော့ ဘယ်သူမှမရှိရင် ပျင်းတယ်။ တစ်ယောက်တည်းဆို မနေနိုင်ဘူးနော် Lonely ဖြစ်တယ်လို့ဆိုတယ်၊ အခုခေတ်ဆို သာဆိုးသေးတယ်၊ တစ်ယောက်တည်း မနေတတ်တဲ့ အခါကျတော့ ဖုန်းကောက်ဆက်တယ်။ ဆက်သွယ်မှုကတော့ လုပ်တယ်နော်။

ကာယဝိဝေက ရသွားတော့ **စိတ္တဝိဝေက** ရဖို့ရန်အတွက် တရားကျင့်တယ်။ အဲတော့ ပဉ္စဝဂ္ဂိတွေ ထွက်သွားတာ အလွန်ကောင်းတယ်။ ဘယ်အချိန်လောက် ပဉ္စဝဂ္ဂိတွေ ထွက်သွားတုန်းဆိုတော့ ကဆုန်လပြည့်ခါနီး ကဆုန်လဆန်းလောက်ထွက်သွားတယ်လို့ မှတ်ရ မယ်ပေါ့။ အဲဒီအချိန်မှာ ဘုရားအလောင်းဟာ တစ်ပတ်နှစ်ပတ် ခန္ဓာကိုယ် အားအင်ရှိအောင် နဂိုထဲကကျန်းမာရေးလည်း အလွန်ကောင်းတယ်။ ကံတရားရဲ့တည်ဆောက်မှု ခန္ဓာကိုယ်ကလည်း အလွန်ကြံ့ခိုင်တယ်။ ပင်ပန်းခံလွန်းလို့သာ ဒုက္ခရောက်သွားတာကို။ ပြန်ပြီးတော့ အစာရေစာ စားလိုက်တာနဲ့ မကြာခင် ကျန်းမာပြည့်ဖြိုးလာတဲ့ အနေအထားကို ရောက်လာတယ်။

အဲဒီလို ရောက်လာတဲ့အခါကျတော့ ငယ်ငယ်တုန်းက ကျင့်ခဲ့ဖူးတဲ့ **အာနာပါန** ကျင့်စဉ်လေးကို စမ်းသပ်ပြီးကျင့်လိုက်တာ ပထမ

http://www.dhammadownload.com

ဈာန်ရသွားတယ်။ ပထမဈာန်ကနေပြီးတော့ တိုးမြှင့်လိုက်ပြီး **ဝိတက် ဝိစာရ** ဆိုတဲ့ ဒီ ၂-ခု ဖယ်ရှားလိုက်တဲ့အခါ **ပီတိ သုခ ကေဝ္ဋတာ** ဒီ၃-ခုနဲ့ နေနိုင်တဲ့ ဒုတိယဈာန်ရသွားတယ်။ တစ်ခါ **ပီတိ** ကိုပဲ အနှောင့်အယှက်ပေးတယ်ဆိုပြီး **ပီတိ** ကို ဖယ်လိုက်တဲ့အခါ **သုခ ကေဝ္ဋတာ** ၂-မျိုးထဲနဲ့နေတယ်။ **သုခ** ဆိုတဲ့ ချမ်းသာခံစားမှုကလည်းပဲ ဒီသမာဓိတရားရဲ့ အနှောင့်အယှက်ဖြစ်တယ်ဆိုပြီးဖယ်လိုက်တဲ့အခါ **ဥပေက္ခာ ကေဝ္ဋတာ**နဲ့နေတယ်၊ ဆိုလိုတာက သမာဓိမှာ အနှောင့်အယှက်ကင်းသွားပြီ၊ **ဥပေက္ခာ** ဆိုတာ မထင်ရှားတဲ့ခံစားချက်၊ အဲဒီမထင်ရှားတဲ့ခံစားချက်နဲ့ စိတ်တည်ငြိမ်မှုဆိုတဲ့ ဒီသဘာဝတရားလေး ၂-ခုနဲ့နေတာကို စတုတ္ထဈာန်လို့ခေါ်တယ်။ အဲဒီ စတုတ္ထဈာန်က အလွန်စွမ်းရည်သတ္တိ ရှိတယ်ပေါ့။

ဒီနေရာမှာ စဉ်းစားစရာကောင်းတာ အဋ္ဌာရကာလာမကြီးဆီတရားအားထုတ်တုန်းက စတုတ္ထဈာန်ကနေကျော်ပြီးတော့ **အာကာသာနဉ္စာယတနဈာန်** ဝိညာဏဉ္စာယတနဈာန် **အာကိဉ္စညာယတနဈာန်** ဆိုပြီးတော့ သူက ခုနစ်ဆင့်ထိအောင် ရောက်သွားပြီးသား၊ ခုနစ်ဆင့်ထိအောင် ရောက်ရဲ့သားနဲ့ ဘာဖြစ်လို့ အဲဒီကနေ ရှေ့ဆက်မသွားတတ်တာလဲ၊ ခုလည်း **သမထကျင့်စဉ်**ပဲ၊ **သမထက** သွားတာပဲ။ သို့သော် အဲဒီဈာန်တွေကိုသွားတဲ့ သူတို့ရဲ့နည်းစနစ်က ဘာကို အခြေခံတာတုန်းဆိုရင် ကသိဏ်းကို အခြေခံတာဖြစ်တယ်။ သူတို့ရဲ့ပန်းတိုင် ဦးတည်ချက်က **အာကာသာနဉ္စာယတန**ဘုံကြီးကို ဦးတည်ထားတာ၊ အဲဒါကြောင့်မို့လို့ သူတို့ရဲ့လမ်းဆုံး (Destination) က **အာကိဉ္စညာယတန**ဘုံပဲရောက်မှာ၊ တခြားသွားလို့မရဘူး၊ ဒီထက်မကျော်နိုင်ဘူး။ တစ်ခါ ဥဒကရာမပုတ္တဆီ သင်လိုက်တဲ့ နည်းစနစ်

http://www.dhammadownload.com

အားထုတ်တော့ နေဝသညာနာသညာယတနစ္ဆာန်ဆိုတဲ့ ၈-ဆင့်ထိ ရောက်သွားတယ်။ အဲဒီဟာကနေ ပြီးတော့လည်း သူတို့ရဲ့ ဦးတည်ချက်ဟာ ကသိဏ်းရုပ်တွေကစပြီးတော့ အဆင့်ဆင့်ခွာသွားတာ၊ နောက်ဆုံး နေဝသညာနာသညာယတနစ္ဆာန် ရောက်သွားတာပဲ။ နေဝသညာနာသညာယတနဘုံကို ဦးတည်ထားတာ၊ အဲဒီဘုံမှာပဲ လမ်းဆုံးတယ်တဲ့။ ဒီတင် လမ်းပြတ်သွားတယ်။

ဒါကြောင့်မို့ အဲဒီလမ်းတွေဟာ မမှန်ဘူး။ ကိုယ်ပိုင်နည်းစနစ်နဲ့ ပထမစ္ဆာန် ဒုတိယစ္ဆာန် တတိယစ္ဆာန် စတုတ္ထစ္ဆာန် ဒီရူပစ္ဆာန် ၄-မျိုးကို အားထုတ်ပြီးတော့ အရူပစ္ဆာန်ကို မတက်ဘူး ဘုရားက။ စတုတ္ထစ္ဆာန်ရပြီးတဲ့အခါ သမာဓိစွမ်းအားတွေ အင်မတန်မှကြီးမားတယ်။ အဲဒီသမာဓိစွမ်းအားတွေရဲ့အကျိုးကျေးဇူးကို အသုံးချလိုက်တဲ့ အခါကျတော့ **ပုဗ္ဗေနိဝါသာနုဿတိ**အဘိညာဉ်ဆိုတာ ရလာတယ်။ ပထမယာမ်မှာတင်ပဲ ကဆုန်လပြည့်နေ့ညရောက်တဲ့အခါ အစွမ်းသတ္တိ ထက်လာတယ်။ အဲဒီကနေပြီးတော့ နောက် မဇ္ဈိမယာမ် ၁၀-နာရီ ကျော်တဲ့အခါကျတော့ **ဒိဗ္ဗစက္ခုဉာဏ်** ဆိုတာကို ရလာတယ်၊ ပစ္ဆိမယာမ်လို့ဆိုတဲ့ နာရီပြန် ၂-ချက် ဟိုဘက်ရောက်တဲ့အခါကျတော့ ဝိပဿနာကိုကူးတယ်။

ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်လိုက်တယ်။ သမာဓိ စွမ်းအားတွေ သိပ်ကောင်းနေတဲ့အတွက်ကြောင့် ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်လိုက်တယ်။ ဝိပဿနာဉာဏ်နဲ့ သခ်ါရတရားတွေရဲ့ မမြဲဘူးဆိုတဲ့ဘက်ကို ဦးတည်လိုက်တယ်။ အဲဒီ ဦးတည်လိုက်တဲ့အခါ ဒုက္ခဆိုတာ ရှင်းရှင်းကြီး သိသွားတယ်။ ဒုက္ခရဲ့အကြောင်းတရားဆိုတာ ရှင်းရှင်းကြီး သိသွားတယ်။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန် ဆိုဏာလည်း

http://www.dhammadownload.com

သိတယ်။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရောက်ကြောင်းအကျင့်ဆိုတဲ့ မဂ္ဂ သစ္စာ ဒီသစ္စာ ၄-ချက်ကို မှန်မှန်ကန်ကန်သိသွားတဲ့ အသိဉာဏ်တစ်ခု ရသွားတယ်။ ဒါကို **အာသဝက္ခယဉာဏ်** လို့ခေါ်တယ်။ အဲဒါက ဝိပဿနာကျင့်စဉ်နဲ့ ရသွားတဲ့ဉာဏ်ဖြစ်တယ်။

စတုတ္ထစျာန်ရပြီးတဲ့အခါမှာ သမာဓိစွမ်းအားက အင်မတန် ထက်သည့်အတွက်ကြောင့် ဝိပဿနာကူးတဲ့အခါမှာ အလွန်လျင်မြန်တာပေါ့။ ဘာဖြစ်လို့တုန်းဆိုတော့ **သမာဟိတော ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ**တဲ့၊ သမာဓိရှိနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ အမှန်အကန်သိတယ်ဆိုတာ ယထာဘူတဉာဏ်ကို လွယ်လွယ်ကူကူ ရနိုင်တယ်ဆိုတဲ့အတိုင်း ဘုရားအလောင်းတော်က စတုတ္ထစျာန်နဲ့ သမာဓိစွမ်းအားတွေကို အသုံးချပြီးတော့ စျာန်တရားတွေမှာရှိတဲ့ သဘာဝတရားတွေကို ရှုမှတ်ပွားများလိုက်တဲ့အခါ **ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ** လို့ဆိုတဲ့ ဒီသစ္စာ(၄)ချက် မှန်မှန်ကန်ကန်သိတယ်။

သံသရာကြီးထဲက သတ္တဝါတွေသန္တာန်မှာ စီးဝင်နေတဲ့ အာသဝတရားတွေကိုလည်း တွေ့သွားတယ်၊ ထိုအာသဝတရားတွေရဲ့ ဖြစ်ကြောင်းတရားကိုလည်းသိတယ်။ အာသဝတရားတွေ ဘယ်မှာချုပ်ငြိမ်းမယ်ဆိုတာကိုလည်း သိတယ်။ ထိုချုပ်ငြိမ်းကြောင်း ကျင့်စဉ်ကြီးကိုလည်း သိလိုက်တယ်။ အဲဒီအသိဉာဏ်ကြီးကို ရလိုက်တဲ့အခါ အာသဝတရားတွေဟာ အားလုံး ကုန်ဆုံးသွားတယ်။ မဂ်၄-ပါး၊ ဖိုလ် ၄-ပါး အဆင့်ဆင့်ရောက်သွားတယ်။

ဒီတော့ အာနာပါနကိုအခြေခံတဲ့ ဝိပဿနာဉာဏ်နဲ့ သွားတာ၊ ကသိဏ်းရုပ်ကို အခြေခံတဲ့ သမာဓိကရတဲ့စျာန်နဲ့ သွားတာ မဟုတ်ဘူး။ အာနာပါနကိုအခြေခံတဲ့ သမာဓိကျင့်စဉ်၊ သမထကျင့်စဉ်၊

http://www.dhammadownload.com

သမထကျင့်စဉ်ကနေ ဝိပဿနာ ပြောင်းယူတယ်လို့ ဒီလိုမှတ်ရမယ်။ ကသိုဏ်းရုပ်တွေက နေပြီးတော့ ရလာတဲ့စျာန်ကိုတော့ ပြောင်းလို့ မရဘူးလားဆိုတော့ ကသိုဏ်းရုပ်ဆိုတဲ့ အာရုံကိုတော့ ပြောင်းလို့ မရဘူး။ အဲဒီအပေါ်မှာ ရှုလို့ကတော့ ဝိပဿနာ မဖြစ်ဘူးပေါ့။ ဘာကို ရှုရင် ဝိပဿနာ ဖြစ်နိုင်တုန်းဆိုရင် ရှုထားတဲ့စျာန်တရားတွေကို ရှုလို့ကတော့ ရတယ်ပေါ့။ မြတ်စွာဘုရားရဲ့ နည်းစနစ်က အာနာပါနကို ပြန်ရှုရင်လည်းပဲ ရနိုင်တယ်၊ အာနာပါနဆိုတာ **ဝါယော ဖောဋ္ဌဗ္ဗ** ပဲလေ၊ အာနာပါနကို ပထမတော့ အာနာပါနပညတ်အနေနဲ့ စျာန်ရသွားတာ၊ နောက်ပိုင်းရောက်တဲ့ခါကျတော့ သြော် ဒီအာနာပါနဆိုတာ စိတ်ကြောင့်ဖြစ်နေတဲ့ ဝါယောဓာတ်ကြီးပဲလို့ဆိုတယ်၊ **ဝါယော ဖောဋ္ဌဗ္ဗရုပ်** ကို မြင်လာတယ်ပေါ့။ ထိုရုပ်ရဲ့အကြောင်းဖြစ်တဲ့ နာမ်တရားတွေကိုလည်း မြင်လာတယ်။ အဲဒီလို ဒီအာရုံကနေပြီးတော့ ဝိပဿနာကူးဖို့ လွယ်ကူတယ်လို့ ဒီလိုဆိုရမယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံပြီးတော့ ပထမစျာန်၄-ပါးကို ရအောင်လုပ်တယ်။ ဒုတိယကျတော့ ဝိပဿနာရှုပြီးတော့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်အဆင့် မြှင့်လိုက်တဲ့အခါ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ ဝိပဿနာကို တိုးမြှင့်ဆင့်လိုက်တဲ့အခါ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ ဒါ ဝိပဿနာတစ်ခုပြီးမှတစ်ခု မြှင့်သွားတာနော်။ ဝိပဿနာမပါပဲ တစ်ခါထဲ သောတာပန်ကနေသကဒါဂါမ်၊ သကဒါဂါမ်ကနေအနာဂါမ်၊ အနာဂါမ်ကနေ ရဟန္တာ ဒီလိုဖြစ်သွားတာမဟုတ်ဘူး။ ကြားထဲမှာ ဝိပဿနာလေးတွေနဲ့ သွားတာချည်းပဲ အကုန်လုံး။ ဝိပဿနာအရှိန်ကို ၄-ခါမြှင့်လိုက်တဲ့အခါ မဂ် ၄-ပါး ရသွားတယ်ပေါ့။ နောက်ဆုံး

http://www.dhammadownload.com

အဆင့်မြှင့်လိုက်တဲ့အခါ အရဟတ္တမဂ် အရဟတ္တဖိုလ် ဆိုတာကိုရပြီး အရဟတ္တမဂ်ရလိုက်တာနဲ့ တစ်ပြိုင်နက် အသိဉာဏ်တွေအားလုံးဟာ ပွင့်သွားတယ်။

သာမန်ပုဂ္ဂိုလ်တွေကျတော့ အရဟတ္တမဂ်ရရင် **ကိလေသာ အာသဝေါ** ကုန်သွားတာပဲရှိတာပဲ၊ ဉာဏ်ထူးတွေပါမလာဘူး၊ မြတ်စွာဘုရားကျတော့ သဗ္ဗညုတဉာဏ်တော်ကြီး တစ်ခါတည်း ပါလာတယ်။ မန္ဒိုင်းယှဉ်ကောင်းပေမယ့်လို့ သဘောပေါက်အောင် ပြောရမယ်ဆိုလို့ ရှိရင် စာမေးပွဲအောင်ကြတာခြင်း အတူတူပေမယ့်လို့ D ပါတဲ့လူနဲ့ မပါတဲ့လူလိုကွာတာပေါ့၊ မြတ်စွာဘုရားရတဲ့ အရဟတ္တမဂ်ဉာဏ်က ဂုဏ်ထူးဝိသေသတွေအားလုံးပါ တစ်ခါတည်း ယူလာတယ်။ အထူးကျင့်စရာ မလိုဘူး။ အရဟတ္တမဂ်ဉာဏ် ရလိုက်တာနဲ့ တပြိုင်တည်း အဘိညာဉ် (၆)ပါးတို့ **ဆအသာမာရဏာဉာဏ် သဗ္ဗညုတဉာဏ်**တို့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တွေသာ ရနိုင်တဲ့ **ဗုဒ္ဓစက္ခု** လို့ ခေါ်တဲ့ အာသယာနုသယဉာဏ်တို့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တို့ ဒါတွေ တစ်ခါထဲရသွားတယ်။ အရဟတ္တမဂ်ဉာဏ် ရလိုက်တာနဲ့ တပြိုင်နက် ဒီဉာဏ်တွေအကုန်လုံးပါသွားပြီ၊ အနုတ္တရသမ္မာသမ္ဗောဓိဉာဏ်ကြီးကို မျက်မှောက်ပြုပြီးတော့ ဘုရားအဖြစ်သို့ ရောက်သွားတယ်။ ကဆုန်လပြည့်နေ့ည ကဆုန်လပြည့်ကျော် ၁-ရက် အကူးလေးမှာပေါ့နော်။

အဲဒီလို ဘုရားဖြစ်သွားတဲ့အခါ အင်မတန် ပင်ပန်းနွမ်းနယ်စွာကျင့်ကြံကြိုးကုတ် အားထုတ်ထားရတော့ ကိုယ့်တရားတွေကို ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်တယ်။ အဲဒါတွေကိုတော့ အကျယ်မပြောတော့ဘူး၊ မြတ်စွာဘုရားဟာ ဗောဓိပင်အနီးက ပလ္လင်ပေါ်မှာထိုင်ပြီးတော့

http://www.dhammadownload.com

ဖလသမာပတ်ချမ်းသာခံစားတယ်။ ဖလသမာပတ်ချမ်းသာခံစားတယ် ဆိုတာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာတွေနဲ့ ကြုံတွေ့နေရတဲ့ သခ်ါရအာရုံတွေကို ရှောင်ပြီးတော့ နိဗ္ဗာန်အာရုံတစ်ခုထဲနဲ့ နေလိုက်တာ၊ ဝိမုတ္တိသုခလို့ခေါ်တယ်။ နို့မဟုတ်ရင် စိတ်ဟာ လွတ်မြောက်မှု မရှိဘူး၊ သခ်ါရတွေနဲ့ပဲ သွားနေကြတာကို။ ဘုန်းကြီးတို့တစ်တွေရဲ့ စိတ်ဟာ အမြဲတမ်း ဖြစ်ပျက်နေတဲ့ သခ်ါရတွေနဲ့ နေနေရတာလေ၊ ဖြစ်ပျက်ငြိမ်းတဲ့ နိဗ္ဗာန်နဲ့ နေမှမနေဘူးတာကိုး။ မြတ်စွာဘုရားက ဖြစ်ပျက်ကင်းတဲ့ ဖြစ်ပျက်မှုမပါတဲ့ သခ်ါရတွေချုပ်ငြိမ်းတဲ့ **"သဗ္ဗသခ်ါရသမထ"** သခ်ါရအားလုံးတွေ ငြိမ်းသွားတဲ့ နိဗ္ဗာန်အာရုံလေးနဲ့ ၇-ရက်တိတိနေတာကို ဖလသမာပတ် ခံစားနေတယ်။ **ဝိမုတ္တိသုခ** လွတ်မြောက်မှုချမ်းသာ ခံစားနေတယ်လို့ ဒီလိုပြောတာနော်။ စိတ်ကို အငြိမ်းပေးပြီးတော့နေလိုက်တာ ဗောဓိပင်အနီးမှာတင်ပဲ ၇-ရက် ၇-လီ သီတင်းသုံးလိုက်တဲ့အခါကျတော့ ၄၉-ရက် ကြာသွားတယ်။

ဒီတော့ ၄၉-ရက်ဆိုတော့ ဘယ်လောက်ထိအောင် ရှိသွားတုန်း မြန်မာလနဲ့တွက်ကြည့်မယ်ဆိုရင် ကဆုန်လပြည့်ကျော် ၁-ရက် နေ့ကစပြီးတော့ အဲဒီအနီးမှာ သီတင်းသုံးနေလိုက်တာ ဝါဆိုလဆန်း ၄-ရက်လောက်ထိ ရောက်သွားတာပေါ့။ အဲဒီလို သီတင်းသုံးနေရင်းက နေပြီးတော့ တရားဓမ္မကို ဆင်ခြင်စဉ်းစားတယ်။ အဲဒီ ဖလသမာပတ် ချမ်းသာခံစားတဲ့ အဆင့်ကနေပြီးတော့ တရားဓမ္မကို ဆင်ခြင်စဉ်းစားတယ်။ ဝါဆိုလဆန်း ၄-ရက်လောက်ထိအောင် အပန်းဖြေ နားနေပြီးတော့ ဝါဆိုလဆန်း ၅-ရက်နေ့ ရောက်တဲ့အခါ သမာပတ်ကနေထပြီး ကိုယ်ဆင်ခြင်သိမြင်တဲ့ တရားဓမ္မတွေကို စဉ်းစားလိုက်တာ။ စဉ်းစားလိုက်တော့ မြတ်စွာဘုရားက ပထမဆုံး ဘာသွားပြီးတော့ စဉ်းစားမိ

http://www.dhammadownload.com

တုန်းဆိုရင် အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်နေတယ် ဆိုတဲ့ ဒီပဋိစ္စသမုပ္ပါဒ်ဟာ အင်မတန်နက်နဲတယ်၊ သိဖို့ခက်တယ်။

ဘုရားလောင်းတော်ကစဉ်းစားတာ ငါတွေ့ထားတဲ့တရားဟာ **ဂမ္ဘီရော**၊ အလွန်နက်တယ်။ **ဒုဒ္ဒသော**၊ သာမန်နဲ့မြင်ဖို့ရာ ခက်တယ်။ **နိပုဏော**၊ အင်မတန်မှ သိမ်မွေ့တယ်။ **ပဏ္ဍိတဝေဒနီယော**၊ ပညာရှင်တွေသာ သိနိုင်တယ်။ အင်မတန် နက်နဲခက်ခဲပြီးတော့ သာမန် ပုဂ္ဂိုလ်တွေ လက်လှမ်းမမှီဘူး။ အဲဒီလို တရားတွေထဲမှာလဲပဲ ပဋိစ္စသမုပ္ပါဒ် ဆိုတာဟာ အင်မတန်မြင်ဖို့ခက်တယ်။ ဒါတင်မကဘူး သခ်ါရတရားတွေရဲ့ အားလုံးချုပ်ငြိမ်းမှု အတွယ်အတာ အားလုံးကို စွန့်လွှတ်နိုင်တဲ့ နိဗ္ဗာန်ဆိုတာလည်းပဲ အင်မတန်မှ သိဖို့ခက်တယ်။ ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်မြင်ဖို့ ခက်ခဲဆုံးတရား ၂-ခုပဲတဲ့၊ အဲဒီတရား ၂-ခုကို ကာမဂုဏ် အာရုံတွေနဲ့ ပျော်နေကြတဲ့ ပုထုဇဉ်တွေဟာ သိဖို့ခက်လိမ့်မယ်လို့ စိတ်ထဲမှာ ပေါ်လာတယ်။ အေး အဲဒီလောက်ခက်ခဲနက်နဲတယ်။ ပုထုဇဉ်တွေကလည်း ကာမဂုဏ်အာရုံတွေ ပျော်နေတယ်။ ပျော်နေတဲ့သူတွေကို တရားဟောမယ်ဆိုရင် သူတို့ကလည်း စိတ်ဝင်စားမှာမဟုတ်ဘူး။ နားလဲလည်မှာမဟုတ်ဘူး။ စိတ်မဝင်စား နားမလည်ပဲနဲ့ ဟောနေလို့ ရှိရင် ငါပင်ပန်းရုံပဲဖြစ်မယ်။ အကျိုးဆိုတာ ထွက်လာမှာ မဟုတ်ဘူး။ ရလာဒ်ပေါ်လာမှာ မဟုတ်ဘူး။

ဘုရားဆိုတာ ရလာဒ်မပေါ်တဲ့ အလုပ်ကိုမလုပ်ဘူး။ ကြိုးပမ်းအားထုတ်မှုဟာ ရလာဒ်ရှိရမယ်ပေါ့။ အဲဒီ ဗောဓိပင်အောက်မှာ ပဋိဝေဓဆိုတဲ့ သစ္စာ ၄-ပါးကိုသိတဲ့ ဉာဏ်ကြီးကို ရလာတာ။ ဒါ ပထမဆုံးရလိုက်တဲ့ ဓမ္မစက္ကတစ်ခုပဲပေါ့နော်။ အဲဒီလိုရပြီးတော့ ခု ၄၉-ရက် အပန်းဖြေနားနေပြီး ဆင်ခြင်စဉ်းစားလိုက်တယ်။ ဆင်ခြင်စဉ်းစား

http://www.dhammadownload.com

လိုက်တဲ့အခါ တရားဟောဖို့အတွက် စိတ်မဝင်စားတော့ဘူး။ ဒါတော့ ဖြစ်နိုင်တာပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒီလောက်ခက်တဲ့ဟာ ဘယ်သူမှလဲ နားလည်မှာမဟုတ်ဘူး။ ဟောနေရင်လဲ ငါပဲပင်ပန်းမှာပဲလို့ဆိုတဲ့ ဒီအတွေးလေး ဝင်လာတဲ့အချိန်လေးမှာ သဟမ္မတိ ဗြဟ္မာမင်းကြီးက ဘုရားဘာတွေတွေးနေတုန်းဆိုတာ စဉ်းစားလိုက်တယ်။ လောကကြီးတော့ ပျက်စီးပါပြီ၊ ဘုရား တရားမဟောတော့ဘူးဆိုတဲ့စိတ်ကလေး ပေါ်နေတယ်ဆို ချက်ချင်းဆင်းလာပြီးတော့ အဲဒီနေရာမှာပဲ ဒူးထောက်ပြီး ဘုရားကို တောင်းပန်တယ်။ ဗြဟ္မာမင်း တောင်းပန်တယ်ဆိုတာ အဲဒါနော်။ မြတ်စွာဘုရားဖြစ်တဲ့ အချိန်ကလေးကလည်း တစ်ခဏလေး ဖြစ်လိုက်တာ။

ဗြဟ္မာမင်းကြီးကနေပြီးတော့ တောင်းပန်တယ်။ အရှင်ဘုရား သိတဲ့ပုဂ္ဂိုလ်တွေ ရှိပါလိမ့်ဦးမယ်ဘုရား၊ တရားမနာရလို့ရှိရင် အကုန်လုံး ဆုံးရှုံးပျက်စီးသွားနိုင်ကြပါတယ်။ အဲဒါကြောင့်မို့ တရားဟောပါလို့ တောင်းပန်တဲ့အခါ မြတ်စွာဘုရားက ဗြဟ္မာမင်းကြီးရဲ့ တောင်းပန်မှုကို လက်ခံစဉ်းစားတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့လည်းပဲ ဗြဟ္မာမင်းကြီးရဲ့ တောင်းပန်မှုကို လက်ခံစဉ်းစားရုံမက ကိုယ်တိုင်ကလည်းပဲ သတ္တဝါတွေကို ငါ တရားမဟောဘူးဆိုလို့ရှိရင် ဆင်းရဲတွင်းနက်ကုန်ကြလိမ့်မယ်ဆိုတဲ့ကရုဏာ၊ ဗြဟ္မာမင်းကြီးရဲ့ တောင်းပန်မှုနဲ့ ကိုယ်တော်မှာရှိတဲ့ ကရုဏာ၊ ဒီ ၂-ခုကို အကြောင်းပြုပြီးတော့ ကမ္ဘာလောကကြီးကို ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်တယ်။ သတ္တဝါတွေရဲ့ အခြေအနေကို ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်တယ်။ လေ့လာတာပေါ့နော်။

ဘယ်အရာပဲဖြစ်ဖြစ်လေ့လာရတယ်။ စာသင်တဲ့ဆရာကောင်းတစ်ယောက်ကလည်း ကျောင်းသားတွေထဲမှာ ဘယ်ကျောင်းသား

http://www.dhammadownload.com

ဟာဖြင့် ဉာဏ်တော်တယ်၊ ဘယ်ကျောင်းသားဟာဖြင့် ကြိုးစားမှု ရှိတယ်ဆိုတာ လေ့လာရသလိုပဲ မြတ်စွာဘုရားလည်းပဲ တရားဟော တော့မယ်ဆိုရင် တရားနာမဲ့ ပုဂ္ဂိုလ်တွေအကြောင်းကို လေ့လာလိုက်တာ အသိဉာဏ်နဲ့ထိုင်ပြီးအာရုံပြုပြီး ကြည့်လိုက်တဲ့အခါမှာ သတ္တဝါတွေ အစားစား သွားတွေ့တယ်ပေါ့။ အားလုံးကိုအာရုံပြုတယ်၊ ဘုရားကလည်း အာရုံပြုကြည့်မှသိတာ။ ဒီအတိုင်းနေလို့မသိဘူး။ ဒါသဘာဝကျတယ်၊ ဓားကို ဓားအိမ်ထဲထည့်ထားလို့ရှိရင် အဲဒီဓားက တစ်ခုခုကို ခုတ်ဖြတ်နိုင်ပါ့မလား မဖြတ်နိုင်ဘူး။ အဲတော့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကလည်း အသုံးမချဘူးဆိုလို့ရှိရင် ဘယ်သိမလဲ။ ဉာဏ်ဆိုတာ မီးထွန်းထားသလို အမြဲလင်းနေတာမှ မဟုတ်တာ၊ အသုံးချလိုက်လို့ သိချင်ပြီဆိုရင် သိလာတာက **အနာဝရဏ**၊ သိချင်တဲ့ အကြောင်းအရာတစ်ခုဘက် ဦးလှည့်လိုက်တာနဲ့တပြိုင်နက် အဆို့အပိတ်မရှိ အကုန်အစင် အကုန်သိတာ၊ ဒါဉာဏ်ရဲ့စွမ်းရည်သတ္တိ။

ဘုန်းကြီးတို့တစ်တွေကျတော့ ဒီလိုမှမဟုတ်တာ။ သိချင်လို့ ရှိရင်လည်းပဲ ခေါင်းသာကုပ်နေရတာ သိမှမသိတာ ခေါင်းအကြိမ်ကြိမ် ကုပ်လို့ အဲဒီမှာ အသိဉာဏ် ထွက်လာမလားဆို ထွက်မှာမဟုတ်ဘူး။ ဘာဖြစ်လို့တုန်းဆို အပိတ်အဆို့တွေရှိနေလို့ မြတ်စွာဘုရားကျတော့ အဲဒီလို အပိတ်အဆို့ မရှိဘူးလို့ပြောတာ။ သိချင်လို့ စဉ်းစားလိုက်တာနဲ့ တပြိုင်နက် အကုန်လုံး ရှင်းရှင်းလင်းလင်းကြီး အကုန်သိသွားတယ်။ အကျန်အကြွင်းမရှိသိတယ်၊ သိချင်လို့ပြဿနာလေးတစ်ခု အမေးလေးတစ်ခု အဖြေရှာလိုက်ရတာ ကိုယ်ကြိုက်တဲ့အဖြေကို မတွေ့နိုင်ဘူးနော်။ အဲဒါ ဉာဏ်ရဲ့စူးရှမှုမရှိတာ၊ ဉာဏ်ရဲ့စွမ်းရည်သတ္တိဟာ တုံးနေတာလို့ ပြောတာ၊ ဘုရားကျတော့ အဲဒီလို မဟုတ်ဘူး။ သိချင်လို့

http://www.dhammadownload.com

ကြည့်လိုက်တာနဲ့တပြိုင်နက် အပိတ်အဆို့မရှိ အားလုံးကို ကုန်စင်အောင် သိတာ။ ဒါ **သဗ္ဗညုတ** ဉာဏ်တော်ကြီးရဲ့ စွမ်းရည်သတ္တိပဲ။

အဲတော့ သတ္တဝါတွေရဲ့ အခြေအနေကို ကြည့်တာ၊ ဘာနဲ့ကြည့်တုန်းဆိုတော့ မြတ်စွာဘုရားက **ဗုဒ္ဓစက္ခု**ဆိုတဲ့ ဘုရားမျက်လုံးနဲ့ကြည့်တာ၊ ဘုရားမျက်လုံးဆိုတာ တင်စားပြီးတော့ပြောတာ၊ ဉာဏ်ကို သုံးတဲ့အခါကျတော့ ၂ -မျိုးရှိတယ်။ သိတယ်လို့ ပြောတာဟာ ဉာဏ်ရဲ့စွမ်းရည်သတ္တိ၊ ဉာဏ်ရဲ့လက္ခဏာကို ပြောတာ။ မြင်တယ်လို့ ပြောတာကျတော့ ဉာဏ်ရဲ့ကိစ္စကိုပြောတာ။ အဲဒီ အသုံး၂-ခုက အမြဲတမ်းရှိတယ်။ သိတယ် မြင်တယ်နော်။ သိတယ်ဆိုတာ ဉာဏ်ရဲ့အသွင်အပြင် လက္ခဏာ၊ မြင်တယ်ဆိုတာ ဉာဏ်ရဲ့ကိစ္စ၊ စက္ခုလို့လည်း သုံးတယ်။

ဗုဒ္ဓစက္ခုဆိုတာ တခြားမဟုတ်ဘူး။ **အာသယာနုသယဉာဏ်** **အာသယ အနုသယ၊ အာသယ**ဆိုတာ သတ္တဝါတွေရဲ့ဆန္ဒ ဒီလူရဲ့အနေအထား စိတ်အနေအထား ဘယ်လိုရှိသလဲ၊ **အနုသယ**ဆိုတာ သူ့ရဲ့သန္တာန်အခြေအနေတွေ ဘယ်လိုရှိသလဲ၊ သူ့သန္တာန်မှာ အစဉ်အလာက ကိန်းလာတဲ့ အနေအထားတစ်ခုဟာ ဘယ်လိုရှိသလဲ အာသယာနုသယဉာဏ်။ နောက်တစ်ခုက ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ **ဣန္ဒြိယ** ဆိုတာ **သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာလို့**ဆိုတဲ့ ဒီစွမ်းရည်သတ္တိတွေက ထက်နေပြီလား၊ နုံနေသေးသလား၊ ရင့်ကျက်လာပြီလား၊ မရင့်ကျက်သေးဘူလားဆိုတာကို သိတာ။ သဒ္ဓါတရား နုနေသေးတဲ့ပုဂ္ဂိုလ်ကိုသွားပြီး အတင်းတရားဟောလို့လည်း သဒ္ဓါတရားက ထက်လာမှာမဟုတ်ဘူး။ ဝီရိယပျော့နေတဲ့ပုဂ္ဂိုလ်ကြည့်လေ၊ သဒ္ဓါနုတယ်ဆိုတာ စွမ်းအားသတ္တိက ပျော့ညံ့နေတာ၊ ယုံကြည်မှု

http://www.dhammadownload.com

မပြင်းထန်ဘူး။ မပြင်းထန်သည့်အတွက်ကြောင့် အလုပ်လုပ်တဲ့အခါ မအောင်မြင်ဘူး၊ ဝီရိယကလည်း ကြိုးပမ်းအားထုတ်မှုက မထက်သန်ဘူး၊ ထက်သန်တဲ့ဝီရိယကျတော့ အရိုးကြေကြေ အရည်ခမ်းခမ်းလို့ အားထုတ်တယ်။

အေး- မထက်သန်တဲ့ ဝီရိယဆိုတာ ဘာတုန်း ဆိုလို့ရှိရင် နည်းနည်းလေး ညောင်းလိုက်တာနဲ့ ထပြေးတာ၊ ကမ္မဋ္ဌာန်းထိုင်ရင်လည်းပဲ နည်းနည်းလေးမှ အညောင်းမခံဘူးနော် လျော့ချင်လာတယ်။ အဲဒါက ဝီရိယက ညံ့နေသေးတယ်လို့ ပြောတာ။ မြတ်စွာဘုရားက ကြည့်တာ သဒ္ဓါစွမ်းအားထက်တဲ့ပုဂ္ဂိုလ် ဘယ်သူရှိသလဲ၊ ဝီရိယစွမ်းအားနဲ့ သေသေကြေကြေလုပ်မဲ့ပုဂ္ဂိုလ်က ဘယ်သူရှိသလဲ၊ သတိစွမ်းအားကလည်း ရင့်ကျက်နေတဲ့ပုဂ္ဂိုလ်က ဘယ်သူရှိသလဲ၊ သမာဓိစွမ်းအားထက်မြက်နေတာ ဘယ်သူရှိလဲ၊ ပညာဉာဏ်ကလည်း ထက်မြက်နေတဲ့ပုဂ္ဂိုလ်ဘယ်သူရှိလဲ၊ ထက်မြက်မှု ရှိမရှိ ဒါတွေကို ကြည့်တာ ဣန္ဒြိယပရောပရိယတ္တိဉာဏ်လို့ခေါ်တယ်။

မြတ်စွာဘုရားက အဲဒီဉာဏ်(၂)မျိုးကို အသုံးချပြီးတော့ လောကကြီးကိုရှုကြည့်လိုက်တဲ့အခါမှာ ကြာ-၃ မျိုးနဲ့ အလားသဏ္ဌာန်တူတဲ့ လူ-၃ မျိုးပေါ်လာတယ်။ လူ-၃ မျိုးဆိုတာ အုပ်စု-၃ ခုပေါ့။ ကြာအုပ်စုက ဘယ်လိုဟာတုန်းဆိုရင် ကြာပန်းတွေပွင့်နေတဲ့ အိုင်ကြီးတစ်ခုကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် တချို့ကြာတွေက ရေပေါ်ထိအောင် ပေါ်မလာဘူး။ ရေမျက်နှာပြင်အောက်ငုပ်ပြီးတော့နေတဲ့ ကြာမျိုးကရှိတယ် အပေါ်တက်မလာနိုင်ဘူးပေါ့နော်။ အပေါ်တက်လာမဲ့အနေအထားမရှိဘူး။ ရေမျက်နှာပြင်ပေါ်ကို မရောက်သေးဘူး။ ရေအောက်မှာပဲ ရေရဲ့ မျက်နှာပြင်အောက်မှာ ငုပ်လျှိုးပြီးတော့နေတဲ့

http://www.dhammadownload.com

ကြာအပေါ်မှာ အဖူးအပွင့် မထွက်သေးဘူးလို့ ပြောတာနော်။ အဲဒီကြာမျိုးကလည်း တစ်မျိုးပဲ၊ နောက် တချို့ကြာကျတော့ အပေါ်မှာ အပွင့်ကလေးတက်လာတယ်။ သို့သော် ရေမျက်နှာပြင်နဲ့ **Level** ဖြစ်နေတယ်။

နောက်ကြာတစ်ခုကျတော့ ရေမျက်နှာပြင်ပေါ်မှာ ကြွားကြွားကြီး အပေါ်တက်လာတယ်။ ကြာလေးဟာ မရင့်သေးဘူးဆိုရင် ရေအောက်မှာ မြုပ်နေတယ်။ နည်းနည်းလေး ရင့်လာပြီဆို အပေါ်နည်းနည်း တက်လာတယ်။ ပွင့်တော့မဲ့ အနေအထားဆိုရင် ရေနဲ့ တစ်ထွာတစ်မိုက်လွတ်လာတယ်။ ဒီလို သတ္တဝါ-၃မျိုးကို သွားတွေ့တယ်။

ဒီသတ္တဝါ-၃ မျိုးဟာ ကြာ-၃ မျိုးလိုပဲ။ သတ္တဝါ-၃ မျိုး၊ ပထမသတ္တဝါက ရေထဲမှာပဲ ငုပ်ပြီးတော့ ကြီးနေတဲ့ဟာ၊ ဘယ်တော့မှ ပေါ်လာမှာမဟုတ်ဘူး။ အဲဒီပုဂ္ဂိုလ်မျိုးကနော် ရေထဲမှာငုပ်နေတဲ့ ကြာမျိုးလိုပဲ တရားဟောရင်လည်း ပွင့်ဖို့သိပ်ပြီးတော့ မလွယ်သေးဘူးပေါ့။ နောက်တစ်ခါ ရေမျက်နှာပြင်ပေါ်မှာ မျက်နှာပြူလာတဲ့ ကြာမျိုးလည်း ရှိတယ်။ အဲဒီ သတ္တဝါမျိုးကျတော့ အချိန်စောင့်ရဦးမယ်ပေါ့။ ရေထဲမှာ ငုပ်နေတဲ့ကြာလည်း အချိန်စောင့်ရဦးမယ်။ ရေမျက်နှာပြင်ပေါ်မှာ မျက်နှာပြင်နဲ့တစ်ညီတည်းဖြစ်လာတဲ့ ကြာမျိုးကလည်း အချိန်စောင့်ရဦးမယ်။ ချက်ချင်းပွင့်နိုင်ဖို့ မရှိသေးဘူး။ အဲဒီထဲမှာ ရေမျက်နှာပြင်ပေါ်တက်လာပြီးတော့ အပေါ်မှာပွင့်တော့မဲ့ အနေအထားရှိနေတဲ့ ကြာက ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်၊ ဣန္ဒြေတွေထက်သန်နေတဲ့ပုဂ္ဂိုလ်၊ တရားလေးဟောလိုက်တာနဲ့ တပြိုင်နက် အဲဒီပုဂ္ဂိုလ်ဟာ နေရောင်နဲ့သင့်လို့ ကြာပန်းကြီး ပွင့်လာသလိုပဲ ရှေ့လောကဓာတ်မှ နေထွက်လို့ နေရောင်နဲ့ ထိလိုက်ရော ကြာပန်းကြီးက ပွင့်ထွက်လာသလိုပဲ ဓမ္မတည်းဟူသော

http://www.dhammadownload.com

နေရောင်နဲ့တွေ့လိုက်တာနဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဟာ ပွင့်သွားမယ်။ အဲဒါက **ဥဋ္ဌဒိတညူ** ပုဂ္ဂိုလ်မျိုးကို ရည်ညွှန်းပြီးပြောတာ၊ အဆင်သင့် ဖြစ်နေပြီ၊ ကြာပန်းကြီးတစ်ခုဟာ ပွင့်ဖို့အဆင်သင့် ဖြစ်နေတယ်။ အဲဒါလိုပဲ အသိဉာဏ်တွေ **သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ** တွေ ထက်နေလို့ အဆင်သင့်ဖြစ်နေတဲ့ ပုဂ္ဂိုလ်မျိုးကလည်း ရှိတယ်နော်။

အဆင်သင့်မဖြစ်သေးဘူး၊ စောင့်ရဦးမယ်၊ ၄-၅-ရက် ရေမျက်နှာပြင်ပေါ်မှာ အခုမှ ပြူလာကာရှိသေးတယ် ဆိုတာကျတော့ မရင့်ကျက်သေးဘူး၊ အဲဒီ ပုဂ္ဂိုလ်မျိုးက တစ်မျိုး။ အဲဒီ ပုဂ္ဂိုလ်မျိုးကျတော့ **ဝိပဉ္စိတညူ** လို့ခေါ်တယ်။ အကျယ်ရှင်းပြမှ သဘောပေါက်မဲ့ ပုဂ္ဂိုလ်မျိုးတွေ ဉာဏ်ရည်ဉာဏ်သွေးက မပြည့်စုံသေးဘူး၊ ရေထဲမှာငုပ်ပြီးတော့နေတဲ့ ရေပေါ်မှာ ပေါ်မလာသေးတဲ့ သတ္တဝါကျတော့ ခုနက စောင့်ဦး၊ ခုနက ၇-ရက် စောင့်ရရင် သူက ၇-ရက် နှစ်လီ စောင့်ရမယ် ပေါ့၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ အချိန်အကြာကြီး ယူပြီးတော့မှ သူက အသိဉာဏ်ရမဲ့ပုဂ္ဂိုလ်မျိုး **နေယျ**ပုဂ္ဂိုလ်လို့ ဒီလိုခေါ်တယ်နော်။

နေယျ ပုဂ္ဂိုလ်ဆိုတာ ကမ္မဋ္ဌာန်းယူပြီးတော့ကျင့်၊ ၁၀-ရက် စခန်း အကြိမ်ကြိမ်ဝင်နော် တစ်သက်လုံးအားထုတ်၊ အတော်နဲ့မရနိုင်ဘူး၊ နောက်ဆုံး တကယ့်ကို ကြိုးစား အားထုတ်တဲ့အခါမှ တရားထူးတရားမြတ်ရတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။ အချိန်တွေအများကြီး ယူရမဲ့ ပုဂ္ဂိုလ်မျိုးပဲ။ အဲဒီပုဂ္ဂိုလ်-၃စားကို သွားတွေ့လိုက်တယ်။ သွားတွေ့လိုက်တဲ့အခါကျတော့ ခုနကပြောခဲ့တဲ့ ပွင့်ဖို့ရာအဆင်သင့်ဖြစ်နေတဲ့ ကြာပန်းကြီးလို ပုဂ္ဂိုလ်မျိုးတွေ လောကကြီးမှာ ရှိနေသေးတယ်ဆိုတာကို မြတ်စွာဘုရားက ဒီဥပမာနဲ့ ထင်ထင်ရှားရှား တွေ့လိုက်တယ်နော်။

http://www.dhammadownload.com

ပဋိဝေဓဉာဏ် ရဖွားပြီးတဲ့အခါ ဒေသနာဉာဏ်လို့ဆိုတဲ့ ဓမ္မစက္ကကို အသုံးချဖို့အတွက် ကြည့်လိုက်တာ တရားနာပရိသတ် တရားနာမဲ့လူမရှိပဲနဲ့ ဒေသနာဉာဏ်ဆိုတာ ဖြစ်နိုင်တာမှ မဟုတ်တာကိုး၊ ဒီတော့ ပဋိဝေဓဉာဏ်ဆိုတဲ့ ဓမ္မစက္ကကို ရရှိပြီးတဲ့နောက်မှာ ဒေသနာဉာဏ်ဆိုတဲ့ ဓမ္မစက္ကကို အသုံးချဖို့အတွက် ဘုရားက သတ္တဝါတွေကို လောကကြီးတစ်ခုလုံး ခြုံငုံပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ကြာ ၃-မျိုးနဲ့ အလားသဏ္ဌာန်တူတဲ့ ပုဂ္ဂိုလ်-၃မျိုးကို သွားတွေ့တယ်၊ ပြီးတော့ စဉ်းစားလိုက်တယ်။ အဲဒီကြာနဲ့ အလားသဏ္ဌာန်တူတဲ့ ပုဂ္ဂိုလ်တွေကို ပထမဆုံးခေါင်းထဲဝင်လာတာဘယ်သူလဲလို့ဆိုရင် အာဠာရကာလာမရသေ့ကြီး တကယ့်သူတော်ကောင်းကြီးပဲ အသိဉာဏ်လဲထက်တယ် စျာန်အဘိဉာဏ် ကျင့်ကြံကြိုးကုတ်အားထုတ်လိုက်တာ ၇-ဆင့်ထိ အောင် ပေါက်ထားပြီးသားပုဂ္ဂိုလ်ကြီး၊ အေး သူ့ကိုဟောလိုက်ရမယ် ဆိုရင် သူဟာ အဆင်သင့်ပွင့်တော့မဲ့ အနေအထားရှိတဲ့ ကြာမျိုးနဲ့ အလားသဏ္ဌာန်တူတယ်။ ရှင်းပြလိုက်တာနဲ့ သူဟာ လုံးဝ သဘော ပေါက်သွားနိုင်တယ်၊ သူ့ကိုငါအရင် တရားဟောမှပဲလို့ဆို စဉ်းစား လိုက်ကာရှိသေး အနီးအနားကနေပြီးတော့ ပြောတဲ့အသံကြားလိုက် တယ်။ "အရှင်ဘုရားတဲ့ အာဠာရကာလာမကြီးသေတာ ၇-ရက်ရှိသွား ပြီဆို"တဲ့ စကားသံကိုကြားတယ်။ ဘယ်သူက လာပြောတုန်းဆို မမြင် ရတဲ့နတ်ကနေ လာပြောလိုက်တာ။

မြတ်စွာဘုရားကလည်းပဲ အဲဒီလို အာဠာရကာလာမကို စဉ်းစားလိုက်ပြီးတဲ့အခါ သူကြည့်လိုက်တော့ "ဩော် သူသေသွားတာ ၇-ရက်တောင် ရှိပြီ"ဆိုတော့ ဘုရားရဲ့ဉာဏ်တော်ထဲမှာ "ဩော် ဆုံးရှုံး သွားရှာပြီ၊ ဒီတရားမြတ်ကို သူနာလိုက်ရင် ချက်ခြင်းသဘောပေါက်

http://www.dhammadownload.com

သွားမှာ ခုတော့သူမရှိတော့ဘူး" မရှိတော့ရင် လိုက်တရားဟောလို့ရော ရမလားဆို မရဘူး၊ အာကိဉ္စညာတနဘုံဆိုတာက နာမ်ချည်းဖြစ်တဲ့ဘုံဆိုတော့ နားမှမပါတာ၊ နားမပါတဲ့လူကို လိုက်တရားဟောလို့ ဘယ်ရမလဲနော်။ အဲဒါကြောင့် ဘုရားက ဆုံးရှုံးသွားရှာပြီ ခုလည်း ရှိနေမှာပဲ ဘယ်ဘုရားလက်ထက်မှ ကျွတ်မယ်တော့မသိဘူး၊ အရူပဘုံမှာ သူရှိနေဦးမှာပဲ။

တစ်ခါ အာဠာရကာလာမ မရှိတော့ဘူးဆိုရင် နောက်တစ်ယောက်ကို စဉ်းစားတယ်။ သူ ဆရာတော်ခဲ့ဖူးတဲ့ ဥဒကရာမပုတ္တကို ကြည့်လိုက်တယ်၊ ဥဒကရာမပုတ္တဟာ ဒီတရားနာလိုက်ရင်တော့ ထူးထူးခြားခြား သိမှာပဲလို့ တွေးလိုက်တဲ့အချိန်မှာ ခုနက နတ်သားတစ်ယောက်က "အရှင်ဘုရား ညသန်းခေါင်ကပဲဆုံးသွားပြီတဲ့၊ ဒီလူကလည်း မရှိတော့ဘူးတဲ့ ညဦးယာမ်ကပဲ ဆုံးသွားပြီတဲ့"။ မြတ်စွာဘုရား ဉာဏ်တော်မှာလည်းပဲ "သြော် ဥဒကရာမပုတ္တကြီး မရှိတော့ဘူး၊ ဆုံးသွားပြီဆိုတာ ဉာဏ်ထဲမှာလည်း ပေါ်လာတယ်တဲ့"။ ဥဒကရာမပုတ္တကလည်း အလွန်ဉာဏ်တော်တဲ့ပုဂ္ဂိုလ်၊ ဒီတရားကို နာလိုက်ရရင် သူချက်ချင်း သဘောပေါက်သွားမှာပဲ၊ တရားထူး တရားမြတ်ရမှာ၊ အခုတော့ ဆုံးရှုံးနစ်နာသွားပြီ၊ တရားဦးဟောဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ လက်ခံနိုင်တဲ့ပုဂ္ဂိုလ်ကို အရင်စဉ်းစားရတယ်နော်၊ ဘာဖြစ်လို့တုန်းဆို တရားက အလွန်ခက်ခဲတာ။

အဲဒါနဲ့ ဘုရားကဆက်ပြီးတော့ စဉ်းစားလိုက်တယ်၊ အာဠာရကာလာမလည်း မရှိဘူး။ ဥဒကရာမပုတ္တလည်း မရှိဘူးဆိုတော့ ဘာသွားသတိရတုန်းဆို ငါတရားအားထုတ်နေတုန်းက ငါ့နားမှာ ဝတ်ကြီးဝတ်ငယ်ပြုတဲ့ ဘုရားသီတင်းသုံးတဲ့ လမ်းနားလေးမှာ တောထွက်

http://www.dhammadownload.com

နေတဲ့ အနားမှာ ရေအိုးလေးတွေ ဘာလေးတွေ တည်ပေးတယ်နော်၊ တံမြက်စည်းလေး ဘာလေး လှဲပေးတာတို့ပေါ့။ ဝေယျာဝစ္စ လုပ်ပေးကြတယ်၊ ပဥ္စဝဂ္ဂီ၅-ဦး သူတို့ဟာ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေပဲ၊ သူတို့ကို တရားဟောရရင်တော့ သိမှာပဲ၊ သူတို့ဘယ်ရောက်နေသလဲလို့ ကြည့်လိုက်တဲ့အခါ စွန့်ခွာသွားပြီးတော့ ဥရုဝေလကနေ ကဆုန်လဆန်း လောက်ကတည်းက ထွက်သွားတာ။ ဗာရာဏသီက ဂ္လသိပတနတော ဘက်ကို ရောက်နေကြတယ်ဆိုတာ ဘုရားမြင်တယ်။ မြင်လိုက်တာနဲ့ “ကဲ ပဥ္စဝဂ္ဂိတွေကိုပဲ အရင်တရားဟောမယ်၊ ငါ့အပေါ်မှာ ကျေးဇူးများခဲ့တယ်။ ငါ့ရဲ့ဝေယျာဝစ္စတွေ့ သူတို့ လုပ်ပေးဖော်ရတယ်၊ သူတို့ကိုပဲ အရင်ဟောမယ်” လို့ ကျေးဇူးများတာကိုလည်းပဲ မြတ်စွာဘုရားက တစ်ခု တွက်ကြည့်တယ်၊ နောက်တစ်ခုကတော့ ခုနက **သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ** လို့ဆိုတဲ့ ဂ္လန္ဒြေရင့်ကျက်မှုကိုလည်းပဲ မြတ်စွာဘုရားက ကြည့်တယ်ပေါ့နော်။

ဒါကြောင့်မို့လို့ ပဥ္စဝဂ္ဂိတွေကို ငါ တရားဟောမယ်၊ ဝါဆိုလဆန်း ၅-ရက်နေ့မှာ ဒီအတွေးပေါက်ပြီးတော့ ဥရုဝေလတောမှာ ၁-ရက် ၂-ရက်မျှသာ သီတင်းသုံးပြီး ဝါဆိုလဆန်း ၆-ရက် ၇-ရက် လောက်မှာ စပြီးထွက်တယ်လို့ ပြောရမှာပေါ့နော်။ ဥရုဝေလတော ဗောဓိပင်ကနေပြီးတော့ ဂယာဘက် ဒီကနေ့ ဘုရားဖူးရောက်ဖူးတဲ့ သူတွေ သိပါလိမ့်မယ်၊ ဘုရားအလောင်းဟာ ဂယာနဲ့ မဟာဗောဓိကြားက ၃-ဂါဝုတ်ရှိတယ်၊ ၃-ဂါဝုတ်ဆိုတာ တစ်ယူဇနာမပြည့်ဘူး။ တစ်ယူဇနာ ဆိုလို့ရှိရင် ၈-မိုင်လို့ခေါ်တယ်၊ ခုခေတ် မိုင်နဲ့ပြောရင် ၈-မိုင်လောက်ရှိတယ်ပေါ့။ အဲတော့ ၆-မိုင်လောက် အနေအထားပေါ့နော်၊ ခုခေတ်နဲ့ပြန်တွက်ကြည့်ရမှာပေါ့။ ခုခေတ်ဂယာနဲ့ သွားပြီး

http://www.dhammadownload.com

သတ်မှတ်လို့ မရဘူးပေါ့။ ရှေးတုန်းကတော့ ဗောဓိပင်နဲ့ ဂယာကြားမှာ ၃-ဂါဝုတ် ခရီးရှိတယ်လို့ စာထဲမှာ ဒီလိုပါတယ်။

မြတ်စွာဘုရားဟာ ဈာန်အဘိညာဉ်နဲ့ မကြွဘဲနဲ့ ဗာရာဏသီကို ၁၀-ရက်လောက် ခရီးသွားတယ်၊ ကုန်းကြောင်းသွားတယ်။ ကုန်းကြောင်းခရီးထွက်သွားတော့ ဂယာနဲ့ ဗောဓိပင်ကြားမှာ ဥပက ဆိုတဲ့ အာဇီဝကကြီးနဲ့ သွားဆုံမိတယ်။ အာဇီဝကဆိုတာ အဝတ် မဝတ်ဘဲနဲ့ကျင့်တဲ့ တက္ကတွန်းကို ခေါ်တာ။ ဒီကနေ့ခေတ်မှာလည်း အိန္ဒိယသွားတဲ့လူတွေ တွေ့ဖူးလိမ့်မယ် ဂျိန်းဘုန်းကြီးတွေဆိုတာ အဝတ်မှမဝတ်တာနော်၊ အဲဒါကို သွားဖူးတဲ့သူက ရှိသေးတယ်။ ထိုင်းဘုန်းကြီးတစ်ပါးက အဲဒီမှာ Television သွားရိုက်တယ်၊ အဲဒီ ဂျိန်းဘုန်းကြီးနဲ့ အတူတူထိုင်ပြီး စကားတွေပြောလို့ အဲဒီမှာ ဟိုကိုယ်တော်က အဝတ်ဝတ်တာ မဟုတ်ဘူး။

သူကြည်ညိုတဲ့ဒကာဒကာမတွေက ဆွမ်းကျွေးလို့ရှိရင်လည်း သူ့ထဲမှာ သပိတ်မပါဘူး၊ လာလို့ရှိရင် သူက လက်ကလေးဖြန့်ရင် အဲဒီလက်ထဲ ထည့်စားလိုက်၊ နောက်တစ်ခါ လက်ကမ်းလိုက် ထပ်ထည့်လိုက် စားလိုက်နဲ့ လက်ထဲထည့်ပေးရတာ။ ဒါကြောင့်မို့ ငယ်ငယ်တုန်းက စာသင်တုန်းက **ဟတ္ထေသု ပိဏ္ဍာယ စရတိ** ဆိုတဲ့ စကားလုံးလေးပါတယ်၊ လက်တို့ဖြင့် ဆွမ်းခံတယ်ဆိုတဲ့စကားရှိတယ်၊ ရဟန်းတွေကို အဲလို လက်နဲ့ဆွမ်းခံခွင့်မပြုဘူး။ ဘုရားက သပိတ်နဲ့ ဆွမ်းခံရမယ် လက်နဲ့ဆွမ်းမခံရဘူး။ ဘာဖြစ်လို့တုန်းဆို အဲဒီအကျင့်ကျင့်တဲ့ပုဂ္ဂိုလ်တွေက လက်နဲ့ဆွမ်းခံတာ၊ သပိတ်မဆောင်ဘူး။ ဒကာဒကာမက သူ့လက်ထဲ ထည့်ပေးရတာ၊ ထည့်လိုက် စားလိုက်၊ ထည့်လိုက် စားလိုက်ပဲ။ စားပြီးတဲ့အခါကျတော့ လက်တွေဘာတွေ ခုခေတ်

http://www.dhammadownload.com

တော့ ဆေးပေးတယ်ထင်ပါရဲ့၊ ဟိုတုန်းကတော့ တင်ပါးသုတ်လိုက်ပုံ ရပါတယ်။

အာဇီဝက ဥပကကြီးနဲ့ လမ်းမှာဆုံမိရော ဘုရားက အဲဒီ အချိန်မှာ ၃၅-နှစ်အရွယ် ငယ်ငယ်ရွယ်ရွယ်ရှိသေးတယ်။ အင်မတန် ရုပ်ကလည်းလှ သပ္ပါယ်တယ်၊ သူတော်စင်အနေအထားနဲ့ တည်တည် ငြိမ်ငြိမ်ကို သွားတာ၊ အဲဒီခေတ်ကလည်း အလွန်ရှားတယ်။ ငယ်ရွယ် သူတွေက ဘာသာရေးတရား မလုပ်ဘူး၊ လူငယ်လူရွယ်တွေဆိုတာ ကာမဂုဏ်ချမ်းသာခံစားနေတဲ့ အနေအထားပဲရှိတယ်။ ဥပကတို့ဆိုတာ သက်ကြီးရွယ်အိုတွေ အဖိုးကြီးအဖွားကြီးတွေ၊ အဖိုးကြီးတွေဖြစ်နေမှ အဲဒီတရား ကျင့်ကြတာကို၊ အဲဒီခေတ်က အဲဒီမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သူတော်စင်ကို မြင်ရတဲ့အခါ ဥပကကြီးက သူ့စိတ်ထဲမှာ နည်းနည်းအံ့အားသင့်တယ်၊ နေစမ်းပါဦးတဲ့၊ ကိုယ်တော့်အသားအရေကြည့်လိုက်ရတာလည်း စိုလို့ ပြေလို့ ဣန္ဒြေတွေကလည်း ပြည့်ပြည့်ဖြိုးဖြိုးလေးနဲ့ ဘယ်သူ့ကိုရည်ညွှန်းပြီးတော့ သာသနာ့ဘောင်မှာရဟန်းပြုတာလဲ၊ ဘယ်သူ့တရား ကြိုက်တာလဲဆိုပြီး မေးမြန်းစုံစမ်းတယ်။

ဘုရားကပြောတယ် သူဟာ အားလုံးကို စွန့်လွှတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ပေါ့၊ တရားဓမ္မတွေကို ကိုယ်တိုင်သိထားသည့် အတွက်ကြောင့် ဘယ်သူ့ကိုဆိုတာ ငါရည်ညွှန်းစရာ မရှိဘူးပေါ့။ လောကမှာ ငါဟာ ထူးခြားတဲ့ တရားတစ်ခုကို ကိုယ်တိုင်သိလာတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ငါ့မှာ ဆရာမရှိဘူးလို့ပြန်ပြောတယ်။ ဒါက ဘာကို ရည်ညွှန်းပြောလဲဆိုတော့ အာဠာရကာလာမတို့ ဥဒကရာမပုတ္တတို့ဆီ သမထကျင့်စဉ်ကျင့်နည်းခံတာ၊ အဲဒီနည်းနဲ့ ဒီအသိဉာဏ်ထူးရတာ မဟုတ်ဘူးနော်၊ ကိုယ်တိုင်တီထွင်လိုက်တဲ့နည်းလမ်းနဲ့ ဝိပဿနာ

http://www.dhammadownload.com

ကျင့်စဉ်ကို ကျင့်ပြီးတော့ ဒီ သဗ္ဗညုတဉာဏ်တော်ကြီးကိုရတာ၊ **အနုတ္တရသမ္မာသမ္ဗောဓိ** ကိုရတဲ့နေရာမှာ ဆရာမရှိဘူးလို့ပြောတာ။

ဘုရားက ဘာဆက်ပြောတုန်းဆိုရင် **"ဓမ္မစက္ကံ ပဝတ္တေတုံ ဂစ္ဆာမိ ကာသိနံ ပုရံ"** ဓမ္မစက္ကဆိုတဲ့ ဒေသနာဉာဏ်ကို အသုံးချဖို့အတွက် ကာသိတိုင်းရဲ့မြို့တော်ကြီးကို ငါသွားရလိမ့်မယ်။ **"အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒြဘိံ"** လောကကြီးဟာ အမှောင်ကျနေတယ်တဲ့၊ အမှောင်ကျနေတဲ့ လောကကြီးထဲမှာ ငါဟာ **အမတဒုန္ဒြဘိ**ဆိုတဲ့ မသေရာ ဓမ္မအမြိုက်စည်ကြီးကို တီးခတ်မယ် တရားဟောမယ်လို့ ပြောတာနော်။

အဲဒီစကားနဲ့ ပြန်ကြားပြောဆိုလိုက်တဲ့အခါ ဥပကကြီးက သဘောကျတယ်၊ "အရှင်ဘုရားကို **ဇိန**လို့ခေါ်လို့ရမလားတဲ့" **ဇိန** ဆိုတာ Conqueror အောင်မြင်သူ အောင်နိုင်သူ ဘာတွေကို အောင်နိုင်သွားတာတုန်းဆိုရင် ကြည့်- ကိလေသာတွေကို အောင်နိုင်ခဲ့တာ။ ဘုန်းကြီးတို့တစ်တွေက ကိလေသာတွေကို မအောင်နိုင်ဘူး၊ အရှုံးပေးနေကြရတာနော်။ လောဘဖြစ်ရင်လည်း လောဘကိုအရှုံးပေး လိုက်ရတာပဲ၊ ဒေါသဖြစ်ရင်လည်း ဒေါသကို အရှုံးပေးလိုက်ရတာ၊ မောဟဆိုတာ မပြောနဲ့တော့ အရှုံးပေးနေရတာ အမြဲတမ်းနော်။ အဲဒီလို ကိလေသာတွေကို အရှုံးပေးနေရတဲ့ ရှုံးနေတဲ့လူတွေသာ ဖြစ်တယ်။ မြတ်စွာဘုရားကတော့ မဟုတ်ဘူး၊ Conqueror အောင်နိုင်သူ ကိုယ့်စိတ်ကို အောင်နိုင်ခဲ့ပြီ။ စိတ်က ဘုရားရဲ့အလိုအတိုင်း ဖြစ်ရတယ်၊ သူက စိတ်အလိုအတိုင်း မဖြစ်တော့ဘူး။ စိတ်ကို ပိုင်စိုးသွားတယ်။ ဘုရားက ဒါကြောင့်မို့ သူက အောင်နိုင်သူအစစ် အားလုံးကို ချုပ်ကိုင်ထားနိုင်တဲ့ အနေအထားရှိတယ်။

http://www.dhammadownload.com

ဘုန်းကြီးတို့တစ်တွေ ကိုယ့်စိတ်ကို မချုပ်ကိုင်နိုင်ဘူး၊ မချုပ်ကိုင်နိုင်လို့ ကိုယ်က အရှုံးသမားပဲ၊ အရှုံးသမားဘဝက မလွတ်ကြသေးဘူး၊ ဘုရားကျတော့မှ တကယ့်အနိုင်ရတဲ့ပုဂ္ဂိုလ် ဖြစ်သွားတယ်။ ဒါကြောင့်မို့ သူဟာ အနိုင်ရသူ ဇိန ဆိုတဲ့နာမည် မြတ်စွာဘုရားက ပြောတယ်၊ ဥပကကြီးက သဘောကျတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားပြောတော့ သဘောကျ မိတ်ဆွေဖွဲ့ပြီး သူက သူသွားမယ့်လမ်းကို ရှောင်ပေးလိုက်တယ်၊ အသက်အရွယ်ကြီးပေမယ့်လို့ သူလေးစားသွားတယ်။ အသက်အရွယ်ငယ်ပေမယ့် ဘုရားကိုလေးစားလို့ အရိုအသေပေးပြီးတော့ သူက လမ်းဖယ်ပေးလိုက်တယ်၊ လမ်းမှာဆုံကြတာကိုး။

အဲဒီကနေ မြတ်စွာဘုရားက ကုန်းကြောင်းကြွသွားတာ၊ ဒီခရီးက ဘယ်လောက်ဝေးတုန်းဆိုရင် အခုခေတ်အနေနဲ့ ပြောမယ်ဆိုရင် ဗာရာဏသီကနေလာတာ ဘုန်းကြီးမှတ်မိသလောက်ဆိုရင် ၄-နာရီလောက်မောင်းရမယ်ထင်တယ်၊ ကားကကွေ့ကောက် မောင်းလို့လားတော့ မသိဘူးပေါ့နော် အတော်ဝေးတာ။ စာပေထဲမှာဆို ၁၈-ယူဇနာတဲ့၊ တစ်ယူဇနာကို ၈-မိုင်နှုန်းနဲ့တွက်ရင် မိုင်တစ်ရာကျော်နေပြီ၊ တစ်နေ့တစ်နေ့ကို မြတ်စွာဘုရားက တစ်ယူဇနာနှုန်းနဲ့ ကြွတာမဟုတ်ဘူး။ ၁၀-ရက်လောက်နဲ့ အရောက်သွားတာဆိုတော့ တစ်နေ့ကို ၂-ယူဇနာလောက်ပေါက်အောင် သူသွားတဲ့သဘောရှိတယ်။ ခပ်မြန်မြန်သွားတယ်ပေါ့၊ သိပ်မနားဘဲနဲ့သွားတယ်၊ ညညကျမှ ခေတ္တခဏနားမယ်ပေါ့၊ ကုန်းကြောင်းသွားတာ။

တစ်ခါတုန်းက အိန္ဒိယရောက်သွားတော့ အဲဒီဗုဒ္ဓဂယာနဲ့ ဗာရာဏသီကို ကုန်းကြောင်းသွားနေကြတဲ့ ထိုင်းက ဘုရားဖူးအဖွဲ့

http://www.dhammadownload.com

တွေ့ဖူးတယ်၊ သူတို့ကုန်းကြောင်းသွားတာတော့ တော်တော်သွားချင်စရာပဲ၊ စားစရာသောက်စရာတွေနဲ့ ဟိုက ကားက ဘေးကနေ ရံလိုက်လာရတာ၊ သူတို့က ကုန်းကြောင်းသွားတာ။ သူတို့ရပ်တဲ့နေရာကို ကျွေးဖို့မွေးဖို့ ကားတွေနဲ့ လိုက်လာတာ။ ဘုရားကို အားကျပြီး ကုန်းကြောင်းလျှောက်တာ အမောပဲ အဖတ်တင်မှာ၊ တရားကတော့ ရမှာမဟုတ်ဘူး။ အေး ဘုရားကိုပူဇော်တဲ့အနေနဲ့ လျှောက်ရင်တော့ လည်း ဘုရားကို အာရုံပြုရင်တော့ ကုသိုလ်တော့ ရမှာပေါ့နော်။

ဘုရားက ကုန်းကြောင်းလျှောက်ပြီးတော့သွားတာ၊ လဆန်း ၆-ရက်နေ့လောက်က သွားလိုက်တာ ဝါဆိုလပြည့်နေ့ဆိုတော့ ၁၀-ရက်လောက်သွားရတယ်၊ ၁၀-ရက်လောက်ကြာတဲ့အခါ ခုနက ဗာရာဏသီရောက်သွားပြီး ဣသိပတနတောဘက်ကို ရောက်သွားတယ်၊ နေမဝင်ခင် အဲဒီရောက်သွားတယ်ဆိုပါစို့။

ရောက်သွားတာနဲ့ ပဉ္စဝဂ္ဂီတွေက ခပ်လှမ်းလှမ်းကတည်းက ဂေါတမရဟန်းတော် ကြွရောက်လာတာကို မြင်ကြတော့ တိုးတိုးတိုးတိုး ပြောကြတယ်။ "ဟိုမှာ လာနေပြီ လာနေပြီ" အရင်တုန်းက သူတို့ အင်မတန်အထင်ကြီးခဲ့တာနော်၊ နောက်တော့ ဆွမ်းပြန်စားကတည်းက ခွာသွားကြတာ၊ ကဲ-လာလို့ရှိရင် ခရီးဦးလည်းမကြို့ဆိုနဲ့၊ သူလက်ထဲပါတဲ့ သပိတ်သင်္ကန်းတွေလည်း လှမ်းမယူကြနဲ့၊ ဘယ်သူကမှ ဝေယျာဝစ္စမလုပ်နဲ့၊ ဒါပေမယ့်လို့ နေရာလေးတော့ ခင်းထားမယ်ပေါ့၊ ထိုင်ချင်ထိုင်ဖို့ နေရာလေးခင်းထားတယ်။

ဘာဖြစ်လို့ ဒီလိုလုပ်တာတုန်းလို့ဆိုတော့ ကြည့်- လူဆိုတာလေ ဒီ မြတ်စွာဘုရားက သိဒ္ဓတ္ထမင်းသားဘဝကလာတာကို မင်းသားဆိုတော့ သူတို့က ခေါင်းထဲမှာကို အလိုလိုအရိုအသေ ပေးနေရတယ်။

http://www.dhammadownload.com

ဒီ ပုဏ္ဏားတွေက မင်းကိုခစားရတဲ့ လူတွေပဲလေ၊ ဘုရားအလောင်းလေးကို ခစားရတယ်။ သုဒ္ဓေါဒနမင်းကြီးဆီ အခစားဝင်ရတဲ့ ဗြဟ္မဏတွေကိုး၊ သူတို့က ပဉ္စဝဂ္ဂိတွေဆိုတာ တခြားမှမဟုတ်တာ၊ အဲဒီတုန်းက ဘုရားအလောင်း မွေးဖွားတုန်းက ဗေဒင်ဟောတဲ့ ၈ -ယောက်ထဲက ၅ -ယောက်ကို အငယ် ၅-ယောက်လို့လည်းဆိုတယ်၊ အငယ် ၅ ယောက်ရဲ့သားတွေလို့လည်း ပြောတယ်ပေါ့။ အဲဒီအချိန်မှာ သူတို့က အသက် ၄၀-ကျော် ၅၀-ပတ်ဝန်းကျင်ဖြစ်မယ်။ ဘုရားအလောင်း မွေးဖွားတဲ့အချိန်မှာ သူတို့အသက် ၄၀-ကျော်လောက်တော့ ရှိလောက်နေပြီပေါ့။ ဘုရားအလောင်း တောထွက်တဲ့အခါ ဘုရားက ၃၅-နှစ်ဆိုတော့ သူတို့ဟာ အသက်၇၀-ကျော် ၈၀-အရွယ်တွေ ဖြစ်နေကြပြီပေါ့။

အဲဒါကြောင့်မို့လို့ "လာနေပြီ ကမ္မဋ္ဌာန်းအလုပ် မလုပ်ဘဲနဲ့ လျှောက်သွားနေတယ်၊ ဘယ်တော့မှ တရားထူးလည်းရမှာမဟုတ်ဘူး၊ လာချင်လာပစေ ခရီးဦးမကြဲဆိုနဲ့" ပစ်ထားလိုက်ပေါ့၊ ဒါ ဒီလိုပဲ စိတ်ဓာတ်ရှိကြတာပဲလေ၊ သို့သော် နေရာလေးတော့ ခင်းထားတယ်။ သူက မင်းသားဘဝကလာတာဆိုတော့ သူတို့အချင်းချင်း တိုင်ပင်ထားတာ၊ အနီးလဲရောက်ရော ဘယ်သူမှ မနေနိုင်ဘူးတဲ့။ အနီးအနားကြိုတဲ့သူကကြို၊ သပိတ်လှမ်းယူတဲ့သူကယူ၊ သူတို့ဘာသာသူတို့ ကတိဖျက်ပြီးသားဖြစ်သွားတယ်။ ဘုရားကို နဂိုထဲက လေးစားရတဲ့ပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့် အားလုံးဝေယျာဝစ္စတွေလုပ်၊ ထိုင်ပြီး စကားစမြည်ပြောတဲ့အခါ ဘုရားက "ငါ တရားထူး တရားမြတ် ရခဲ့ပြီ၊ ငါတရားဟောမယ် မင်းတို့ နားထောင်ကြလို့" ဆိုတော့ လက်မခံဘူး၊ မဟုတ်နိုင်ဘူး၊ သူတို့ကငြင်းတယ်။ အရင်တုန်းက ကျင့်တာမှမရဘူး။

http://www.dhammadownload.com

အခုလိုလျှောက်သွားနေတာ ဘယ်ရမလဲဆိုတော့ ဘုရားအလောင်းက မဟုတ်ဘူး၊ ငါရခဲ့ပြီ မင်းတို့ကို ငါတရားဟောမယ်ဆိုတာ ပြောလို့ မရဘူး။

၃-ခါလောက်ပြောတာကို မရဘူး၊ မရတဲ့အခါ ဘုရားက ဘာ အမိန့်ရှိလိုက်တုန်းဆိုရင် ကဲ နေစမ်းပါဦးတဲ့၊ ငါတစ်ခုမေးမယ်တဲ့၊ တရားကျင့်နေတုန်းက မင်းတို့စိတ်မပျက်ကြနဲ့၊ မကြာခင် ငါတရားထူး ရမယ်လို့ မင်းတို့များ အားပေးစကားပြောတာများရှိသလား ဆိုတော့ အဲဒီကျတော့ သူတို့ခေါင်းထဲမှာ စဉ်းစားလာတယ် "ဟုတ်တယ်၊ သူ ဘယ်တုန်းကမှ မပြောဖူးဘူး၊ သူ့အလုပ်ပဲ သူလုပ်တယ်၊ အခု ဒီတစ်ခါ ရလို့ပဲပြောတာနေမှာပဲ" ဆိုတဲ့ ယုံကြည်ချက်ကလေး ရလာတယ်။

လောကလူတွေမှာ ယုံကြည်ဖို့က အင်မတန်အရေးကြီးတယ်၊ ယုံကြည်ရမယ်၊ ဒါကြောင့်မို့ ဘုရားက ဗြဟ္မာကြီးကို တရားဟောမယ် လို့ အာမခံလိုက်တဲ့အချိန်မှာ ဘာပြောလိုက်တုန်းဆိုရင်နော် **"ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ**တဲ့ ယုံကြည်ချက်ကို ငါ့ဆီလွှတ်ထား၊ ယုံကြည်ချက်ထားကြ၊ ငါ့အပေါ်မှာ ယုံကြည်ချက်ထားလို့ ဆိုတယ်၊ သူမှမယုံကြည်ရင် ဘယ်အားကိုးမလဲ။ ဥပမာမယ် လူတွေက ရောဂါ ဖြစ်လို့ ဆရာဝန်ဆီသွားရင် ဆရာဝန်ကို ယုံကြည်လို့ သွားတာပေါ့၊ ဘယ်ဆရာဝန်က ကောင်းတယ်၊ ဘယ်ဆရာဝန်က ဆေးပေးကောင်း တယ်၊ ဘယ်ဆရာဝန်ကုရင် ပျောက်တယ်ဆိုတာ ယုံကြည်ချက်နဲ့ သွား နေတာ၊ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ ဟုတ်လား၊ အဲတော့ ယုံကြည် ချက်ဟာ အင်မတန်မှ အရေးကြီးတယ်လို့ဆိုတယ်၊ ဒါကြောင့်မို့ ဘုရား က ဒီလိုပြောလိုက်တော့မှ မြတ်စွာဘုရားအပေါ်မှာ သူတို့ ယုံကြည်ချက် ရသွားတယ်၊ ယုံကြည်သွားတယ်၊ ယုံကြည်သွားတဲ့အခါကျတော့မှ

http://www.dhammadownload.com

အားလုံးထိုင်ကြတယ်။

အဲဒီအချိန်လေးဟာ မိဂဒါဝုန်မှာ နေဝင်ဖြိုးဖျ အချိန်လေး ဖြစ်လာတယ်၊ အနောက်လောကဓာတ်ကို နေကြီးကဝင်နေပြီ။ ကွက်သိ ပတနတောကနေ လှမ်းကြည့်လိုက်ရင် နေဝင်တယ်၊ နေဝင်တာမမြင် ဖူးတဲ့လူတွေက ကြဲကြဲဖန်ဖန် Sunset beauty ဆို သွားကြည့်သေး တယ်နော်၊ နေဝင်နေပြီ နေဝင်နေတဲ့အချိန် လပြည့်နေ့ကြီး ဖြစ်နေ တော့ အရှေ့လောကဓာတ်ကလည်း လဝန်းကြီးပေါ်လာတယ်။ အဲဒီ အချိန်မှာ ဓမ္မစက္ကာတရား စဟောတယ်လို့ ဆိုတာကို မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် တရားဟောမလို့ ထိုင်လိုက်တဲ့အချိန်ကလေးမှာ ပဲ စကြဝဠာတိုက်တစ်သောင်းမှာ မြတ်စွာဘုရားဟာ တရားဟောမယ့် အနေအထားကို အားလုံးနတ်တွေ ငြဟ္မာတွေသိလို့ အားလုံးရောက်ရှိ လာကြတယ်။ အဲဒီလိုရောက်ရှိလာတာ လူသားတွေအနေနဲ့ ပြောမယ် ဆိုလို့ရှိရင် ပဉ္စဝဂ္ဂီ ၅- ဦးပဲရှိတယ်ပေါ့။

အဲဒီအချိန်မှာ အဲဒီ ပဉ္စဝဂ္ဂီ ၅-ဦးနဲ့ ဘုရားကို စဉ်းစားကြည့်၊ ဘုရားက ၃၅-နှစ်ပဲရှိသေးတယ်၊ ပဉ္စဝဂ္ဂီတွေက အသက် ၇၀-ကျော် ၈၀-တွေ အဖိုးကြီးတွေနော်၊ ထိုခေတ်က ကျန်းမာကြလို့ပေါ့၊ အသက် ၈၀-ကျော်အရွယ်တွေ သူတို့ကို တရားဟောတော့မှာ၊ တရားဟော တဲ့အခါမှာ အဓိကဘာပြောလဲ **ဓမ္မစက္က** လို့ဆိုတဲ့ ဒေသနာဉာဏ် တော်ကြီးကို စတင်အသုံးချတာကိုပဲ **ဓမ္မစက္က ပဝတ္တန** လို့ပြောတာ နော်။

ကဲ စတင်အသုံးချပြီဆိုလို့ ဘုရားက ဘာကစတုန်းဆိုတော့ **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** တိတိ လင်းလင်း ပြောလိုက်တာနော်၊ ကာမဂုဏ်အာရုံတွေက ထွက်ခွာပြီး

http://www.dhammadownload.com

တော့ လူဘောင်ကခွာရှောင်လို့ ရဟန်းဘောင်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ မလုပ်ရမယ့်ဟာ ၂-ခုရှိတယ်တဲ့၊ အဲဒီ အလုပ် ၂-ခုမလုပ်နဲ့၊ ဘာဖြစ်လို့ မလုပ်ရဘူးလို့ ပြောတာတုန်းဆိုရင် ဘာအသိဉာဏ်ထူးမှ ရမှာမဟုတ်ဘူး၊ ဒါတွေလုပ်လို့ကတော့ ဘာအကျိုးမှ ရမှာမဟုတ်ဘူး၊ အဲဒါကို **အနုယောဂ** ၂-မျိုးလို့ခေါ်တယ်။

အနုယောဂ ၂-မျိုးက ဘာလဲလို့ဆိုရင် ဘုရားက ဓမ္မစကြာဟောတဲ့နေရာမှာ မလုပ်ရတာ ၂-ခုကို အရင်ပြောတယ်။ ပြီးတော့ လျှောက်လှမ်းရမဲ့လမ်းကြောင်းကို တတိယ ပြောတယ်နော်။ မသွားရမယ့်လမ်းကို ပထမပြောပြီးတော့ သွားရမယ့်လမ်းကို ဒုတိယ ပြောတယ်၊ ဒါ ဘုရားရဲ့ အဆုံးအမတိုင်းဟာ ဒီအတိုင်းပဲ၊ ရှောင်ရမှာနဲ့ ဆောင်ရမှာ ၂-ခုကို ရှောင်ရမှာကို အရင်ပြောလေ့ရှိတယ်၊ ကြည့်လေ- မင်္ဂလသုတ်ပဲကြည့် - **" အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ"** ဆိုတာ ဟော့-လူမိုက်ကိုမပေါင်းနဲ့ဆိုတာ ဒါ နံပါတ် ၁-ပြောတာ၊ မလုပ်ရမယ့်ဟာကို အရင်ပြောတာ၊ ပြီးပြီဆိုတော့မှ လုပ်ရမယ့်ဟာကို နံပါတ် ၂-ပြောတယ်။

ဒါက လမ်းညွှန်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကျင့်လို့ရတဲ့ ထုံးတမ်းစဉ်လာတစ်ခုလို့ ဒီလိုဆိုလိုတယ်၊ ပြောချင်ရာပြောတာ မဟုတ်ဘူး၊ မလုပ်ရဘူးဆိုတာကို အရင်ပြောရမယ်၊ လုပ်ရမယ်ဆိုတာကို ဒုတိယ ပြောရမယ်။ ဒါလည်း သိပ်သဘာဝကျတယ်၊ သိပ် Reasonable ဖြစ်တယ်ပေါ့၊ ဘာဖြစ်လို့တုန်းဆိုတော့ ကြည့်လေ- မလုပ်ရတာကို သွားလုပ်ရင် ကိုယ်ကျိုးနည်းတယ်လေ၊ လုပ်ရတာကို မလုပ်ဘူးဆိုတာက နည်းနည်း သက်သာဦးမယ်၊ အဆိပ်ဆိုပါစို့-အဆိပ်ဆိုတာနဲ့ စားစရာ ဒီ ၂-ခုဟာ ဒါက အဆိပ်၊ ဟိုဟာက အစား ဆိုလို့ရှိရင် အစားစားဖို့

http://www.dhammadownload.com

ပြောဖို့ထက် ဒီအဆိပ်ကို မစားမိဖို့ရာ ပိုအရေးကြီးတယ်လေ။ ဒါမလုပ်နဲ့ ဆိုတာကို အရင်ပြောရမယ်၊ လုပ်ဆိုတာကို ဒုတိယပြောရမယ်။

အဲဒီအတိုင်းပဲ ဓမ္မစကြာမှာ မြတ်စွာဘုရားက အေး- ဒီလမ်း ၂-လမ်းကိုတော့ မင်းတို့မသွားနဲ့၊ ပဗ္ဗဇိတ လို့ဆိုရင် ကာမဂုဏ်အာရုံတွေက ထွက်ခွာလာတဲ့ပုဂ္ဂိုလ်တွေဟာ ဒီလမ်း ၂- လမ်းကို မလျှောက်မိစေနဲ့တဲ့၊ ဒီအလုပ် ၂-လုပ်ကို မလုပ်နဲ့၊ အဲဒါ နံပါတ် ၁-ပြောလိုက်ပြီးတော့ လုပ်ရမယ့်အလုပ်ကိုနောက်ထပ်ပြောတယ်။ လျှောက်ရမယ့်လမ်းကို အရင်ပြောတယ်။ ပြီးတဲ့အခါကျတော့မှ မြတ်စွာဘုရားက သစ္စဒေသနာလို့ဆိုတဲ့အတိုင်း သစ္စာ ၄-ချက်ကို ရှင်းပြတယ်။

အဲဒီတော့ ဘုရားဟောပုံက အင်မတန်မှ ရှုပ်ရှင်းလေးရယ်၊ ဓမ္မစကြာမှာ ဓမ္မစကြာရဲ့ အနှစ်သာရကို ခြုံကြည့်မယ် ဆိုလို့ရှိရင် အသိဉာဏ်ရဖို့ရာအတွက် လွဲမှားနေတဲ့ လူတွေ အများလိုက်စားနေတဲ့ လွဲမှားနေတဲ့လုပ်ငန်းကြီး ၂-ခု၊ လွဲမှားနေတဲ့ အကျင့် ၂-မျိုးကို ဖယ်ရှားလိုက်ပြီးတော့ မှန်ကန်တဲ့အကျင့်တစ်ခုကို ချပြတယ်။ အဲဒီလို ချပြပြီးတဲ့အခါကျတော့ အမှန်တရား ၄-ချက်ကို ရှင်းပြတယ်။

အမှန်တရား ၄-ချက်ကို ရှင်းပြပြီးတဲ့အခါမှာ အဲဒီ အမှန်တရား ၄-ချက်နဲ့ ပတ်သက်ပြီးတော့ လုပ်ဆောင်ရမယ့်အရာ ဒါကို ရှင်းပြတယ်။ လုပ်ဆောင်ရမယ့်အရာ ရှင်းပြပြီးတော့ ကိုယ်တော်မြတ်အနေနဲ့ လုပ်သင့်တာကို လုပ်ပြီးပြီဆိုတာကို တစ်ခါပြောတယ်။ အမှန်တရား ၄-ချက်နဲ့ ပတ်သက်ပြီးတော့ ဒီအသိဉာဏ်၃-မျိုး၊ ဘာတုန်းဆိုရင် စာလိုပြောရင် လုပ်သင့်တာဘာလုပ်ရမလဲ၊ လုပ်ပြီးပြီလို့ သိတာတစ်ခု၊ လုပ်သင့်တာကတစ်ခုနော်။ နံပါတ်-၁ ဒါကိုသစ္စဉာဏ်လို့ခေါ်တယ်။ သစ္စဉာဏ်ဆိုတာ၊ အမှန်တရားဆိုတာ ဘယ်ဟာလဲ ဒါကို

http://www.dhammadownload.com

အရင်သိရမယ်။ အဲဒီ အမှန်တရားမှာ ပထမ ဘာလုပ်သင့်သလဲ၊ နံပါတ် ၂-ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်၊ ဘာလုပ်ပြီးပြီလဲ ၃ မျိုး။ အဲဒါကို **"တိပရိဝဋ္ဋ"** သစ္စာဉာဏ်၊ ကိစ္စာဉာဏ်၊ ကတာဉာဏ် လို့ ခေါ်တယ်။ ဒီအသိဉာဏ် ၃-မျိုးနဲ့ အမှန်တရားကို ကြည့်လိုက်တဲ့ အခါမှာ သစ္စာက ၄-မျိုး။ သိတဲ့ဉာဏ်က ၃- မျိုးစီနဲ့ မြှောက်လိုက်တဲ့ အခါကျတော့ သုံးလေးလီ ၁၂၊ အဲဒါကို **ဒွါဒသာကာရ** လို့ပြောတာ နော်၊ အဲဒီလို သစ္စာနဲ့ပတ်သက်ပြီးတော့ အခြေအနေ ၁၂-ပါးကို ပိုင်ပိုင် နိုင်နိုင်သိပြီ ဆိုတော့မှ သမ္မာသမ္ဗောဓိဉာဏ်ကြီးကို ရရှိပြီဆိုတာကို သူဝန်ခံတာတဲ့။

ဘုရားဖြစ်တယ်ဆိုတာကို သက်သေပြတာ၊ မြတ်စွာဘုရားက အသိဉာဏ်ထူးကြီးကို ရခဲ့ပြီဆိုတာကို သက်သေပြတာ၊ ဟုတ်တာပေါ့၊ ဉာဏ်ရတယ်ဆိုတာ ဘာနဲ့ တိုင်းတာမှာလဲ။ ခုခေတ် စာမေးပွဲအောင်ထားတယ်ဆိုရင် ဘာပြလဲ Certificate ထုတ်ပြတယ် ဟုတ်လား။ ဘာအောင်ထားတယ်ဆိုတာ Certificate ပဲထုတ်ပြတာ၊ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးကို သူရပြီးပြီဆိုတာကို သစ္စာနဲ့ တိုင်းတာပြလိုက်တယ်။ ဒါတွေ ငါမသိသေးဘူးဆိုရင် ငါ ဘုရားလို့ ဝန်မခံဘူးတဲ့၊ ဒါတွေ သိပြီးဖြစ်လို့ ငါဘုရားလို့ဝန်ခံတာ၊ ဒါ သက်သေပြတာလို့ ခေါ်တယ်။ ဓမ္မစကြာရဲ့ အနှစ်သာရက အဲဒါပဲ။

ကဲ ကောင်းပြီ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတွေကို ဒီအလုပ်တွေကို မလုပ်ကြနဲ့၊ ဒီလမ်းကြောင်းတွေကို မလျှောက်နဲ့တဲ့ ၊ နံပါတ် ၁-လမ်းကြောင်းက **ကာမသုခလ္လိကာနုယောဂါ** ဇိမ်ခံတဲ့လမ်းကြောင်း။ ကာမဂုဏ်ချမ်းသာတွေ ခံစားပြီးတော့ ကာမဂုဏ်ထဲ နစ်မျောနေတဲ့

http://www.dhammadownload.com

လမ်းစဉ် မလုပ်နဲ့တဲ့။ ဘာကြောင့်လဲဆိုရင် ဘာညာဏ်မှရမှာမဟုတ်ဘူး။ ပျော်တော့ပျော်ရမှာပေါ့နော်၊ ပျော်တာတော့သေချာတယ်။ လူတွေ ဘာလုပ်လုပ် ပျော်နေတာ၊ မျက်စိက နှစ်သက်စရာအာရုံတွေ စိတ်ထဲမှာ ချမ်းသာသုခရကြတယ်။ နားကလည်းပဲ နားထောင်ချင်တဲ့ သီချင်းလေးနားထောင်ပြီးတော့ ချမ်းသာသုခရနေကြတယ်၊ နှာခေါင်းကလည်း မွှေးကြိုင်တဲ့အနံ့ကလေး၊ လျှာကလည်း ကောင်းတာ မြတ်တာလေးစား၊ ခန္ဓာကိုယ်ကလည်း အထိအတွေ့ အိအိညက်ညက်နဲ့နေ၊ ဒီလို ကာမဂုဏ်အာရုံတွေထဲမှာ ခံစားပြီးတော့ ဇိမ်ခံပြီးတော့နေရင် ဘာအသိညာဏ်မှ ရလာမှာမဟုတ်ဘူးလို့ ဒီလိုပြောတာနော်။ အသိညာဏ်ရချင်လို့ ကြိုးစားအားထုတ်မယ်ဆိုရင် အဲဒီလမ်းကို လိုက်နေလို့ကတော့ အသိညာဏ်မရနိုင်ဘူးလို့ပြောတာ၊ ဆိုလိုရင်းက အသိညာဏ်မရနိုင်တာကို ပြောတာနော်၊ အသိညာဏ်မရနိုင်တဲ့ လမ်းစဉ်ပဲတဲ့။

ဒီထဲမှာ ဒိဌမမွန်ဗွာန်ဝါဒသမားတွေက ဆိုသေးတယ်၊ လူဆိုတာ သေရင်ပြတ်သွားတာ၊ ဒီဘဝပဲ နောက်ဘဝဆိုတာမရှိဘူးနော်၊ ဒိဌမမွန်ဗွာနသမားတွေက လူဆိုတာ သေပြီးတဲ့နောက်မှာ မဖြစ်တော့ဘူး။ အဲတော့ အခုဖြစ်နေတဲ့ ဘဝလေးမှာ ပျော်ပျော်နေ၊ ကာမဂုဏ်အာရုံခံစား ဝဝလင်လင်ခံစားနော်၊ အနောက်တိုင်းကလူတွေပြောလေ့ရှိတဲ့စကား life is too short Enjoy yourself အဲဒီစကားကို တွင်တွင်ပြောတယ်၊ သူတို့က life is too short အား ဘဝဆိုတာ တိုတိုလေးပဲ Enjoy yourself ပျော်ပျော်နေကြ၊ နောက်ဘဝဆိုတာ မရှိဘူးတဲ့။ ဒီဘဝမှာ ပျော်သလိုနေ နောက်ဘဝကို မစဉ်းစားနဲ့လို့ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ **ကာမသုခလ္လိကာနုယောဂ** အကျင့်ကို ကျင့်တာပဲ။ သူတို့က **ကာမသုခလ္လိကာနုယောဂ** ဆိုတာ ကာမဂုဏ် အာရုံတွေထဲမှာ

http://www.dhammadownload.com

ချမ်းသာသုခ ခံစားနေသေးသမျှ ကာလပတ်လုံး အသိဉာဏ်ဟာ ဘယ်တော့မှ မပေါ်ပေါက်နိုင်ဘူးလို့ ဒါပြောတာ။

ဘာဖြစ်လို့တုန်းဆို ကြည့်လေ၊ **ကာမစ္ဆန္ဒ** ဆိုတာကို ဘုရားက **နီဝရဏ**လို့ ဟောထားတာလေ၊ ကာမဂုဏ်အာရုံတွေပေါ်မှာ တပ်မက်နေတယ်၊ တဏှာဆန္ဒရှိနေသေးသမျှ ကာလပတ်လုံး **ပညာယ ဒုဗ္ဗလီကရဏော** တဲ့ အသိပညာတွေအားပျော့သွားတယ်၊ **အစက္ခုကရဏ**-ဉာဏ်မျက်စိ ဘယ်တော့မှ မပေါ်ဘူး။ **အဉာဏ ကရဏံ**-ဉာဏ်ကို မဖြစ်စေနိုင်ဘူးတဲ့၊ ဒါကြောင့်မို့ အသိဉာဏ်ကို ရဖို့ရာအတွက် ဒါအဆို့အပိတ်ကြီး တစ်ခု၊ ဒါကြောင့် ဒီလမ်းကြောင်းကို မလျှောက်နဲ့၊ ဒီအလုပ်ကို မလုပ်နဲ့လို့ပြောတာ၊ **ကာမေသု ကာမသုခလ္လိကာနုယောဂေါ** -ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်ပြီးတော့ ချမ်းသာသုခ ခံစားနေမယ်ဆိုလို့ရှိရင် ဘယ်လိုမှ အသိဉာဏ်ရလာမှာ မဟုတ်ဘူး ဆိုပြီးတော့ အပြစ် ၅-မျိုးကိုလည်း ထောက်ပြထားတယ်။

ဘုရားက **ဟီနော**တဲ့၊ ဒီကိစ္စတွေက အင်မတန်အောက်တန်း ကျပါတယ်တဲ့။ ကာမဂုဏ်အာရုံခံစားတဲ့ဟာ အင်မတန် အောက်တန်း ကျတယ်၊ စဉ်းစားကြည့်လေ၊ တိရစ္ဆာန်တွေလည်းပဲ ခံစားကြတာပဲ၊ အဆင့်မြင့်တဲ့ပုဂ္ဂိုလ်မှ မဟုတ်ဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း သူ့အတိုင်းအတာနဲ့သူ အကုန်လုံးပဲ ခံစားနေကြတာချည်းပဲ၊ **ဂမ္မော**တဲ့၊ အပေါင်းနဲ့အသင်းနဲ့ အိမ်နဲ့ယာနဲ့ အဲဒီလိုနေတဲ့ပုဂ္ဂိုလ်တွေရဲ့ အမူအကျင့်ပါတဲ့၊ ဟော ရွာထဲကလူတွေဆိုတာ ပျော်သလိုနေကြတာလေ၊ တီးလို့မှုတ်လို့ ကခုန်လို့ သားနဲ့သမီးနဲ့ ပျော်လို့ပါးလို့ ဒီလိုနေကြတာ၊ **ဂမ္မော ပေါထုဇ္ဇနိကော**-အမျှားစုကြိုက်တဲ့ကိစ္စတစ်ခုပဲ၊ ဟုတ်တာပေါ့ Majority က ဒါပဲ၊ ပျော်စရာဆိုတာ အမျိုးမျိုးရှာကြတယ်၊ လူတွေက

http://www.dhammadownload.com

ဘောလုံးပွဲကြည့်ပြီး ပျော်တဲ့လူကလည်းရှိတာပဲ အစုံပဲပေါ့နော်။ ဟို အာဖရိကတောရိုင်းကြီးထဲသွားပြီးတော့ ပျော်တဲ့လူကလည်း ရှိတာပဲ။ ဧဝရက်တောင်တက်ပြီးတော့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ရှိတာပဲ။ စိတ် ပျော်ရာကို လူတွေက လုပ်နေကြတာပဲလေ။ စိတ်ပျော်ရာကိုလုပ်တာ၊ အဲဒါတွေအားလုံးဟာ **ကာမသုခလ္လိကာနုယောဂ** ပဲပေါ့၊ ကိုယ်ပျော် တာ ကိုယ်ရွေးချယ်ပြီးတော့ လုပ်နေကြတာ၊ ဓမ္မနဲ့ မပတ်သက်တာတွေ ပဲ၊ **ပေါထုဇ္ဇနိကော အနရိယော** တဲ့၊ အရိယာဖြစ်အောင် ဘယ်လိုမှ မစွမ်းဆောင်နိုင်ဘူး။ အဲဒီအကျင့်ကြီးက **အနတ္တ သံဟိတော**-သြော် အသိဉာဏ်ထူးကိုရခြင်း ဆိုတာနဲ့ ဘာမှမပတ်သက်ဘူးတဲ့၊ ဘာ အသိဉာဏ်မှထွက်လာမှာမဟုတ်ဘူး။ လောကီအသိဉာဏ်ကိုပြောတာ မဟုတ်ဘူး၊ ဓမ္မအသိဉာဏ်ကို ရမှာမဟုတ်ဘူးလို့ ပြောတာနော်၊ ဒါကြောင့်မိုလို့ ဒီအကျင့်ကို မကျင့်နဲ့တဲ့။

နောက်တစ်ခုကျတော့ **အတ္တကိလမထာနုယောဂ**- ကာမ ဂုဏ် အာရုံတွေကို ဖယ်ရှားပြီးတော့ ခန္ဓာကိုယ်ကြီးကို ညှင်းဆဲပြီးတော့ အသိဉာဏ်ရအောင်ကြိုးစားတဲ့ပုဂ္ဂိုလ်တွေက တစ်ပိုင်းရှိသေးတယ်။ **အတ္တကိလမထ**- ခန္ဓာကိုယ်ပင်ပန်းအောင်လုပ်တယ်၊ ပင်ပန်းလိုက် တာနဲ့တပြိုင်နက် လူတွေမှာ တအားပင်ပန်းလာပြီဆိုလို့ရှိရင် ပျော်ချင် ပါးချင်တဲ့ စိတ်ကကုန်သွားတယ် မဟုတ်လား။ အေး- သိပ်ပင်ပန်းနေ လို့ရှိရင် ဘယ်လောက်ကောင်းတဲ့ ရုပ်ရှင်ပြနေနေ အိပ်တော့တာနော် ပင်ပန်းနေပြီဆိုလို့ရှိရင်လေ။ အဲဒီလို ပင်ပန်းခံလိုက်လို့ ဒီစိတ်တွေ ကုန်သွားတာကိုပဲ သူက ကိလေသာကုန်တယ် ထင်နေတာ၊ ထင်နေ သည့်အတွက်ကြောင့် ခန္ဓာကိုယ်ကို ပင်ပန်းအောင် အမျိုးမျိုး ကျင့်ကြံ ကြိုးစားအားထုတ်တယ်။ ခန္ဓာကိုယ်ကို နှိပ်စက်တယ်။ အဲဒီလို နှိပ်စက်

http://www.dhammadownload.com

ခြင်းဖြင့်လည်းပဲ အသိဉာဏ်ထူးရလာမှာ မဟုတ်ဘူးတဲ့။ မလိုအပ်ပဲနဲ့ အပင်ပန်းခံစရာမလိုဘူးလို့ ဘုရားကပြောတာ။

အဲဒါကို အပြစ် ၃-ချက်နဲ့ ထောက်ပြထားတယ်။ **ဒုက္ခော**-တကယ့်ကို ဒုက္ခဖြစ်တဲ့ အလုပ်ကြီးပဲ၊ **အနရိယော**-အရိယာအဖြစ်ကိုလည်းမပေးနိုင်ဘူး၊ **အနတ္ထသံဟိတော**- ထူးခြားတဲ့ အဆိုဉာဏ်ဆိုတဲ့ အကျိုးကျေးဇူးနဲ့လည်း ဘာမှမပတ်သက်ဘူး၊ မရနိုင်ဘူးတဲ့။ ဟော- ထူးခြားတဲ့အသိဉာဏ်ကို မပေးနိုင်လို့ ဒီလမ်းကြောင်း ၂-ကြောင်းကို မလျှောက်နဲ့လို့ပြောတာနော်၊ ဒီလမ်း ၂-လမ်းလျှောက်လို့ကတော့ ဘာမှထူးခြားတဲ့အသိရမှာမဟုတ်ဘူး၊ ဒါကြောင့်မို့ ဒီလမ်း ၂-လမ်းကို မလျှောက်နဲ့။

ဧတေခေါ ဥဘော အန္တေ အနုပဂမ္မ အဲဒီ လမ်း ၂-လမ်းကို ဖယ်ရှားပြီးတော့ **မဇ္ဈိမပဋိပဒါ** လို့ခေါ်တဲ့ ချမ်းသာခံစားတဲ့ လမ်းလဲ မဟုတ်ဘူး။ ခန္ဓာကိုယ်ကို ညှင်းပန်းတဲ့လမ်းလဲ မဟုတ်ဘူး။ ခံစားသင့်တဲ့ချမ်းသာ ခံစားရမယ်။ ညှင်းပန်းသင့်တဲ့အခါ ညှင်းပန်းရမယ် ဒီလိုဆိုလိုတယ်။ အလယ်လမ်းဆိုတာ ပင်ပန်းဆင်းရဲခံပြီး လုပ်ရင်လုပ်ရမယ်။ တစ်ချို့ကပြောတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ မျှမျှတတ အားထုတ်ရတယ်။ **အတ္တကိလမထ** ဖြစ်တယ်၊ အကြာကြီး မထိုင်နဲ့လို့ ပြောတဲ့လူက ရှိသေးတယ်နော်။ အဲဒီလို မဟုတ်ဘူး၊ ဘုရားက တရားအားထုတ်ပြီဆိုရင် အရိုးကြေကြေ အရည်ခမ်းခမ်း အားထုတ်ရမယ်။ လမ်းစဉ်မှန်နေပြီဆိုရင်ပေါ့။ **အတ္တကိလမထ** ဆိုတာက ခန္ဓာကိုယ် ညှင်းပမ်းနှိပ်စက်ပြီးတော့ ဒီ စိတ်ဓာတ်တွေ ကုန်ဆုံးသွားအောင် မူးမေ့သွားအောင် လုပ်တဲ့ဟာမျိုးကိုဆိုလိုတာ၊ မလိုအပ်ပဲနဲ့ ဒုက္ခခံတာတွေကိုပြောတာ။ အေး ကောင်းပြီ အဲဒီ **အတ္တကိလ မထာနုယောဂ**

http://www.dhammadownload.com

ကာမသုခလ္လိကာနုယောဂ ဆိုတဲ့ ဒီလမ်း ၂-သွယ်ကို မချဉ်းကပ်ပဲနဲ့ **မဇ္ဈိမပဋိပဒါ** ဆိုတဲ့လမ်းက လျှောက်ပါလို့ ကိုယ်တော်တိုင် ရှာဖွေတွေ့တဲ့လမ်းကို ဒီဓမ္မစကြာမှာ ရှေးဦးစွာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

နောက်ရက်ကျမှ ဘုန်းကြီးတို့တစ်တွေ အဲဒီ **မဇ္ဈိမပဋိပဒါ**-ဆိုတဲ့ မြတ်စွာဘုရား တွေ့ရှိထားတဲ့လမ်းရဲ့ အကျိုးအကြောင်းနဲ့ သစ္စဒေသနာကို ထပ်ရှင်းပြပြီးတော့ ဟောကြားပါမယ်။ ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့သည် သစ္စဒေသနာ ဓမ္မစကြာဆိုတဲ့နေရာမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ကိုယ်တော်တိုင် ကျင့်သုံးခြင်းဖြင့် **ပဋိဝေဓာဏ်** ဆိုတဲ့ **ဓမ္မစက္ခု** ကို ရရှိပြီးတဲ့နောက်မှာ သတ္တဝါတွေရဲ့အကျိုးကို မျှော်ကိုးပြီးတော့ **ဒေသနာဉာဏ်** ဆိုတဲ့ **ဓမ္မစက္ခု** ကို အသုံးချပြီးတော့ ဟောပြောတဲ့ အကြောင်းကို သိရှိကြည်ညိုကြရသဖြင့် မိမိတို့ကိုယ်တိုင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု



http://www.dhammadownload.com

http://www.dhammadownload.com

သစ္စဒေသနာ ဓမ္မစက္ကာ
အပိုင်း(၃)

သာသနာတော်နှစ် (၂၅၅၄)ခုနှစ် ကောဇာသင္ကြာန် ၁၃၇၂-ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် (၁၅)ရက် ၂၀၁၀-ခုနှစ် ဇူလိုင်လ (၁၁)ရက် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဇမ္ဗူသီရိဒိမာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် မဂ်လာတောင်ညွှန်ပြုနယ်၊ မဂ်လာဈေးအနန္တ(၅)ပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင် မိသားစု (ကိုကျော်သင်း ဆေးဆိုင်)၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော "သစ္စဒေသနာ ဓမ္မစက္ကာ" အပိုင်း(၃) တရားဒေသနာတော်။

သစ္စဒေသနာ ဓမ္မစက္ကာ အပိုင်း(၃)၊ ဒေသနာဉာဏ်လို့ဆိုတဲ့ "ဓမ္မစက္က"ကို စပြီး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အသုံးချလည်ပတ်စေတော်မူတယ်။ ပဉ္စဝဂ္ဂိ(၅)ဦးကို အမှူးထားပြီး ဒေသနာဉာဏ်တော်ကြီးကို စတင်အသုံးချတာ။ တရားဟောပြောတဲ့လုပ်ငန်းကို စတင်တာ။ အရေးကြီးဆုံးအချက်ကို ရှေးဦးစွာ မြတ်စွာဘုရားက ဟောကြားတယ်။ မလုပ်ရမယ့်အချက်(၂)ခုနဲ့ လျှောက်လှမ်းရမယ့်

http://www.dhammadownload.com

လမ်းကြောင်းတို့ကို ရှေးဦးစွာ ချမှတ်ပေးတယ်။ ခုခေတ်စကားနဲ့ ပြောလို့ရှိရင် မြတ်စွာဘုရားက **ပေါ်လစီ** အသစ် ချမှတ်ပေးတယ်လို့ ပြောလို့လည်း ရတာပေါ့နော်။

ဘာသာရေးနဲ့ပတ်သက်လာလို့ရှိရင် ရှေးတုန်းက အယူအဆ (၂)ရပ်ရှိခဲ့တယ်။မြတ်စွာဘုရား အလောင်းတော်ဘဝက တရားဓမ္မကို ရှာကြံတဲ့အခါမှာ အယူအဆနှစ်ရပ် ပေါ်ပေါက်လာခဲ့ဘူးတယ်။ အယူအဆတစ်ရပ်က ဘာတုန်းဆိုရင် **ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ** မျက်မှောက်ဘဝ ချမ်းသာခံစားရမယ်။ တတ်နိုင်သမျှ စိတ်ကို ပျော်အောင်ထား၊ တတ်နိုင်သမျှ ကာမဂုဏ်အာရုံတွေကို ခံစားလို့ဆိုတဲ့ အယူဝါဒပဲ။ အဲဒီ **ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ** လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးလို့ တရားထူးတရားမြတ် ရလာမှာမဟုတ်ဘူး။ ထူးခြားတဲ့အသိဉာဏ်ကို ဘယ်လိုမှမရနိုင်ဘူး။

နောက်တစ်ခုက အသိဉာဏ်တွေ ထွက်ပေါ်လာဖို့ရာအတွက် ခန္ဓာကိုယ်ကြီးကို ညှင်းပန်းနှိပ်စက်ပေးရမယ်။ ဆူးပေါ်အိပ်တာတို့၊ ဣရိယာပုထ်တစ်မျိုးထဲ စောင့်ကြောင့်ထိုင်ပြီးနေတာတို့၊ မြေကြီးပေါ်မှာ ဒီအတိုင်းအိပ်တာတို့၊ အင်မတန်ပူလှတဲ့ ရာသီဥတုကြီးမှာ ကောင်းကင်က နေမင်းကြီး နေမွန်းတည့်နေတဲ့အချိန် (၄)ဘက် (၄)တန်က မီးပုံကြီးတွေဖိုလို့ အလယ်ခေါင်မှာ သွားထိုင်နေတဲ့ **ပဉ္စာတပ** အကျင့်မျိုးတွေ။ ခန္ဓာကိုယ်ကို ဒုက္ခရောက်အောင် ညှင်းပန်းနှိပ်စက်ခြင်းဖြင့် အသိဉာဏ်တွေ ထွက်လာလိမ့်မယ်လို့ ယူဆကြတယ်။ အင်မတန် အေးမြတဲ့ ဆောင်းရာသီမှာ တစ်နေ့ ရေ(၃)ကြိမ်ချိုးခြင်းဖြင့် ခန္ဓာကိုယ် စင်ကြယ်ပြီး အသိဉာဏ်ထူးကြီးကို ရလာလိမ့်မယ်။ မြတ်စွာဘုရား မပွင့်ခင်ကာလ ပွင့်ပြီးတဲ့နောက်ထိအောင်မှပဲ အဲဒီလို ဘာသာရေး

http://www.dhammadownload.com

ကျင့်စဉ်ကြီး (၂)ခုဟာ မဂဓတိုင်းထဲမှာ အလွန်ခေတ်စားနေတယ်။ အဲဒီ လမ်းစဉ်(၂)ရပ်နဲ့ ဘာမှ အသိညာဏ်ပေါ်လာမှာမဟုတ်ဘူး။

ဒါကြောင့်မို့ **'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'** လူ့ဘောင်က ခွာရှောင်ပြီးတော့ တရားဓမ္မကို ရှာကြံမယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အဲဒီကျင့်ကြံကြိုးကုတ် အားထုတ်မှု (၂)မျိုးကို လုံးဝမလုပ်ကြနဲ့လို့ အနုယောဂ (၂)မျိုးကို တားမြစ်တော်မူတယ်။ အနုယောဂဆိုတာ မပြတ်ကြိုးပမ်းအားထုတ်မှု **'ကာမသုခလ္လိ ကာနုယောဂ'** ကာမချမ်းသာခံစားမှုမှာ မပြတ်အားထုတ်တဲ့အကျင့် တစ်မျိုး **'အတ္တကိလမထာနုယောဂ'** ခန္ဓာကိုယ်ကြီးကို ပင်ပန်းအောင် နှိပ်စက်ပြီးတော့ကျင့်တဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်မှုမျိုးဆိုတဲ့ ဒီ အနုယောဂ ကျင့်စဉ်(၂)မျိုးဟာ မှားယွင်းတယ်။ ဘယ်လိုမှ အသိညာဏ် ထူးကို ရလာမှာမဟုတ်ဘူး။ မြတ်စွာဘုရားက တိတိလင်းလင်း **'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'** တရားထူး တရားမြတ်ကိုရလိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီကျင့်စဉ်(၂)ရပ်ကို လုံးဝမလိုက်နဲ့လို့ မိန့်ကြားခဲ့တယ်။

'ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ' အဲဒီ ကျင့်စဉ်(၂)ရပ် အနုယောဂ(၂)မျိုးကို လုံးဝရှောင်ကွင်းပြီးတော့ ဟိုဘက်လည်းမရောက်၊ ဒီဘက်လည်းမရောက် ချမ်းသာခံစားတာလည်း မဟုတ်ဘူး။ ဆင်းရဲခံစားတာလည်းမဟုတ်ဘူး။ ချမ်းသာတာ ခံစားသင့်တဲ့ ချမ်းသာဆိုရင် ခံစားမယ်။ ဆင်းရဲခံသင့်ရင်ခံရမယ်ဆိုတဲ့ **မဇ္ဈိမ ပဋိပဒါ** အလယ်လမ်းကို လျှောက်ခိုင်းတယ်။ အဲဒီမှာ အလယ်လမ်း လို့ဆိုတာ ဟိုဘက်မရောက်၊ ဒီဘက်မရောက် ဒီလိုလမ်းမျိုးကို ပြောတာမဟုတ်ဘူး။

အလယ်လမ်းဆိုတဲ့ အဓိပ္ပာယ်က ချမ်းသာခံစားသင့်ရင် ခံစားရမယ်။ တရားသဖြင့်ရလာတဲ့ 'ဓမ္မသုခ' ကို မစွန့်ပယ်ရဘူး။ ဆင်းရဲခံသင့်ရင်လည်း ခံရမယ်ဆိုတဲ့ဟာ ချမ်းသာကိုသာ ခံစားရမယ်ဆိုတဲ့ဝါဒဟာ တစ်ဖက်စွန်းရောက်နေတယ်။ ဆင်းရဲခံရမယ်ပြောတဲ့ဟာကလည်း တစ်ဖက်စွန်းရောက်နေတယ်။ အဲဒီလို အစွန်းမရောက်ပဲနဲ့ မှန်ကန်တဲ့ အလယ်လမ်းစဉ်တစ်ခုကို ချမှတ်တယ်။ မဇ္ဈိမပဋိပဒါ ကို Middle Way လို့ ဒီလိုဘာသာပြန်ကြတယ်။ အခုခေတ် နိုင်ငံရေးပေါ်လစီလို "ကြားနေဝါဒ" ဆိုတာ Non aligned ဒီဟိုဟာမျိုးကို ပြောတာမဟုတ်ဘူး။

မဇ္ဈိမပဋိပဒါ ဆိုတာ အလယ်လမ်းဟာ မှန်ကန်တဲ့လမ်းစဉ်တစ်ရပ်ကို မြတ်စွာဘုရားက ချမှတ်ပြီးတော့ပြောတာ။ ဟိုဘက်မပါ ဒီဘက်မပါ ကြားမှာဝင်ထိုင်နေတဲ့ဝါဒလို့ တစ်ချို့ကလည်းထင်တယ်နော်၊ စည်းရိုးပေါ်တက်ထိုင်နေတဲ့လမ်းက မဇ္ဈိမပဋိပဒါလမ်းလို့ ထင်နေကြတယ်။ ဟိုဘက်လည်းမရောက် ဒီဘက်လည်းမရောက်။ အဲဒါမျိုးကို ပြောတာမဟုတ်ဘူး။ အစွန်းရောက်ပြီးတော့ တစ်ဖက်သတ်ဝါဒမျိုးကို မလုပ်ရဘူးလို့ ဆိုလိုတာ။

ကာမသုခလ္လိကာနုယောဂ ဆိုတဲ့လမ်းက ချမ်းသာပဲ ခံစားရမယ်။ ခန္ဓာကိုယ် အပင်ပန်းမခံနဲ့ဆိုတာ ဒါတစ်ခုနော်။ **အတ္တကိလမထာနုယောဂ** လမ်းစဉ်က ဒုက္ခပဲခံရမယ် ချမ်းသာ လုံးဝမခံရဘူး ဆိုတာ လမ်းစဉ်တစ်ခု။ အဲဒီလမ်းစဉ်(၂)ခုလုံးဟာ တစ်ဖက်သတ်ကျနေတယ်။ မြတ်စွာဘုရားက အေး ချမ်းသာသုခဆိုတာ ခံစားသင့်ခံစားထိုက်တဲ့ ချမ်းသာသုခရှိတယ်။ ဥပမာမယ် ဈာန်ချမ်းသာတွေဘာတွေဆို ခံစားသင့်တယ်ပေါ့။ အဲဒီ ခံစားသင့် ခံစားထိုက်တဲ့

အကျင့်တရားပဲ။ **သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာ-ကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ** လို့ မဂ္ဂင်မပဋိပဒါကို ဒီ(၈)ခုနဲ့ ဖွဲ့စည်းထားတယ်။

ဟောဒီ (၈)ခုကို တစ်ခုစီ အသေးစိတ် ကြည့်လို့ရှိရင် နံပါတ်(၁) **သမ္မာဒိဋ္ဌိ** မှန်မှန်ကန်ကန် မြင်ရမယ်တဲ့ အမြင်မှန်ရှိရမယ်။ ဒါ ဘာပြောတာတုန်းဆိုတော့ သမ္မာဒိဋ္ဌိလို့ ဆိုလိုက်သဖြင့် ဒါဝိပဿနာ ကျင့်စဉ်တစ်ရပ်ကို မြတ်စွာဘုရားက ထုတ်ဖော်ပေး တာပဲ။ အကျဉ်းချုပ်အားဖြင့် သမ္မာဒိဋ္ဌိ မှန်မှန်ကန်ကန် မြင်တယ်ဆိုတာ ဘာလဲ၊ ရုပ်နာမ် ဓမ္မသဒ္ဒါရုတွေကို ရုပ်တရားတွေကို ရုပ်တရားလို့မြင်တယ်။ နာမ်တရားတွေကို နာမ်တရားလို့မြင်တယ်။ သဘာဝလက္ခဏာ ရှုထောင့်ကနေကြည့်ပြီး မြင်သဖြင့် ခါတိုင်းမြင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာမျိုး မရှိတော့ပဲနဲ့ တကယ့်ရုပ်နဲ့နာမ်(၂)မျိုးသာလို့ဆိုတဲ့ အစစ်အမှန်ကို စပြီးတော့မြင်တာ။ ဒါ **သမ္မာဒိဋ္ဌိ**ပဲပေါ့။

အဲဒီလို မှန်မှန်ကန်ကန်မြင်ဖို့အတွက် ဘယ်သူက အထောက်အကူပြုတုန်းဆိုတော့ မှန်မှန်ကန်ကန်တွေးတောမှုက အထောက်အကူပြုတယ်။ ဒါကြောင့်မို့ သမ္မာဒိဋ္ဌိပြီးတော့ **သမ္မာသင်္ကပ္ပ**လို့ မြတ်စွာဘုရားက ဒီ လိုအပ်ချက်ကို ထုတ်ပြီးဟောတယ်။ အဲဒီ(၂)ခု ဦးဆောင်ပြီးတော့သွားမှာဖြစ်သည့်အတွက်ကြောင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို မဂ္ဂင်မပဋိပဒါမှာ ဦးဆောင်အင်္ဂါရုပ်အဖြစ် မြတ်စွာဘုရားက ရှေးဦးစွာ ဟောကြားတာဖြစ်တယ်။

ဘာဖြစ်လို့တုန်းဆိုရင် **ကာမသုခလ္လိကာနုယောဂ** တို့ **အတ္တကိလမထာနုယောဂ** တို့ ဒီ အနုယောဂ ကျင့်စဉ်(၂)ခုက ဘယ်သူကဦးဆောင်နေတာတုန်းဆို မိစ္ဆာဒိဋ္ဌိကဦးဆောင်နေတာ။ မှားယွင်း

http://www.dhammadownload.com

တဲ့ အမြင်တွေက ဦးဆောင်ထားတာ။ ဘယ်လို မှားယွင်းတဲ့အမြင်တုန်း ဆိုရင် အေး ဘဝဆိုတာ ဒါပဲ၊ နောက်ဘဝ ဆိုတာမရှိဘူး၊ ရတဲ့ ဘဝလေးကို ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့အောင် ကြိုက်သမျှ ချမ်းသာသုခကို ခံစားတာဟာ ဒါမှန်ကန်တယ်ဆိုတဲ့ ဒီအမြင်ဟာ မိစ္ဆာဒိဋ္ဌိ အမြင်တစ်ခုပဲ။

ဘာဖြစ်လို့တုန်းဆိုတော့ သူပြောတဲ့အတိုင်း သူမြင်တဲ့အတိုင်း ဘဝဆိုတာ ဒါပဲမဟုတ်ဘူး၊ အကြောင်းရှိသေးရင် နောက်ထပ်လာဦးမှာ။ သူပြောတဲ့အတိုင်း ဒီဘဝပြီးရင် အဆုံးသတ်သွားတယ်ဆိုတာ မဟုတ်ဘူး။ နောက်ထပ်လာတယ်။ လာတယ်ဆိုကတည်းက လွဲသွားပြီလေ။ သူ့အမြင်က မှန်ကန်တဲ့အမြင် မဟုတ်တော့ဘူး။ မိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ မိစ္ဆာအမြင် ဦးဆောင်လာတဲ့ အယူအဆတစ်ရပ် ဖြစ်သည့် အတွက်ကြောင့် မှားယွင်းတယ်။ အဲဒါကိုပဲ မှန်မှန်ကန်ကန် မြင်တတ်အောင်လို့ သမ္မာဒိဋ္ဌိ ဆိုတာ ရှေးဦးစွာမြတ်စွာဘုရားက ဟောလိုက်တာ။ မိစ္ဆာဒိဋ္ဌိ အမြင်ရဲ့ ဆန့်ကျင်ဘက် မှန်ကန်တဲ့ အမြင်တစ်ခု ရှိရမယ်။

နောက် **အတ္တကိလမထာနုယောဂ** ခန္ဓာကိုယ်ပင်ပန်းခံလို့ ရှိရင် အသိဉာဏ်ရတယ်ဆိုတဲ့အတွေးဟာ မှားနေတယ်။ ခန္ဓာကိုယ် ပင်ပန်းခံတိုင်း အသိဉာဏ်ဆိုတာရလာမှာမဟုတ်ဘူး။ ပင်ပန်းခံလို့ အသိဉာဏ်ရလာမယ်ဆိုရင်တော့ အပင်ပန်းခံထိုက်တာပေါ့။ သို့သော် အပင်ပန်းခံရက်သားနဲ့ အသိဉာဏ်က ရမလာဘူး။ ခန္ဓာကိုယ်ကြီး ပင်ပန်းနွမ်းနယ်သွားရုံပဲရှိတယ်။ ကိလေသာက တန်းလန်းပဲဆိုတော့ ဒီအယူအဆဟာလည်းပဲ မှားယွင်းတဲ့ အယူအဆတစ်ခုဖြစ်နေတယ်။ မိစ္ဆာဒိဋ္ဌိက ဦးဆောင်နေတာဖြစ်တယ်။

http://www.dhammadownload.com

ဒါကြောင့်မို့လို့ အဲဒီကျင့်စဉ်(၂)ရပ်ကို မိစ္ဆာဒိဋ္ဌိက အမြင်မှား က ဦးဆောင်ထားတာဖြစ်တယ်။ အဲဒီ အမြင်မှားကို ပယ်ဖျောက်ဖို့ရာအတွက် သမ္မာဒိဋ္ဌိဆိုတာကို မြတ်စွာဘုရားက အရင်ဟောလိုက်တာနော်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် မှန်ကန်တဲ့ အမြင်ရှိဖို့က အင်မတန်မှ အရေးကြီးတယ်။ သီလပဲဆောက်တည် ဆောက်တည်၊ သမထကျင့်စဉ်ပဲ ကျင့်ကျင့်၊ ဝိပဿနာ တရားပဲအားထုတ် အားထုတ်၊ အလုပ်တစ်ခုကို လုပ်ပြီဆိုရင် အမြင်က တိမ်းစောင်းနေလို့ရှိရင် လုပ်သမျှတွေဟာ အကုန်ချွတ်ချော်သွားမှာ မဟုတ်လား။ ဒါကြောင့်မို့ လုပ်သမျှတွေဟာ မမှန်ကန်နိုင်ဘူး။ မှန်ကန်နိုင်ဖို့ရာအတွက် ဘာတုန်းဆိုတော့ အမြင်မှန်ရမယ်။ မဇ္ဈိမပဋိပဒါမှာ ရှေးဦးစွာ သမ္မာဒိဋ္ဌိဆိုတာကို မြတ်စွာဘုရားက အရင်ဟောတာ၊ စဉ်ချင်သလိုစဉ်ထားပြီး ဟောချင်သလိုဟောတာ မဟုတ်ဘူး။ အဓိပ္ပာယ်ရှိရှိ ဟောထားတာနော်။ **ကာမသုခလ္လိကာနုယောဂနဲ့ အတ္တကိလမထာနုယောဂ** (၂)ခုက မိစ္ဆာဒိဋ္ဌိအမြင်လွှမ်းမိုးထားလို့ ဒီကျင့်စဉ်(၂)ရပ်ကို တန်ဖိုးရှိတယ်လို့ ယူဆတယ်။ အဲဒီအယူအဆကိုပယ်ဖျက်ဖို့ မဇ္ဈိမပဋိပဒါ လမ်းကြောင်းကို ချမှတ်တာဖြစ်တယ်။

မဇ္ဈိမပဋိပဒါလမ်းကြောင်းကျတော့ သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင်ရှိတယ်။ အေး ကာမဂုဏ်ချမ်းသာခံစားနေလို့ ဘာအသိဉာဏ်မှ ရလာမှာ မဟုတ်ဘူးဆိုတာ သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင်တစ်ခုပဲ။ ခန္ဓာကိုယ်ပင်ပန်းခံရုံနဲ့ပဲ အသိဉာဏ်ရလာမယ်ဆိုတာ ဒါလည်းပဲ မမှန်ကန်ဘူး။ မြင်လာတာဟာ သမ္မာဒိဋ္ဌိပဲပေါ့။ အဲဒီသမ္မာဒိဋ္ဌိ ဦးဆောင်ဖို့ရာအတွက် မဇ္ဈိမပဋိပဒါမှာ သမ္မာဒိဋ္ဌိဆိုတာကို ရှေးဦးစွာဟောတာ၊ ဒီတော့ သမ္မာဒိဋ္ဌိ တစ်ခုထဲ အလုပ်လုပ်မလားလို့ဆို မဟုတ်ဘူး။

http://www.dhammadownload.com

အားလုံးဟာ စုပေါင်းပြီးတော့ အလုပ်လုပ်ရတယ်။ သဘာဝတရားတွေက စုပေါင်းပြီးတော့ အလုပ်လုပ်တာ။

သမ္မာဒိဋ္ဌိကို အနီးကပ် အထောက်အကူပြုနေတဲ့ အင်္ဂါရပ်က **သမ္မာသင်္ကပ္ပတဲ့**။ သမ္မာသင်္ကပ္ပဆိုတာ မှန်မှန်ကန်ကန် တွေးတောကြံစည်မှုဟာ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ခြင်းရဲ့ အထောက်အကူတစ်ခုပဲပေါ့။ အေး- မှန်မှန်ကန်ကန်မြင်ဖို့အတွက် မှန်မှန်ကန်ကန် တွေးတောတတ်ဖို့က အရေးကြီးတယ်။ ကောင်းပြီ- အမှန်လည်းမြင်တယ်၊ အမှန်လည်း တွေးတတ်ပြီဆိုရင် ဘာတွေလုပ်ရမှာလဲ၊ ဘာကို အခြေခံရမှာလဲ။ မဂ္ဂင်(၈)ပါးဟောတာဟာ ကျင့်စဉ်တစ်ခုကိုဟောတာ။ အမြင်မှန်နေပြီ အတွးမှန်နေပြီဆိုရင် ဘာလုပ်ရမလဲဆိုရင် **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ** ကိုယ်ကျင့်သိလ မှန်ကန်ပါစေလို့ ဒီလိုဆိုလိုတာ၊ ကိုယ်ကျင့်သီလပေါ် မရပ်တည်ပဲနဲ့ အသိဉာဏ်တစ်ခု မရနိုင်ဘူး။ ကိုယ်ကျင့်သီလဟာ အင်မတန်မှ အရေးကြီးတယ်။

လူတွေဟာ ပင်ပင်ပန်းပန်း အလုပ်တစ်ခုလုပ်ပြီဆိုရင် ရပ်တည်စရာ တစ်ခုရှိရမယ်။ ဆိုပါစို့- မြေကြီးပေါ် ရပ်တည်ပြီး သစ်ပင်တွေ ရှင်းကြတယ်။ ခုတ်ကြတယ်။ မြေကြီးပေါ် ရပ်ပြီး လုပ်ရတယ်၊ ရပ်စရာနေရာ ရှိရမယ်။ Ground ရှိရမယ်လို့ ဆိုလိုတယ်။ ထူးခြားတဲ့ အသိဉာဏ်တစ်ခုရဖို့ရန်အတွက် ရပ်တည်ဖို့ရာတစ်ခု ရှိရမယ်။ အဲဒီရပ်တည်ရာက ဘာလဲလို့ဆိုရင် **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ** သီလပေါ်မှာ ရပ်တည်ရမယ်လို့ ဒီလိုပြောတာ။ သီလပေါ် ရပ်တည်လိုက်တဲ့အခါ သီလက ဘာအကျိုးရှိတုန်းလို့ မြတ်စွာဘုရားက တခြားသုတ္တန်တွေမှာ ဆက်ပြီးဟောထားတာရှိတယ်။ ကိုယ်ကျင့်သီလရှိလာပြီဆိုလို့ရှိရင် အလိုလိုစိတ်က ဝမ်းသာကြည်နူးမှု

http://www.dhammadownload.com

တွေရှိတယ်။ သြော် ငါမဟုတ်တာ မလုပ်ဘူးလို့ ပြန်တွေးလိုက်တိုင်း နောင်တပူပန်တာတို့ မဖြစ်ဘူး။ စိတ်ထဲမှာ ပြန်တွေးလိုက်တိုင်း ဝမ်းနည်းစရာဆိုတာ မပေါ်ဘူး။ ကိုယ်ကျင့်ကောင်းတဲ့ သီလကို အကြောင်းပြုပြီး ဝမ်းနည်းစရာဆိုတာ ဘာတစ်ခုမှ မရှိဘူးနော်။ ကိုယ်ကျင့်တရားကောင်းမှုကိုကြည့်ပြီး ဝမ်းသာစရာတွေချည်းပဲ။ အဲဒီ ဝမ်းသာမှုကို အကြောင်းပြုပြီး ဝမ်းမြောက်ခြင်းဆိုတဲ့ **ပါမောဇ္ဇ** ဖြစ်လာတယ်။ ဝမ်းမြောက်မှုကို အကြောင်းပြုတဲ့အခါ **ပီတိ**ဆိုတဲ့ စိတ်ထဲမှာ ကျေနပ်လာတာ ဖြစ်လာတယ်။ ပီတိဖြစ်လာလို့ရှိရင် ခန္ဓာကိုယ်ရော စိတ်ရော ငြိမ်းချမ်းလာတဲ့ **ပဿဒ္ဓိ** ဖြစ်လာတယ်။ ခန္ဓာကိုယ်ရော စိတ်ရော ငြိမ်းချမ်းလာပြီဆိုရင် **သုခ** ချမ်းသာတယ်ဆိုတာ ဝင်လာတယ်။ သုခချမ်းသာမှု ရလာတာနဲ့ တစ်ပြိုင်နက် **သမာဓိ** စိတ်ကလေးဟာ ငြိမ်လာတယ်။ သီလက ဒီလိုအကျိုးပြုတာ။

ဒါကြောင့်မို့ မဂ္ဂင်(၈)ပါးမှာ အမှန်မြင် အမှန်တွေးမှအပေါ်မှာ အခြေခံပြီးတော့ လုပ်ရမှာက ကိုယ်ကျင့်သီလပဲ။ နှုတ်ကို စောင့်စည်းတယ်- **သမ္မာဝါစာ**။ ကိုယ်မှုကို စောင့်စည်းတယ်- **သမ္မာကမ္မန္တ**။ မှန်ကန်တဲ့ အသက်မွေးမှုနဲ့ အသက်မွေးဝမ်းကြောင်းပြုတယ်- **သမ္မာအာဇီဝ**။ စိတ်ဓာတ်ကို ကြည်နူးစေတဲ့ သီလအကျင့်တရားပေါ်မှာ အခြေခံရမယ်လို့ ဒီလိုပြောတာ။

အဲဒီလို အခြေခံပြီးတဲ့အခါ ကြိုးပမ်းအားထုတ်ပါ၊ ကြိုးပမ်းအားထုတ်မှုက **သမ္မာဝါယာမ**၊ ကြိုးပမ်းအားထုတ်တဲ့အခါမှာ လုပ်တိုင်းလုပ်တိုင်း သတိထားတာက **သမ္မာသတိ**၊ အေး သတိထားပြီးတော့ စိတ်ကလေးငြိမ်အောင်ဖြစ်စေတာက **သမ္မာသမာဓိ**လို့။ အဲဒီလို မဂ္ဂင်(၈)ပါးကို အားလုံးပေါင်းစည်းပြီးတော့ အလုပ်လုပ်ဖို့ရန်အတွက်

http://www.dhammadownload.com

မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါကို ဒီအင်္ဂါ(၈)ရပ်နဲ့ ဖွဲ့စည်းပြီးတော့ ပေးထားတာ။ ဒီတော့ မဇ္ဈိမပဋိပဒါဆိုတာ တခြားဟာကို ပြောတာ မဟုတ်ဘူး။

လက်တွေ့ကျင့်သုံးဖို့ ပြောမယ်ဆိုလို့ရှိရင် **မဇ္ဈိမပဋိပဒါ** ဆိုတာ **သမထကျင့်စဉ်** နဲ့ **ဝိပဿနာကျင့်စဉ်** ကို အကျဉ်းချုပ် ပြောပြတာပဲ။ အကျဉ်းချုပ် ဟောလိုက်တာ။ ဘယ်လို အကျဉ်းချုပ် ဟောတာတုန်းဆိုရင် ကြည့်- မြတ်စွာဘုရားက ဒီမဂ္ဂင်(၈)ပါးထဲက တစ်ခုစီ တစ်ခုစီရဲ့ အသေးစိတ်ကို ရှင်းပြတဲ့ သုတ္တန်တွေရှိတယ်။ သံယုတ်ပါဠိတော် **မဂ္ဂသံယုတ်** မှာ **ဝိဘင်္ဂသုတ်**ဆိုတာရှိတယ်။ အဲဒီ **ဝိဘင်္ဂသုတ်**မှာ **သမ္မာသမာဓိ**ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ပြီးတော့ မြတ်စွာဘုရားက ရှင်းပြတယ်။

သမ္မာသမာဓိ ဆိုတာတဲ့ ကာမဂုဏ်အာရုံတွေက စိတ်ကို လွတ်ထွက်သွားအောင်၊ အကုသိုလ်အတွေးတွေက စိတ်ကို လွတ်ထွက်သွားအောင် မှန်ကန်တဲ့အာရုံလေးတစ်ခုပေါ်မှာ ကြံစည်ခြင်း၊ စိတ်ကူးခြင်း၊ နှစ်သက်မှု ပီတိဖြစ်ခြင်း၊ ချမ်းသာခြင်း၊ တည်ငြိမ်ခြင်းဆိုတဲ့ သဘာဝတရား (၅)ခုနဲ့ ရပ်တည်ပြီးတော့နေတဲ့အဆင့်ကို ဆိုလိုတယ်။ ဒါကို **ပထမစျာန်အဆင့်** လို့ခေါ်တယ်။ အဲဒီ ပထမစျာန်အဆင့်က ကာမဂုဏ်အာရုံ အကုသိုလ်တွေကို ဖယ်ရှားလိုက်လို့ရလာတဲ့ နှစ်သက်ကျေနပ်မှု ချမ်းသာမှုကို **ဝိဝေကဇ ပီတိသုခ** လို့ခေါ်တယ်။ **ဝိဝေက** ဆိုတာ ကာမဂုဏ်အာရုံတွေကို စွန့်ခွာလိုက်ခြင်းဖြစ်တယ်။ အကုသိုလ်တွေအားလုံးကို ဖယ်ရှားပစ်လိုက်တယ်။ အကုသိုလ်တွေ ကာမဂုဏ်အာရုံတွေမှ လွတ်ထွက်သွားတာကို **"ဝိဝေက"** လို့ခေါ်တယ်။ **"ဇ"** ဆိုတာ အဲဒီလွတ်ထွက်သွားခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ **ပီတိသုခ**။

http://www.dhammadownload.com

နှစ်သက်ကျေနပ်မှု ချမ်းသာမှုတွဲ့။ အဲဒီချမ်းသာဟာ သမာဓိစွမ်းအား နဲ့ရလာတဲ့ချမ်းသာ ဖြစ်သည့်အတွက်ကြောင့် သမ္မာသမာဓိပဲတဲ့။ ဒါက သမထကျင့်စဉ်က အဆင့်မြင့်တဲ့ သမာဓိစွမ်းအားတစ်ခုကိုပြောပြတာ။ အရှင်ကောဏ္ဍညသ အမှုးပြုတဲ့ ပဉ္စဝဂ္ဂိတွေကို မြတ်စွာဘုရားက သမထ ကျင့်စဉ်ကို ဒီသမ္မာသမာဓိနဲ့ ဟောပြောတာနော်။

ဓမ္မစကြာထဲမှာ မဂ္ဂင်(၈)ပါးကို အကျဉ်းချုပ် ရေတွက်ထားတာ သာပါတာ။ တကယ်ဟောနေတဲ့အချိန်မှာ သမ္မာသမာဓိဆိုတာ ဘာလဲ ဆိုတာကို ရှင်းပြောနေတာ။ ထိုထိုသုတ္တန်တွေကို ကြည့်မယ်ဆိုရင် ဘုရားက အသေးစိတ်ရှင်းပြောနေတာ။ အဲဒီလိုရှင်းပြောနေတာကို နားထောင်ရင်းပဲ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေက တရားရဲ့နောက်ကနေ လိုက် Apply လုပ်ပြီး ကျင့်သွားတာ။ ဒါကြောင့် တရားနာရင်း ထူးခြား တဲ့ အသိဉာဏ်တွေရကြတာ။ အာရုံစိုက်ပြီးတော့နာသည့်အတွက် ကြောင့်ပေါ့။ အေး- ကိလေသာတွေက လွတ်လပ်သွားတယ်။ ကာမ ဂုဏ် အာရုံတွေက လွတ်လပ်သွားတယ်ဆိုကတည်းက စိတ်ကလေးက တကယ်လည်း လွတ်လပ်သွားတဲ့ အနေအထားမျိုး ရောက်သွားတယ် ပေါ့။ **ဝိဝေကဇ ပီတိသုခ** ဆိုတဲ့ အဆင့်ကို ရလာပြီ။ ဒါဟာ သမ္မာ သမာဓိ တစ်ခုပဲ။

အဲဒီနောက်မှာကြံစည်မှု တွေးတောမှုဆိုတာတွေဟာ သမာဓိ ကို အနှောင့်အယှက်ပေးသည့်အတွက်ကြောင့် အဲဒီ(၂)ခုကိုဖယ်ရှား လိုက်တယ်။ ဝမ်းသာခြင်း၊ ချမ်းသာခြင်း တည်ငြိမ်ခြင်းဆိုတဲ့ သဘာဝ (၃)ခုနဲ့ ရပ်တည်နိုင်တာကို ဒုတိယစျာန်အဆင့်လို့ ခေါ်တယ်။ အဲဒီ ဒုတိယစျာန်အဆင့်မှာလည်းပဲ ပီတိဟာ စိတ်ကို အနှောင့်အယှက် ပေးတာ ဖြစ်သောကြောင့် ထိုပီတိကို ဖယ်ရှားပစ်လိုက်ရင် သုခနဲ့

http://www.dhammadownload.com

သမာဓိ ဒီ(၂)ခုနဲ့ ရပ်တည်နေတယ်။ တစ်ခါ သုခချမ်းသာခံစားမှု ကလည်းပဲ သမာဓိကို အနှောင့်အယှက်ပေးတယ် ဆိုပြီးတော့ ချမ်းသာမှု ခံစားတဲ့ဝေဒနာ သုခဝေဒနာကို ဖယ်ရှားလိုက်တဲ့အခါ သုခဝေဒနာအစား ဥပေက္ခာဝေဒနာဆိုတာ ဝင်လာတယ်။ ဥပေက္ခာ ဝေဒနာနဲ့ သမာဓိကျတော့ သမာဓိကို နှောင့်ယှက်တာ တစ်ခုမှ မရှိတော့ဘူးတဲ့။ အင်မတန်မှ အဆင့်မြင့်တဲ့ သမာဓိရသွားပြီ။ အဲဒါကို သမ္မာသမာဓိလို့ခေါ်တာ။ မြတ်စွာဘုရားက မဂ္ဂင်(၈)ပါးဟောတဲ့အခါ သမ္မာသမာဓိလို့ပြောပြီး သမ္မာသမာဓိရဲ့ အဓိပ္ပာယ်ကို သမထကျင့်စဉ် တစ်ခုရဲ့ အောင်မြင်ပေါက်ရောက်မှုကိုရှင်းပြတာပဲ၊ ဒီထဲမယ် ဘာတွေ လုပ်ရမယ် ဆိုတာလည်းပဲ ပါသွားပြီးပြီပေါ့။

နောက်တစ်ခါ သမ္မာဝါယာမ ဆိုတာကျတော့ မြတ်စွာဘုရားက ကြိုးပမ်းအားထုတ်ရမယ်၊ အရှင်ကောဏ္ဍညတို့ကို မဇ္ဈိမပဋိပဒါမှာ ဒီလမ်းကြောင်းကလျှောက်ပြီဆိုရင် ကြိုးပမ်းအားထုတ်မှု (၄)ရပ်နဲ့ ပြည့်စုံဖို့လိုအပ်တယ်။ ကြိုးပမ်းအားထုတ်မှု (၄)ရပ်ဆိုတာ ဘာတုန်း? ၁။ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်ရအောင် တားဆီးပိတ်ဆို့ခြင်း၊ ၂။ မတော်တဆ ဖြစ်ပေါ်လာတဲ့ အကုသိုလ်တရားတွေကို ဖယ်ရှားဖို့ ကြိုးပမ်းအားထုတ်ခြင်း၊ ၃။ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင် ကြိုးပမ်းအားထုတ်ခြင်း၊ ၄။ ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေ တိုးပွားလာအောင် ကြိုးပမ်းအားထုတ်ခြင်း။ ဒီ ကြိုးပမ်းအားထုတ်မှု (၄)ခုသည် သမ္မာဝါယာမပဲလို့ဆိုတော့ အရှင် ကောဏ္ဍညတို့ သဘောပေါက်တယ်လေ။ အာရုံတွေနဲ့တွေ့တဲ့အခါမှာ လောဘမဖြစ်အောင် ထိန်းရမယ်။ ဒေါသမဖြစ်အောင် ထိန်းရမယ်။ မောဟမဖြစ်အောင် ထိန်းရမယ်။ အဲဒီလိုထိန်းနေတာ မဖြစ်သေးတဲ့

http://www.dhammadownload.com

အကုသိုလ်မဖြစ်အောင်လုပ်တာပဲလေ။ မတော်တဆ လောဘဖြစ်သွားလို့ရှိရင် ဖယ်ရှားဖို့ရန်ကြိုးစားရမယ်။ မတော်တဆ ဒေါသဖြစ်သွားရင် ဖြစ်လာတဲ့ဒေါသကို မြန်မြန်ကြီးဖယ်ရှားပစ်ဖို့ ကြိုးစားရမယ်။ မဖြစ်သေးတဲ့ အသိထူးတွေ၊ ဉာဏ်ထူးတွေ မဖြစ်သေးတာတွေကို ဖြစ်အောင်လုပ်ရမယ်။ ဖြစ်လာတဲ့ အသိဉာဏ်လေး တိုးပွားလာအောင် လုပ်ရမယ်ဆိုတာကို ဟောဒီ မဂ္ဂင်(၈)ပါးထဲမှာ သမ္မာဝါယာမ ဆိုတဲ့ အချက်နဲ့ ထင်ရှားပြပြီးသားဖြစ်တယ်ပေါ့။

သမ္မာဝါယာမဆိုတာ သမထကျင့်စဉ်ကိုကျင့်တာနဲ့ ဝိပဿနာကျင့်စဉ်ကို တကယ်ကြိုးပမ်းအားထုတ်နေခြင်းသည်ပင် သမ္မာဝါယာမပဲပေါ့။ ဒါဖြင့် ကြိုးပမ်းအားထုတ်မှုဆိုတဲ့အခါမှာ စိတ်ကလေးက ဘယ်မှာထားရမှာတုန်း။ စိတ်က ဘာကိုသတိရနေမှာတုန်း၊ ဘယ်ပေါ်မှာ Mindful လုပ်နေရမှာလဲလို့ ဆိုတဲ့အခါကျတော့ မြတ်စွာဘုရားက **သမ္မာသတိ** ဆိုပြီးတော့ တစ်ခါ အာရုံ(၄)မျိုးကို ခွဲဟောထားတယ်။ သတိပဋ္ဌာန်တရား (၄)ပါး ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မလို့ဆိုတဲ့ ဒီအာရုံပေါ်မှာ စိတ်ကိုထားပါလို့ဆိုတာ။ ဒါ ကမ္မဋ္ဌာန်းကျင့်စဉ်တစ်ခုကို ပေးနေတဲ့သဘောပေါ့နော်။

ကာယဆိုတာ မိမိသန္တာန်မှာရှိနေတဲ့ ထွက်လေဝင်လေဟာလည်းပဲ ကာယပဲ၊ ဝေဒနာ ဆိုတာ ကိုယ်သန္တာန်မှာရှိတဲ့ ခံစားမှုပဲ၊ ဝမ်းသာတဲ့ ခံစားမှု၊ ချမ်းသာတဲ့ ခံစားမှု၊ ဆင်းရဲတဲ့ခံစားမှု။ ဝမ်းသာ၊ ချမ်းသာ (၂)ခုရဲ့ စပ်ကြားမှာ ဖြစ်တဲ့ခံစားမှု၊ အဲဒီခံစားမှုရဲ့ သဘာဝတရားတွေဟာ ဒါ အာရုံပြုရမယ့် အရာတစ်ခု၊ သတိလေးထားရမယ့် အရာတစ်ခု၊ နောက်တစ်ခါ ကိုယ့်ရဲ့စိတ်ကလေး အခြေအနေကိုသိဖို့၊ စိတ်ဟာ အာရုံပြုပြီးတော့ သိရမယ့် အရာတစ်ခု၊ ကျန်တဲ့သဘာဝ

http://www.dhammadownload.com

တရားတွေကိုလဲပဲ သိရမယ်လို့ ပေါင်းလိုက်တဲ့အခါကျတော့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဒီအာရုံတွေပဲသတိထားရမယ်လို့။ ဩော်- သတိထားတယ်ဆိုတာ ဘာကျင့်စဉ်ကျင့်နေတာတုန်းဆိုတော့ သမထကျင့်စဉ်နဲ့ ဝိပဿနာကျင့်စဉ်ကျင့်နေတာပဲ။ ဒီအကျင့်ကျင့်နေလို့ရှိရင် သမ္မာသတိ လုပ်ငန်းဟာပြီးနေတယ်။ အဲဒီတော့ ခြုံကြည့်လိုက်မယ်ဆိုရင် သမထကျင့်စဉ်ပဲကျင့်ကျင့်၊ ဝိပဿနာကျင့်စဉ်ပဲကျင့်ကျင့် မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင်၊ ဖြစ်ပြီးသား အကုသိုလ်တွေ ဖယ်ရှားဖို့၊ မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်ဖို့၊ ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွားလာအောင် လုပ်ဖို့ ခြုံပြောလိုက်ရင် ကြိုးစားနေတာပဲ။

အေး- ဒါကြောင့်မို့ သမ္မာဝါယာမနဲ့ သမ္မာသတိက ဘယ်သူ့ကို အထောက်အကူ ပြုတာတုန်းဆို သမ္မာသမာဓိကို အထောက်အကူပြုတာ။ ဖွဲ့စည်းလိုက်တဲ့အခါ ဒါ သမာဓိမဂ္ဂင်ဆိုပြီးတော့ ဖွဲ့စည်းပေးထားတယ်ပေါ့။ သီလမဂ္ဂင်ပြီးလို့ရှိရင် သမာဓိမဂ္ဂင်ကျင့်စဉ်ကို ကျင့်ရမယ်။ အဲဒီလို ကျင့်စဉ်ကျင့်လို့ရှိရင် ဘယ်မှာ အထွတ်အထိပ် ရောက်တုန်းဆိုရင် သမ္မာဒိဋ္ဌိမှာပဲ အထွတ်အထိပ် ရောက်တယ်ပေါ့။

သမ္မာဒိဋ္ဌိဆိုတာ ဘာကိုပြောတာလဲ? **"ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ ဉာဏံ"** လို့ သမ္မာဒိဋ္ဌိရဲ့ အဓိပ္ပာယ်ကို ရှင်းတယ်။ မြတ်စွာဘုရားက ဒုက္ခကို ဒုက္ခလို့သိတယ်လို့ ဆိုကတည်းက ဒါ ဝိပဿနာကျင့်စဉ်တစ်ခုရဲ့ အာရုံတစ်ခုကိုပြောတာပဲ။ ရုပ်ပဲမြင်မြင်၊ နာမ်ပဲမြင်မြင်၊ ဒါဒုက္ခပဲ။ အဲဒီဒုက္ခကို သိလာတယ်။ ဒုက္ခကို ဒုက္ခလို့သိတယ်။ သိရုံတင်မကဘူး။ ဒီဒုက္ခ ဘာကြောင့်ဖြစ်ရတယ် ဆိုတာလည်း သိတယ်၊

http://www.dhammadownload.com

ဒုက္ခသမုဒယေ ဉာဏ်။ ဒီဒုက္ခ ဘယ်နေရာမှာ အဆုံးသတ်တယ် ဆိုတာ အဆုံးသတ်မဲ့ နေရာကိုလည်းပဲ ရှင်းရှင်းကြီးသိတယ်၊ **ဒုက္ခ နိရောဓေ ဉာဏ်။** အဲဒီလို အဆုံးသတ်ဖို့ နည်းလမ်းက ဘာလဲဆိုတာ ကိုလည်း ရှင်းရှင်းကြီး သိလာတယ်၊ **ဒုက္ခနိရောဓ ဂါမိနိယာပဋိပဒါ ဉာဏ်။** အဲဒါကို မှန်ကန်တဲ့အမြင်လို့ပြောတာနော်။

ဒီထဲမှာ ကြည့်လိုက်မယ်ဆိုရင် သမ္မာဒိဋ္ဌိမှာ ဒုက္ခေ ဉာဏ်လို့ ပြောလိုက်ကတည်းက ဒါ ဝိပဿနာရှုဖို့ မြတ်စွာဘုရားက ဟောတဲ့တရားပဲ၊ ရှုတယ်ဆိုတာ ဒုက္ခကိုပဲ ရှုရမယ်။ ဒုက္ခဆိုတာ ဘာတွေကိုပြောတာတုန်းဆိုရင် ရုပ်နဲ့နာမ်ပဲ။ အဲဒီရုပ်နဲ့နာမ်တွေဟာ ဒုက္ခပဲ အေး- ဒုက္ခကို မြင်ပြီးလို့ရှိရင် ဒုက္ခသမုဒယကိုလည်းပဲ မြင်လာတယ်။ အဲဒီ ဒုက္ခသမုဒယ မြင်လာပြီးတော့ ဒုက္ခနိရောဓ၊ နောက်ဆုံး ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါနဲ့ ဒုက္ခနိရောဓကို သိတယ်။ အကျဉ်းချုပ် ပြောရ မယ်ဆိုရင် ဝိပဿနာကျင့်စဉ်တစ်ခုကို သစ္စာ(၄)ပါးက ဖော်ညွှန်းပေး ထားတာ။

ဘယ်လိုဖော်ညွှန်းပေးတာတုန်းဆိုတော့ ဝိပဿနာအလုပ်ကို လုပ်တယ်ဆိုတာ ဘာနဲ့လုပ်ရမလဲလို့ဆိုရင် ဒုက္ခနိရောဓဂါမိနီပဋိပဒါ။ အတိုချုပ်ပြောမယ်ဆိုရင် မဂ္ဂသစ္စာပေါ့နော်။ မဂ္ဂသစ္စာဆိုတာ တခြား ဟာမဟုတ်ဘူး။ ဒီပြောခဲ့တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီ(၈)ခုနဲ့ပူးပေါင်းထားတာ။ အဲဒီ(၈)ခုနဲ့ဘာကို မြင်အောင်ကြည့်ရတာ တုန်းဆိုတော့ ဒုက္ခကိုမြင်အောင်ကြည့်ရတာ။ ဒုက္ခပေါ်မှာ အလုပ် လုပ်ရမယ်လို့ ဒီလိုပြောတာ အဲဒီဒုက္ခပေါ်မှာ အလုပ်လုပ်သည့်အခါမှာ ဘယ်လို အကျိုးကျေးဇူးတွေ ရလာတုန်းဆိုရင် ဒုက္ခကို ဖြစ်စေတတ်တဲ့

http://www.dhammadownload.com

အကြောင်းတရားကိုဖယ်ရှားပြီး ဒုက္ခအဆုံးသတ်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟာ ဒါအကျိုးပဲ။

ဝိပဿနာကျင့်စဉ်တစ်ခု ဘယ်လိုကျင့်ရမှာတုန်းဆိုတာ ဒီမှာ ပါလာတယ်ပေါ့။ မဂ္ဂသစ္စာကို မိမိသန္တာန်မှာထူထောင်၊ ထူထောင်ပြီးတော့ ဒုက္ခသစ္စာပေါ်မှာ အလုပ်လုပ်၊ အလုပ်လုပ်တဲ့အခါမှာ ဒုက္ခသမုဒယဆိုတဲ့ တဏှာကို ဖယ်ရှားပြီး ဒုက္ခနိရောဓ ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပဲ။ အဲဒါဟာ ဗုဒ္ဓမြတ်စွာရဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ပဲ၊ ပြည့်ပြည့်စုံစုံကြီး ဖော်ပြထားတယ်။ ထူထောင်ရမယ်ဟာ၊ အလုပ်လုပ်ရမယ့်နေရာ၊ ရလာတဲ့အကျိုးကျေးဇူး၊ ဖယ်ရှားရမယ့်အရာ၊ ရလာမယ့် အကျိုးကျေးဇူး ဆိုပြီးတော့ ဒါကိုပဲ သစ္စာ(၄)ပါး လို့ပြောတာ။

အဲဒီလို သမ္မာဒိဋ္ဌိလို့ ဟောလိုက်တာနဲ့ တပြိုင်နက် သစ္စာ(၄)ပါးအမှန်တရား၊ အမှန်တရားဆိုတာ အလုပ်လုပ်ဖို့ပဲ။ အဲဒီအလုပ်လုပ်လို့ ရရှိလာတဲ့ အသိဉာဏ်။ အဲဒီအသိဉာဏ်ကို ဆိုလိုတယ်။ အဲတော့ သမ္မာဒိဋ္ဌိကိုချဲ့ပြီးတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ပြောမယ်ဆိုရင် သမ္မာဒိဋ္ဌိက ဘာတွေမြင်တာတုန်းဆိုရင် ဆိုပါစို့- အဝိဇ္ဇာကိုလည်း မြင်တယ်။ အဝိဇ္ဇာဖြစ်ကြောင်းတရားကိုလည်းမြင်တယ်။ အဝိဇ္ဇာချုပ်တဲ့နေရာကိုလည်း မြင်တယ်။ အဝိဇ္ဇာချုပ်ရာချုပ်ကြောင်းအကျင့်ကိုလည်း မြင်တယ်။ မဂ္ဂင်သစ္စာ(၄)ပါးပဲ။

သခ်ါရနဲ့ ပတ်သက်ပြီးတော့လည်း ဒီ(၄)ချက်ကိုပဲမြင်တာ။ သခ်ါရဆိုတာ ဘာလို့သိတယ်။ အဲဒီသခ်ါရတွေ ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ သမုဒယကိုလည်းသိတယ်။ အဲဒီ သခ်ါရတွေ ဘယ်မှာချုပ်တယ်ဆိုတဲ့ နိရောဓကိုလည်းသိတယ်။ အဲဒီလိုချုပ်ခြင်းသို့ရောက်စေတတ်တဲ့ အကျင့်လို့ဆိုတဲ့ မဂ္ဂကိုလည်းသိတယ်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ရပ်စလုံးကို သစ္စာ(၄)ပါးရှုထောင့်ကနေ အကုန်သိသွားတယ်။ ဝိညာဏ်ဆိုတာကိုသိတယ်။ ဝိညာဏ်ဖြစ်ကြောင်း တရားကိုသိတယ်။ ဝိညာဏ်ချုပ်ရာကိုသိတယ်။ ဝိညာဏ်ချုပ်ကြောင်း အကျင့် ပဋိပဒါကိုသိတယ်။ (၄)ချက် (၄)ချက် (၄)ချက် ရှင်းရှင်းကြီး မြင်သွားတယ်။ သမ္မာဒိဋ္ဌိ ဒါဘာပြောတာတုန်းဆိုတော့ ဝိပဿနာကျင့်စဉ်တစ်ခုကို အကျဉ်းချုပ် ဖော်ထုတ်တာ။

အရှင်ကောဏ္ဍညတို့ဆိုတာက ကနေ့ပဲ ပွင့်တော့မယ့် ရေပေါ်မှာ ပေါ်တက်ပြီးတော့ ရင့်နေတဲ့ကြာဖူးကြီးတွေနဲ့တူတယ်ပေါ့။ နည်းနည်းလေး ပြောလိုက်တာနဲ့ သဘောပေါက်သွားမယ့် ပုဂ္ဂိုလ်တွေကိုး။ အဲတော့ သမ္မာဒိဋ္ဌိဆိုတာ ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ ဒီ(၄)ချက်ကို သိတာ။ သမ္မာဒိဋ္ဌိလို့ ပြောလိုက်သဖြင့် ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်တတ်သွားတယ်။ ကျင့်နည်းတစ်ခု ရသွားတယ်။ ဒီလိုဆိုလိုတာနော်။

အဲဒါကြောင့်မို့လို့ မဇ္ဈိမပဋိပဒါဆိုတဲ့ ဒီမဂ္ဂင်(၈)ပါး လမ်းကြောင်းကနေ လျှောက်လိုက်လို့ရှိရင် **စက္ခုကရဏီ** အမြင်မျက်စိတွေဖြစ်ပေါ်လာတယ်။ **ဉာဏကရဏီ** အသိဉာဏ်ထူးတွေဖြစ်ပေါ်လာတယ်။ **ဥပသမ** စိတ်တွေငြိမ်းအေးလာတယ်။ **အဘိညာ** ထူးသောဉာဏ်ဖြင့် သိလာတယ်။ **သမ္မောဓ** မှန်မှန်ကန်ကန် သိလာတယ်။ **နိဗ္ဗာန** နိဗ္ဗာန်ကို မျက်မှောက်ပြုလာနိုင်တယ်လို့ဆိုတဲ့ ဒီအကျိုးကျေးဇူးတွေဟာ ရရှိသွားနိုင်တယ်။ အဲတော့ မြတ်စွာဘုရားက ဒီ မဇ္ဈိမပဋိပဒါလမ်းစဉ်နဲ့ ငါကိုယ်တိုင်ကျင့်ခဲ့လို့ ဒီအဆင့်တွေကို ရောက်လာတယ်။

ဩော် အနုယောဂ(၂)ပါးကို ဖယ်ရှားပြီး ဟောဒီ မဇ္ဈိမပဋိပဒါလမ်းကြောင်းက ကျင့်လို့ရှိရင် လမ်းကြောင်းကသွားလို့ရှိရင် ထူးခြားတဲ့

http://www.dhammadownload.com

အသိဉာဏ်တွေ ရလာလိမ့်မယ်လို့ အရှင်ကောဏ္ဍညသည် အမှုန်းပြုတဲ့ ပဉ္စဝဂ္ဂီတွေကို ဒီလိုရှင်းပြတာနော်။ အဲဒီမှာ မဂ္ဂင်(၈)ပါးကို အသေးစိတ်ထဲကမှ သမ္မာဒိဋ္ဌိဆိုတာ အင်မတန်မှ အရေးကြီးတာဖြစ်သောကြောင့် ရှေ့ကနေပြီးတော့ ဟောထားတယ်။

သမ္မာသင်္ကပ္ပ မှန်မှန်ကန်ကန် တွေးတယ်ဆိုတာ ဘာတုန်း ဝိပဿနာကျင့်စဉ်ကို ကျင့်နေတယ်။ သမထကျင့်စဉ်တစ်ခုကို ကျင့်နေတယ်။ အဲဒီကျင့်နေခြင်းသည်ပင်လျှင် နေကွမ္မသင်္ကပ္ပ၊ မှန်မှန်ကန်ကန် တွေးနေတဲ့ အတွေးတစ်ခုပဲပေါ့။ ရုပ်ကို ရုပ်လို့တွေးတာ နာမ်ကိုနာမ်လို့ တွေးတာ မှန်ကန်တဲ့အတွေးတစ်ခုပဲ။ နေကွမ္မသင်္ကပ္ပ ထဲမှာပါတယ်ပေါ့။ လောဘနဲ့တွေးတဲ့ အတွေးမဟုတ်ဘူး။ နောက် ဒေါသနဲ့တွေးတဲ့ အတွေးမျိုးမရှိဘူး။ ညှင်းဆဲလိုတဲ့အတွေးနဲ့, အတွေးမျိုးလည်းမရှိဘူး ဆိုတော့ သမ္မာသင်္ကပ္ပ မှန်မှန်ကန်ကန်တွေးတယ်ဆိုတာ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ရုပ်နာမ်ဓမ္မ သဒ္ဓါရုအပေါ်မှာ ရှုမြင်သုံးသပ်ပြီး တွေးနေတဲ့ အတွေးသည် မှန်ကန်တဲ့အတွေးပဲ။ မှန်ကန်တဲ့အတွေးနဲ့ စိတ်ကို အာရုံပေါ်မှာ တင်ပေးနေခြင်းဖြင့် အသိဉာဏ်ဖြစ်ပေါ်ဖို့ရန်အတွက် များစွာအထောက်အကူပြုနေတယ်လို့ ဒီလိုဆိုလိုတယ်။

အဲဒီလို အထောက်အကူပြုဖို့ ကိုယ်ကျင့်သီလကို အခြေခံပြီးတော့ ကြိုးပမ်းအားထုတ်ကြမယ်။ ကြိုးပမ်းအားထုတ်ကြတဲ့အခါမှာ စိတ်က သတိရှိဖို့၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မလို့ဆိုတဲ့ ဒီအာရုံပေါ်မှာ သတိရှိတယ်။ အေး ရုပ်နာမ်ပေါ်မှာသတိရှိနေတယ်ဆိုရင် ရုပ်တရားပေါ်မှာ သတိရှိနေတယ်ဆိုရင် ဒါ ဓမ္မာနုပဿနာကို အာရုံပြုနေတဲ့သဘောပဲပေါ့။ ဝေဒနာကို သတိရှိနေတယ်ဆိုရင် ဝေဒနာနုပဿနာကို အာရုံပြုနေတဲ့သဘောပေါ့။ စိတ်ကို အာရုံပြုနေတယ်ဆိုလို့ရှိရင်

http://www.dhammadownload.com

စိတ္တာနုပဿနာပဲပေါ့။ အဲဒီလို သဘာဝတရားတစ်ခုခုကို အာရုံပြု နေတာဟာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ လို့ ဆိုတဲ့ ဒီ ရှုမှတ်ဖွယ်ရာ အာရုံ(၄)မျိုးက လွဲပြီးတော့ သတိထားစရာ ဘာမှမရှိဘူး။ အဲဒီလိုရှုခြင်းဖြင့် သမထ ကျင့်စဉ်အရ ကျင့်လိုက်လို့ တည်ငြိမ်လာတဲ့ သမာဓိစွမ်းအားကို အသုံးချလိုက်တယ်။ အသုံးချပြီးတော့ ပညာအဆင့်ကိုမြှင့်တင်လိုက်တဲ့အခါမှာ အမှန်တရား တွေကို ရှင်းရှင်းလင်းလင်းကြီး သိသွားတယ်လို့ ဒီလိုဆိုလိုတာ။ အဲဒါ မဂ္ဂိမပဋိပဒါ အကျင့်ပဲ။

အဲတော့ ဓမ္မစကြာကို သာမန်အားဖြင့် ကြည့်မယ်ဆိုရင် သမထကျင့်နည်းလည်း မပါဘူး။ ဝိပဿနာကျင့်နည်းကလည်း မပါ ဘူး။ အရှင်ကောဏ္ဍညတို့ ဘယ်လိုလုပ်ပြီးတော့ မဂ်ဖိုလ်ရသွားတုန်းလို့ တွေးမိကောင်းတွေးမိကြလိမ့်မယ်။ မဟုတ်ဘူး၊ အလွန်ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေဟာ သမ္မာဒိဋ္ဌိလို့ ပြောလိုက်တာနဲ့တပြိုင်နက် သမ္မာဒိဋ္ဌိ ဆိုတာ ဒုက္ခကိုသိတာ၊ ဒုက္ခသမုဒယကိုသိတာ၊ ဒုက္ခနိရောဓကိုသိတာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါကိုသိတာ၊ ဟော အကျင့်ကိုလည်း သိတယ်။ ထိုအကျင့်ဖြင့်ရှုမှတ်ရမယ့်ဟာကိုလည်း သိတယ်။ ဖယ်ရှားရမယ့်အရာ ကိုလည်း သိတယ်။ မျက်မှောက်ဖြစ်ရမယ့်အရာကိုလည်း သိတယ် ဆိုတော့ သူ့ရဲ့သိမှုက ပြည့်စုံသွားပြီလေ။ နောက်ထပ် ဘာမှမလိုတော့ ဘူး။ ဒါကြောင့်မို့လို့ မဂ္ဂိမပဋိပဒါလို့ဆိုတဲ့ထဲမယ် သမထကျင့်စဉ် ရော ဝိပဿနာကျင့်စဉ်ရော မြတ်စွာဘုရားက ဟောပေးလိုက်တာ ဖြစ်တယ်ပေါ့။

ခြုံငုံပြီးတော့ပြောမယ်ဆိုရင် ကိုယ်တော်မြတ်ကိုယ်တိုင် ကျင့် လာတာ အာနာပါန ကမ္မဋ္ဌာန်းကိုအာရုံပြုတယ်၊ ဆိုပါစို့။ အာနာပါနကို

http://www.dhammadownload.com

အာရုံပြုပြီးတော့ သမာဓိရလာတယ်။ ဒါသမ္မာသမာဓိကို ထူထောင်တာ သမထကျင့်စဉ်။ အဲဒီသမာဓိရလာပြီးတဲ့အခါမှာ ထိုစျာန်မှာရှိတဲ့ သဘာဝတရားတွေကို ရှုမှတ်ဆင်ခြင်လိုက်တာကျတော့ **သမ္မာဒိဋ္ဌိ**၊ ရှုမှတ်ဆင်ခြင်မှုကို စိတ်ကနေပြီးတော့ တင်ပေးနေတာက **သမ္မာသင်္ကပ္ပ**၊ အဲဒီရှုမှတ်ဆင်ခြင်မှုတွေ တိုးပွားလာအောင် ကြိုးစားနေတာက **သမ္မာဝါယာမ**၊ ထိုရှုမှတ်ဆင်ခြင်မှု **သမ္မာသတိ** နှင့် ထိုစိတ်ကလေးနဲ့ ကွာမသွားအောင် ထိန်းပေးနေတာက စိတ်တည်ကြည်မှု **သမ္မာသမာဓိ** ဆိုပြီး ဟော ဒီ(၅)ခုနဲ့အလုပ်လုပ်သွားတာပဲ၊ ဒါကြောင့် မို့ **ကာရာပကမဂ္ဂင်** တရားအားထုတ်နေတဲ့အချိန်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ ဒီ(၅)ခုနဲ့ အလုပ်လုပ်ပြီးတော့ တရားကျင့်သွားကြတာ။ အဲဒီ(၅)ခုဟာ တရားအားထုတ်နေတဲ့အချိန်မှာ အစွမ်းကုန် စွမ်းဆောင်မှု ပေးနေကြတယ်လို့ ဒီလိုဆိုလိုတယ်။ ဘယ်တရားပဲကျင့်ကျင့် မှန်ကန်တဲ့လမ်းစဉ်နဲ့ ကျင့်လို့ရှိရင် ဒီ(၅)ခုနဲ့ သွားနေတာပဲပေါ့။ အဲဒီလို မဂ္ဂင်မပဋိပဒါကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောတယ်။

မဂ္ဂင်မပဋိပဒါ သာသနာတော်မှာ မှန်ကန်တဲ့အကျင့်ဆိုတာ ဒီအကျင့်ပဲလို့ဆိုပြီးတော့ ဒီမှန်ကန်သောအကျင့်ကို ကျင့်ဖို့ရာအတွက် မှန်ကန်တဲ့အချက်(၄)ချက်ကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောကြားတယ်။ အဲဒါဟာ သစ္စာ(၄)ပါးကိုဟောပြောတာ။

အဲတော့ ဓမ္မစက္ကာဟာ သစ္စဒေသနာလို့ဆိုတဲ့အတိုင်း အမှန်တရား(၄)ချက်ကို မသိဘဲနဲ့ သမ္မာဒိဋ္ဌိဆိုတာ မဖြစ်နိုင်ဘူးပေါ့။ အမှန်တရားသိလို့ သမ္မာဒိဋ္ဌိလို့ခေါ်တာ။ အဲဒီမှာ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းအားထုတ်ရတဲ့နေရာမှာ လိုအပ်တဲ့အချက်(၄)ချက်နဲ့ ဟောဒီ မဂ္ဂင်မ

http://www.dhammadownload.com

ပဋိပဒါ ကျင့်စဉ်ကျင့်တယ်ဆိုတာကို အပြည့်အစုံဖော်ပြလိုက်တယ်။ မဇ္ဈိမပဋိပဒါတုန်းက သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စတဲ့ ဒီ(၈)မျိုးကိုပဲ မြတ်စွာဘုရားက ထူထောင်ဖို့ပြောတယ်။ အဲဒီလိုထူထောင်ဖို့ပြောပြီးတဲ့အခါ ဘယ်ပေါ်မှာထူထောင်ရမှာလဲဆိုတာကို ဘယ်ပေါ်မှာ ထူထောင်ပြီးတော့ ဘယ်ဟာကိုဖယ်ရှားပြီး ဘယ်ဟာကိုမျက်မှောက်ပြုရမှာလဲဆိုတာကို ထင်ရှားအောင်လို့ သစ္စာ(၄)ပါးကို ဆက်ပြီးတော့ ဟောတာ။

အဲတော့ ကြည့်လေ- နောက်ကနေပြီး မြတ်စွာဘုရားက ဟောတာ **"ကွဲဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"** တကယ် မှန်ကန်တာကို အရင်မြင်ဖို့ အရေးကြီးတယ်။ ဒုက္ခဆိုတဲ့ အရိယသစ္စာ၊ ဘာတွေကို ဒုက္ခလို့ပြောလိုတာတုန်းဆိုတော့ ထင်ရှားတာလေးတွေကို အရင်ပြောပြတယ်။ မြတ်စွာဘုရားက ဘာလို့တုန်းဆို အသိခက်မှာစိုးလို့ လွယ်လွယ်လေးနဲ့ သိနိုင်တာဘာတုန်း။

ဇာတိပိ ဒုက္ခာ၊ ပဋိသန္ဓေ နေရတယ်ဆိုတာ ဒုက္ခလို့ အဲလို ပဋိသန္ဓေနေရတာဒုက္ခလို့ဆိုတာ ဘာကြောင့် ဒုက္ခလို့ပြောတာတုန်း ဆိုရင် လောကမှာ ကြုံတွေ့ရတဲ့ဆင်းရဲမှုမှန်သမျှဟာ မွေးဖွားလာခြင်း ကစတာပဲမဟုတ်လား။ သို့သော် အဋ္ဌကထာမှာ ဘာတွေကိုရေးတုန်းလို့ ဆိုလို့ရှိရင် **ဇာတိဒုက္ခ** အဓိဝစ်းမှာ ဆင်းဆင်းရဲရဲ နေရတဲ့ဒုက္ခတွေကိုပြောတာ။ သို့သော် အဲဒီဒုက္ခတွေကို လူတွေက ကိုယ်တိုင်ခံစားပြီးတော့ မှတ်မိ မှတ်သိနေကြလားဆို ဘယ်သူမှမသိဘူး။ အမွေဝစ်းထဲမှာ ဘယ်လိုနေခဲ့တယ်။ ဘယ်သူသိလဲ ဘယ်သူမှ မသိဘူး။

ဒါကြောင့်မို့လို့ ဇာတိဒုက္ခလို့ဆိုတာ အဋ္ဌကထာဆရာက အေးအဲဒီလိုဒုက္ခရောက်ခဲ့တာလို့ဆိုတာ ထောက်ပြတယ်။ ဆိုလိုရင်းကတော့ အဲဒီလိုမွေးဖွားလာခဲ့သည့်အတွက်ကြောင့် အခုကြုံတွေ့ရတဲ့ ဒုက္ခတွေ

http://www.dhammadownload.com

က မွေးဖွားလာခဲ့လို့ ကြဲရတာလို့ ဒီလိုဆိုလိုတာ။ ဒါကြောင့်မို့ **ဒုက္ခ ဝတ္ထုဘာဝ** ဒုက္ခဖြစ်ဖို့ရာရဲ့ အကြောင်းဖြစ်တယ်။ မမွေးခဲ့ဘူး ဆိုလို့ ရှိရင် ခေါင်းကိုက်တာတို့၊ ကျောအောင့်တာတို့၊ ဖျားနာတာတို့၊ ရောဂါ ဝေဒနာတွေတို့ ဖြစ်မှာမှ မဟုတ်တာကိုး။ ဖြစ်လာခဲ့သမျှ ပြဿနာ တွေ အားလုံးဟာ မွေးဖွားလာခြင်းကြောင့် ဖြစ်တာ။ ဒါကြောင့်မို့ ဇာတိကို ဒုက္ခလို့ ဒီလိုပြောတာ။

အဋ္ဌကထာဆရာကြီးကတော့ အမိဝမ်းထဲမှာ ဘယ်လိုနေရ တယ်ဆိုတာတွေကို အမိဝမ်းထဲမှာနေရမှာ ကြောက်ရွံ့လာအောင် ဇာတိဒုက္ခရဲ့သရုပ်ကို ဖော်ထုတ်ပြီးတော့ရေးထားတယ်နော်။ "စာသစ် စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြူ၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်" လို့ဆိုပြီး ဇာတိဒုက္ခနဲ့ ပတ်သက်လို့ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ကဗျာရေးထားတာတွေရှိတယ်။ သို့သော် ဘုန်းကြီးတို့တစ်တွေ ပြန်ပြီးတော့ စဉ်းစားကြည့်လိုက်မယ်ဆိုရင် မိဘ ဝမ်းထဲမှာ အဲဒီလိုနေခဲ့ရတာ မသိခဲ့ရဘူးပေါ့။ သို့သော် သိရမယ်ဆိုလို့ ရှိရင်လည်း ကြောက်စရာကြီးလို့ ထင်လာတာပေါ့။ သံဝေဂ ဖြစ်စရာ တော့ ရတာပေါ့။ အေး- မြတ်စွာဘုရားဟောလိုရင်းက **ဇာတိပိ ဒုက္ခာ** ဆိုတာ မွေးဖွားလာတာက ဒုက္ခအားလုံးရဲ့ လက်သည်ဖြစ်လို့ **ဇာတိပိ ဒုက္ခာ** လို့ဟောလိုက်တာ။

အေး နောက်ပြီးတော့ မွေးလာရင်ဘာဖြစ်လို့အိုရတာ၊ **ဇရာပိ ဒုက္ခာ**၊ အေး ခန္ဓာကိုယ်ရလာလို့ မွေးလာပြီးတဲ့နောက်မှာ ဖျားရတာ၊ နာရတာ၊ ခန္ဓာကိုယ်ဒုက္ခရောက်တာတွေအားလုံး နာကျင်ကိုက်ခဲမှုတွေ **ဗျာတိပိ ဒုက္ခာ**၊ နောက်ဆုံးသေဆုံးရခြင်းဆိုတဲ့ ဒုက္ခ။ ဒီ ဒုက္ခတွေက

http://www.dhammadownload.com

အားလုံးသိကြတာဖြစ်လို့ **မရဏံပိ ဒုက္ခံ**။ ဒုက္ခ(၄)မျိုးကို ရှေးဦးစွာ ရှင်းပြတယ်။ ဒါအများနဲ့သက်ဆိုင်တဲ့ ဒုက္ခတွေ။

နောက် တချို့ပုဂ္ဂိုလ်တွေနဲ့. သက်ဆိုင်တာ ပြောဦးမယ်။ **'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"** ကိုယ်ချစ်ခင်တဲ့ သတ္တဝါ သခ်ါရ ကိုယ်နှစ်သက်တဲ့ပစ္စည်း ဒါကြောင့်မို့ (၂)မျိုးစလုံး ကိုယ်နှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်နှစ်သက်တဲ့ပစ္စည်း အဲဒါနဲ့. ခွဲခွာသွားရတာလည်းပဲ ဒုက္ခ၊ ဟော- သိသာမြင်သာတဲ့ ဒုက္ခတွေကို ပြောပြတာ။ **" အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော"** ကိုယ်မချစ်တဲ့ပုဂ္ဂိုလ်၊ ကိုယ်မနှစ်သက်တဲ့ ပစ္စည်း ဝတ္ထုအသုံးပြုနေရတယ်။ နွေရာသီ အလွန်ပူအိုက် Aircon ကလည်းမရှိဘူးနော်။ ဆိုပါစို့ - အင်မတန် ပူအိုက်နေတဲ့အထဲမယ် ပူအိုက်မှုဆိုတဲ့ ဒီရာသီဥတုကြီးနဲ့. ပေါင်းသင်းဆက်ဆံနေရတာ ဘယ်လောက်ဒုက္ခရောက်မလဲပေါ့။ ဒါ **အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော** ဆိုတာ ဒါမျိုးပြောတာနော်။ ကိုယ်မနှစ်သက်တဲ့ သတ္တဝါသခ်ါရတွေနဲ့. ပေါင်းသင်းနေကြရတယ်။

နောက်တစ်ခုက **'ယမ္ပိစ္ဆံ နလဘတိ တံပိဒုက္ခံ'** တဲ့။ ကိုယ်လိုချင်တာတွေ မရဘူး။ ဖြစ်ချင်တာတွေ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်တာတွေ အများကြီး။ သို့သော် စာပေကျမ်းဂန်မှာ မရတာ မဖြစ်နိုင်တာကို တောင့်တလို့မရတာဆိုတာ ဘာတုန်းဆိုရင် အိုခြင်းဆင်းရဲနဲ့. မကြုံချင်ကြဘူး။ တောင့်တလို့မရဘူး။ ကိုယ်လိုချင်တာကအမြဲတမ်း နုပျိုနေချင်တယ် မရဘူး။ ကိုယ်ကိုယ်တိုင်က အမြဲတမ်း ကျန်းမာချင်တယ် မရဘူး။ ကိုယ်ကိုယ်တိုင်က မသေချင်ဘူး။ အသက်ရှင်ချင်တယ် မရဘူး။ ဟော အဲဒါကို ပြောတာ။

http://www.dhammadownload.com

ဟော နောက်ဆုံးမှာ လူတွေက ဒုက္ခလို့မသိတဲ့ဟာတွေကို မြတ်စွာဘုရားက ထုတ်ပြတယ်။ **သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ။** ဆိုပါစို့ ဘုန်းကြီးတို့တတွေ ရှုထားတဲ့ခန္ဓာဟာ မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့၊ စိတ်တို့ဆိုတဲ့ နောက်ပြီးတော့ ခံစားချက်တွေ၊ မှတ်သားချက်တွေ၊ စေ့ဆော်ချက်တွေ အားလုံးဟာ အသိစိတ်တွေ အားလုံးဟာ ခန္ဓာ(၅)ပါးပဲ မဟုတ်လား။ အဲဒီခန္ဓာ(၅)ပါးဟာ ဒုက္ခပဲလို့ပြောတာ။ ဒါ ဝိပဿနာရှုဖို့ ဒုက္ခဆိုတာ ဘာလုပ်ဖို့တုန်း ဝိပဿနာရှုဖို့ အာရုံအနေနဲ့ မြတ်စွာဘုရားက ထုတ်ပြလိုက်တာပေါ့။ အဲဒီဝိပဿနာအာရုံအနေနဲ့ ဒုက္ခကို ထုတ်ပြလိုက်တယ်။ အဲဒါဘာနဲ့ ဒီဒုက္ခကို သိအောင်လုပ်ရမှာလဲလို့ဆိုရင် ခုနတုန်းက မဂ္ဂင်မပဋိပဒါလို့ ပြောထားတဲ့ မဂ္ဂင်(၈)ပါးနဲ့ပဲ လုပ်ရမှာပဲ။

ဒါကြောင့်မို့လို့ **"ကတမာ စ သာ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ"** ဆိုပြီးတော့ (၄)ခုမြောက် သစ္စာကို ဟောတဲ့အခါမှာ **အယမေဝ အရိယော အင်္ဂဂိကော မဂ္ဂေါ။** ဒါပဲ ဒီပြင်ဟာ မဟုတ်ဘူးတဲ့နော်။ အဲတော့ **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ** ဆိုတဲ့ မဂ္ဂသစ္စာနဲ့ မဂ္ဂိမပဋိပဒါဆိုတာ အတူတူပဲလို့ ဒီလိုမှတ်ရမယ်။ မဂ္ဂိမပဋိပဒါဆိုတာ ဒါကိုပြောတာ။ အဲတော့ မဂ္ဂိမပဋိပဒါက ဘယ်သူ့အပေါ် အလုပ်လုပ်ရမလဲဆိုရင် ဟောဒီ ဒုက္ခကိုသိအောင် လုပ်ရမယ်။

ဒုက္ခကိုသိလို့ရှိရင် ဒီဒုက္ခဟာ ဘာကြောင့် ဖြစ်နေတာတုန်းလို့ ဆင်ခြင်သုံးသပ်လိုက်တဲ့အခါကျတော့ ဒုက္ခဖြစ်နေခြင်းအကြောင်းဟာ **ကတမာ စ သာ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ** ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာဆိုတာ ဘာလဲလို့ဆိုတဲ့အခါမှာ **"ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာ**

http://www.dhammadownload.com

ဘိနန္ဒိနီ။ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ၊ ဝိဘဝ တဏှာ" လို့ တဏှာ(၃)မျိုးကို ခွဲပြီးတော့ မြတ်စွာဘုရားက ဟော တယ်။ **ယာယံတဏှာ** ပေါနောဘဝိကာ ဘဝအသစ်ကို ထပ်တစ် လဲလဲဖြစ်စေတိုင်း သူ့ရဲ့စွမ်းဆောင်နိုင်မှုတွေကို ပြတယ်။

နန္ဒိရာဂသဟဂတာ အာရုံတွေနဲ့ ပတ်သက်လာလို့ရှိရင် နှစ်သက်တတ်တယ်။ ကျေနပ်တတ်တယ်။ **တတြတတြာဘိနန္ဒိနီ၊** ဘယ်အာရုံပဲဖြစ်ဖြစ်။ ဒီအာရုံတစ်မျိုးရိုးသွားရင် နောက်အာရုံတစ်မျိုး ပြောင်းပြောင်းပြီးတော့ နှစ်သက်တတ်တယ်။ ကျေနပ်တတ်အောင် အဲဒီ တဏှာဟာ **ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ** ဆိုပြီး တဏှာ(၃)မျိုးရှိတယ်။ အဲ တဏှာ(၃)မျိုးထဲမှာ အဓိပ္ပာယ်အစစ်အမှန်က ကာမတဏှာလို့ဆိုတာ မျက်စိကမြင်ပြီးတော့ နှစ်သက်စရာအာရုံ၊ မျက်စိက မြင်ရတဲ့ နှစ်သက်စရာအာရုံ၊ နားကကြားရတဲ့ နှစ်သက်စရာ အာရုံဆိုတဲ့ ဒီ နှစ်သက်စရာအာရုံတွေပေါ်မှာ တွယ်တာနှစ်သက်မှုကို **ကာမတဏှာလို့** ခေါ်တယ်။

ဘဝတဏှာကျတော့ မွားယွင်းတဲ့သဿတဒိဋ္ဌိအတွေးနဲ့ အဲဒီ အာရုံတွေပေါ်မှာ ရှုမြင်သုံးသပ်ပြီး တွယ်တာတဲ့တဏှာကို **ဘဝတဏှာ** လို့ခေါ်တယ်။

ဝိဘဝတဏှာဆိုတာကျတော့ သေလို့ရှိရင် ဘာမှ မဖြစ်ဘူးလို့ အားလုံးဟာ ပြတ်သွားတာပဲလို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ တွဲလာတဲ့ဟာကျ တော့ **ဝိဘဝတဏှာ၊** ဝိဘဝဆိုတာ ဘဝကင်းပြတ်သွားခြင်းဆိုတဲ့ အဓိပ္ပာယ်ကိုပြောတာ။

သို့သော် စာအုပ်တစ်အုပ်ထဲမှာရေးထားတယ်။ ဝိဘဝတဏှာ ဆိုတဲ့နေရာမှာ ဝိဘဝဆိုတာ တခြားနေရာမှာ စည်းစိမ်ကို ဝိဘဝ

http://www.dhammadownload.com

သဒ္ဒါကဟောတာရှိတယ်ပေါ့။ စည်းစိမ်ကို ဟောတာကြည့်ပြီးတော့ ဝိဘင်္ဂတဏှာဆိုတာ စည်းစိမ်တွေကို တွယ်တာတဲ့တဏှာလို့ ဒီလို သူ့အတွေးနဲ့ ရေးထားတာ ရှိသေးတယ်နော်။ ဘုရားသုံးတဲ့စကားဟာ ဘုရားဟောတဲ့အတိုင်းပဲ မှတ်ရမှာပေါ့။ ဗမာလို ရေးထားတဲ့စာအုပ်တစ်အုပ်ထဲမှာ ဝိဘင်္ဂတဏှာဆိုတာ စည်းစိမ်ဥစ္စာတွေပေါ်မှာ တပ်မက်တာ၊ အဲဒီ စည်းစိမ်ဥစ္စာတွေပေါ်မှာ တပ်မက်တဲ့တဏှာဆိုတာ ကာမတဏှာထဲမှာ ပါသွားပြီပဲ၊ ဝိဘင်္ဂတဏှာ ဆိုတာ ဥစ္ဆေဒဒိဋ္ဌနဲ့တွဲတဲ့တဏှာဆိုတာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ရေးကြတာတွေ ရှိသေးတယ်နော်။ အဲဒီ စာအုပ်မျိုးတော့ မဖတ်ထိုက်ဘူးပေါ့။ မှန်ကန်မှုလည်း မရှိဘူး။

အဲတော့ တကယ့်အစစ်အမှန်က ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘင်္ဂတဏှာပါ။ ဘဝတဏှာ ဆိုတာ ဘဝမှာ အစဉ်ထာဝရ မြဲနေချင်တယ်။ ဘဝအဆက်မပြတ်ချင်ဘူးဆိုတဲ့ သဿတ အယူအဆနဲ့ တွဲနေတဲ့ တဏှာမျိုး။ **ဝိဘင်္ဂတဏှာ**ဆိုတာ ဒီဘဝပြီးရင် ပြတ်သွားတယ်လို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌနဲ့ယှဉ်တဲ့ တဏှာမျိုးကို ဒီလိုဆိုလိုတယ်။ ဒါက အမှန်အကန် အဓိပ္ပာယ်ပေါ့နော်။ အေး ဒုက္ခဖြစ်ကြောင်းတရားဆိုတာ ဒီတဏှာပဲလို့ သိလာတယ်။

အဲဒီမှာ တစ်ခါ **ဒုက္ခနိရောဓ** ဒုက္ခချုပ်ငြိမ်းသွားတယ်ဆိုတာ ဘာလဲလို့ဆိုတော့ ဒီမှာ ဒုက္ခချုပ်ငြိမ်းတယ်လို့ပြောပြီးတော့ မြတ်စွာဘုရားကဖွင့်ဆိုတဲ့အခါ ဘယ်လိုဆိုတုန်းဆိုရင် **'ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော'**လို့ ဒီလိုဖွင့်ဆိုတယ်။ အဲဒီတဏှာကို လုံးဝစွန့်ပယ်နိုင်လိုက်တဲ့အရာသည် ဒုက္ခနိရောဓပဲလို့ မှတ်ရမယ်။ ဒါက ဘာဖြစ်လို့

http://www.dhammadownload.com

ဒီလိုပြောလဲဆိုရင် ဒုက္ခနိရောဓဆိုတာ ဒုက္ခချုပ်တယ် ဆိုတဲ့နေရာမှာ ဒုက္ခရဲ့ချုပ်ခြင်းလို့ မပြောဘဲနဲ့ တဏှာရဲ့ချုပ်ခြင်းလို့ မြတ်စွာဘုရားက ဟောထားတယ်။ တကယ်တော့ ဒုက္ခနိရောဓဆိုတဲ့ စကားလုံးဟာ ဒုက္ခ ချုပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပဲရတယ်။ ဒါပေမယ့် အဓိပ္ပာယ်ရှင်းတဲ့အခါမှာ တဏှာရဲ့ချုပ်ခြင်းဆိုတာနဲ့ ရှင်းတယ်။ ဘာဖြစ်လို့ ဒီလိုရှင်းတုန်းလို့ ဆိုတော့ အကြောင်းမချုပ်ဘဲနဲ့ အကျိုးက ဘယ်တော့မှမရပ်ဘူးတဲ့။ ဒါကြောင့်မို့လို့ အကြောင်းကိုပယ်သတ်မှ အကျိုးရပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ထင်ရှားအောင်လို့ မြတ်စွာဘုရားက တဏှာချုပ်မှ ဒုက္ခ ချုပ်တာတဲ့။ အေး- ဒါကြောင့်မို့လို့ **ဒုက္ခနိရောဓ**ကို ရှင်းပြတဲ့အခါမှာ တဏှာရဲ့ချုပ်ခြင်းလို့ ဒီလိုရှင်းပြတယ်ပေါ့။

အဲဒါတွေအတွက် သိမြင်လာအောင် ဘာလုပ်ရမလဲလို့ဆိုလို့ ရှိရင် **ဒုက္ခနိရောဓဂါမိနီပဋိပဒါ**။ အဲဒီ ဒုက္ခနိရောဓဆိုတဲ့ အဆင့်ကို ရောက်အောင် ကျင့်ရမယ့်အကျင့်ကတော့ ဟောဒီ မဇ္ဈိမပဋိပဒါ အကျင့်ပဲဖြစ်ပါတယ်။ သစ္စာ(၄)ပါးဆိုတာလည်း သေချာကြည့်လိုက်တဲ့ အခါ ဝိပဿနာကျင့်စဉ်တစ်ခုကို လမ်းစဉ်ချပြထားတာပဲ။

အေး- ဒါကြောင့်မို့လို့ ဓမ္မစကြာတရားတော်မှာ အလုပ်သဘော ဘာတွေပါနေတုန်းဆိုတော့ ကြည့်- သမ္မာသမာဓိကို ကြည့်လိုက်လို့ရှိရင် သမထကျင့်စဉ်တစ်ခုကို ဟောထားတယ်။ သမ္မာဒိဋ္ဌိကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဝိပဿနာကျင့်စဉ် ဝိပဿနာရဲ့အာရုံ၊ ဝိပဿနာအာရုံကို ဒုက္ခနဲ့ပြထားတယ်။ ဒုက္ခနဲ့ပြပြီးတော့ မဂ်စိတ်ပေါ်လာတဲ့အခါ အလုပ်လုပ်ရမယ့် သဘာဝတရားကျတော့ **မဂ္ဂသစ္စာ**ပေါ့။ မဂ္ဂသစ္စာနဲ့ ဒုက္ခသစ္စာပေါ်မှာ အလုပ်လုပ်တယ်။ အလုပ်လုပ်လိုက်တဲ့အခါကျတော့ ဒုက္ခသမုဒယဆိုတဲ့ တဏှာကို ဖယ်လိုက်နိုင်

http://www.dhammadownload.com

တယ်။ ဒုက္ခသမုဒယဆိုတဲ့အကြောင်းတရာ ဖယ်လိုက်တာနဲ့ တပြိုင်နက်၊ ဒုက္ခကို ထုတ်လုပ်နေတဲ့ သမုဒယ ငြိမ်းသွားတာနဲ့ တပြိုင်နက် ဒုက္ခဟာလည်းပဲ ငြိမ်းသွားတယ်ဆိုတဲ့ နိရောဓကို ဆိုက်ထိသွားတာပဲပေါ့။

အေး ဒါကြောင့်မို့လို့ တရားချစ်ခင်သူတော်စင်ပရိသတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာက သစ္စဒေသနာ ဓမ္မစကြာတရားတော်ကြီးကို အရှင်ကောဏ္ဍညအမှူးပြုတဲ့ ပဉ္စဝဂ္ဂီ(၅)ဦးတို့ကို အသေးစိတ်ရှင်းလင်း ဟောကြားပြီးတော့နေတာဟာ သမထကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်ကို အကျဉ်းချုပ်အားဖြင့် ဟောပြောနေခြင်းသာဖြစ်တယ်။ ဒီကျင့်စဉ်တွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့်သာလျှင် မှန်ကန်တဲ့အသိဉာဏ်တွေကိုရရှိနိုင်ပြီး နောက်ဆုံး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တယ်လို့ ယုံကြည်ကြပြီးတော့ သမထကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်၊ ဗုဒ္ဓမြတ်စွာဟောကြားတဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု



http://www.dhammadownload.com

http://www.dhammadownload.com

သစ္စဒေသနာ ဓမ္မစကြာ အပိုင်း(၄)

သာသနာတော်နှစ် ၂၅၅၄ ခုနှစ် ကောဇာသင္ကရာဇ် ၁၃၇၂ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၂)ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် မဂ်လာတောင်ညွှန်ပြုနယ်၊ မဂ်လာဈေးအနှစ္စ (၅)ပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင် မိသားစု(ကိုကျော်သင်း ဆေးဆိုင်)၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော "သစ္စဒေသနာ ဓမ္မစကြာ" အပိုင်း(၄) တရား ဒေသနာတော်။

သစ္စဒေသနာ ဓမ္မစကြာအပိုင်း(၄)။ အရှင်ကောဏ္ဍညသည် အမျှော်ရှိတဲ့ ပဉ္စဝဂ္ဂီ(၅)ဦးတို့အား ပုဒ္ဓမြတ်စွာက အနုယောဂ(၂)မျိုးကို ရှောင်ရှားပြီး မဇ္ဈိမပဋိပဒါလမ်းကသွားဖို့ သစ္စာ(၄)ပါး ရှင်းပြခြင်းဖြင့် သွားပုံသွားနည်းကို ရှင်းပြတယ်။ သစ္စဒေသနာ သစ္စာ(၄)ပါးကို ရှင်းပြခြင်းဖြင့် မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါလမ်းကို လျှောက်ခိုင်းခဲ့တယ်။ ဒါကြောင့် ဓမ္မစကြာပါဠိတော်မှာ မဇ္ဈိမပဋိပဒါ ဆိုတာ ရှင်းလင်းဟောကြားပြီးတဲ့နောက်မှာ သစ္စာ(၄)ပါးကို ရှင်းပြတယ်ပေါ့။

http://www.dhammadownload.com

သစ္စာ(၄)ပါးကို ရှင်းပြတဲ့အခါမှာ **"ကွဲဒ် ခေါ် ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံ ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'**လို့ ရှေးဦးစွာ ဒုက္ခသစ္စာကို ရှင်းပြတယ်။ မဇ္ဈိမပဋိပဒါ လမ်းကြောင်းကနေ လျှောက်မယ်ဆိုလို့ရှိရင် ဟောဒီ ဒုက္ခတွေကို မြင်အောင်ကြည့်ဖို့လိုတယ်လို့ ပြောတာနော်။

ဒီတော့ ပထမ လူသိ သူသိ ဒုက္ခပေါ့လေ၊ အများအတွက် ထင်ရှားတဲ့ဒုက္ခတွေကို မြတ်စွာဘုရားက အရင်ရှင်းပြတယ်။ **'ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ'** မွေးဖွားရတာလည်း ဆင်းရဲတာပဲ၊ အိုရတာ နာရတာ သေရတာလည်း ဆင်းရဲတာပဲ အိုတယ်၊ နာတယ်၊ သေတယ်ဆိုတာ ဘယ်သူမှ မကြိုက်တဲ့ အရာတွေပဲ။ နောက် **'အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော'** ကိုယ်မနှစ်သက်တာတွေနဲ့ အတူတူ နေနေရရှင်၊ ကိုယ်နှစ်သက်တာတွေနဲ့ ခွဲခွာရရှင် စိတ်ဆင်းရဲတယ် ဆိုတာလည်း လူသိ သူသိ ဒုက္ခမျိုးပဲ။ နောက် **'ယံပိစ္ဆံ န လဘတိ၊ တံ ပိ ဒုက္ခံ'** လိုချင်တာမရဘူး ဆိုတာလည်းပဲ ဆင်းရဲဒုက္ခတစ်မျိုး ဆိုတာ အားလုံးသဘောပေါက်ထားကြတယ်။ သို့သော် မြတ်စွာဘုရား ဆိုလိုတဲ့ ဒုက္ခကတော့ ဒီထက် ပိုလေးနက်တယ်၊ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'** အဲဒါကတော့ ပိုလေးနက်တယ်၊ ဝိပဿနာ ဉာဏ်နဲ့ကြည့်မှ ဥပါဒါနက္ခန္ဓာကို ဒုက္ခလို့ဆိုတာ သိနိုင်တယ်ပေါ့။ ဝိပဿနာဉာဏ်နဲ့ မကြည့်နိုင်ဘူး ဆိုလို့ရှိရင် ဒုက္ခလို့မသိနိုင်ကြဘူး။

http://www.dhammadownload.com

အဲတော့ ဒီနေရာမှာ ဒုက္ခဆိုတဲ့ စကားလုံးကို မြန်မာလိုလည်း ဆင်းရဲလို့ ပြန်တယ်။ အင်္ဂလိပ်လို ပြန်တဲ့အခါမှာလည်း Suffering လို့ ပြန်တယ်။ ဒုက္ခအရိယသစ္စာကို The Noble Truth Of Suffering နဲ့ပဲ ပြန်ကြတယ်ပေါ့။ အဲဒီ ပြန်ဆိုချက်ကိုကြည့်မယ်ဆိုရင် ဒုက္ခဆိုတဲ့ စကားလုံးရဲ့အဓိပ္ပါယ်ကို မထိရောက်ဘဲနဲ့ ဖြစ်နေတယ်ပေါ့။ အဲဒီ စကားလုံးရဲ့အဓိပ္ပါယ်ကို အဋ္ဌကထာကဖွင့်တယ်။ Traditional Meaning။ အစဉ်အလာဖွင့်ဆိုခဲ့တဲ့ အဓိပ္ပာယ်နဲ့ မကိုက်ညီဘူးတဲ့။ 'ဒုံ' ဆိုတာ ဘာလဲလို့ဆိုရင် ရွံမုန်းစရာကောင်းတယ်။ ကျေနပ်စရာမကောင်းဘူး လို့ အဓိပ္ပါယ်ရတယ်။ 'ခ' ဆိုတာကတော့ ကိုယ်ထင်တဲ့အရာတစ်ခုမှ မရှိလို့ Emptiness "ဘာမှမရှိတဲ့အရာ"၊ ကိုယ်က မြဲတယ်ထင်ပေမယ့် မမြဲဘူး။ ချမ်းသာတယ်ထင်ပေမယ့်လို့ မချမ်းသာဘူး။ ကိုယ်ပိုင်တယ် ထင်ပေမယ့်လို့ တကယ်ပိုင်တာ မဟုတ်ဘူး။

အဲတော့ ကိုယ်ရဲ့ အထင်အမြင်ယူဆချက်တွေဟာ တစ်ခုမှ မရှိလို့ 'ခ'။ 'ခ'ရဲ့ အဓိပ္ပာယ်ရင်းက ကောင်းကင်၊ ကောင်းကင်ဆိုတာ လေဟာပြင်ကိုပြောတာ။ လေဟာပြင်ဆိုတာ ဘာမှမရှိတဲ့ နေရာကို ပြောတာလေ။ 'ဒုံ'ဆိုတာ ပြဿနာတွေအားလုံးရဲ့ စုဝေးရာဖြစ်သောကြောင့် ရွံမုန်းစရာကောင်းတယ်။ စက်ဆုပ်စရာကောင်းတယ်။ ကြည့်လေ ဒီ ရုပ်နာမ်ဓမ္မ သခ်ၤါရတရားတွေပေါ်မှာ ပြဿနာတွေ အားလုံးဟာ စုနေတယ်။ ခုနကပြောတဲ့ ပြဿနာတွေ အိုရတယ်၊ နာရတယ်၊ သေရတယ်ဆိုတဲ့ ဒီပြဿနာတွေ၊ အဲဒါတွေ အားလုံးစုပြီးတော့ နေသည့်အတွက်ကြောင့် ကျေနပ်စရာမကောင်းဘူး။ နှစ်သက်စရာ မကောင်းဘူး။ ရွံမုန်းစရာကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဒုံ'။ ဒါကြောင့် 'ဒုံ'ဆိုတဲ့ စကားလုံးက **ကုစ္ဆိတ**၊ စက်ဆုပ်စရာကောင်းတယ်၊

http://www.dhammadownload.com

ရွံမုန်းစရာကောင်းတယ်။ **'ခ'** ဆိုတာ ကောင်းကင် ဘာမှမရှိဘူး။ လဟာပြင်၊ ဘာမရှိတာတုန်းဆို ကိုယ်ရဲ့ထင်မြင်ယူဆထားတဲ့ အရာတွေ တစ်ခုမှမရှိဘူးလို့ ဒီလိုပြောတာနော်။

အဲတော့ ဒီအဓိပ္ပာယ်ကို ကြည့်မယ်ဆိုလို့ရှိရင် ဒုက္ခ ဆိုတဲ့ ပထမအရိယသစ္စာ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'** ဆိုတဲ့ မြတ်စွာဘုရား နောက်ဆုံးခြုံငုံပြီးတော့ ဟောလိုက်တဲ့ အင်မတန် လေးနက်တဲ့ ဒုက္ခဆိုတာ ဒီအဓိပ္ပါယ်နဲ့မှ ပိုပြီးတော့ ဆီလျော်တယ်ပေါ့။ လူတွေက ခန္ဓာ(၅)ပါးကိုကြည့်ပြီး တစ်ခုခုရှိနေတယ်။ မြဲတဲ့ သဘော တွေရှိတယ်။ နှစ်သက်စရာတွေရှိတယ်။ ဒီလိုထင်နေကြတာ အဲဒီ အထင်အမြင်တွေ နိစ္စတို့၊ သုခတို့၊ သုဘတို့၊ အတ္တတို့ဆိုတာ တစ်ခုမှ မရှိဘူး။ ဒီလို မရှိတဲ့အရာဖြစ်သောကြောင့် ဒုက္ခလို့ဆိုတာ။ ခန္ဓာ(၅) ပါးကို တကယ်တော့ လူတွေအားလုံးက နိစ္စ မြဲတယ်လို့ထင်တယ်။ မြဲတဲ့သဘော ခန္ဓာမှာမရှိဘူး။ ခန္ဓာ(၅)ပါးမှာ ချမ်းသာတယ်လို့ ထင်တယ်။ ချမ်းသာတဲ့သဘော ခန္ဓာမှာမရှိဘူး။ တင့်တယ်တယ်လို့ ထင်တယ်။ တင့်တယ်တဲ့သဘော ခန္ဓာမှာမရှိဘူး။ **အတ္တ** ကိုယ့်အလိုက္ခဖြစ်တယ်လို့ လူတွေက ထင်နေတယ်။ အဲဒီ ခန္ဓာကိုယ်မှာ အတ္တဆိုတဲ့ သဘောလည်းမရှိဘူးလို့ဆိုတာ ဘာမှမရှိဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာနော်။ အဲဒီလိုပြောတော့ ဒါ Suffering လို့ ပြန်တဲ့ အဓိပ္ပါယ်နဲ့က ဝေးတယ်။ Suffering ဆိုတာက လူတွေက နားကိုက်တာတို့၊ သွားကိုက်တာတို့၊ ဒုက္ခရောက်နေတာတို့ ဒါမျိုးကိုသာ ရည်ရွယ်တာကိုး။

အဲဒါကြောင့်မို့လို့ သီဟိုဠ်နိုင်ငံက ဒေါက်တာ ဝါလ်ပေါလ ရာဟုလာ ဆိုတာရှိတယ်၊ ဗမာပြည် ရောက်လာဖူးတယ်။ အဲဒီ ဆရာတော်ကြီးရေးတဲ့ What the Buddha talk ဆိုတဲ့ စာအုပ်ရှိတယ်။

http://www.dhammadownload.com

အင်မတန်မှ နာမည်ကြီးတယ်ပေါ့။ What the Buddha talk ကို မြန်မာပြည်မှာ ဇေယျာမောင် ဦးကိုလေးက "မြတ်ဗုဒ္ဓဒေသနာ" အမည်နဲ့ ဗမာလိုပြန်ထားတယ်။ အဲဒီစာအုပ်မှာ ဒုက္ခကို Suffering လို့ မပြန်ဘူး။ ဒုက္ခလို့ပဲ ပြန်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ Suffering လို့ ပြန်လို့ရှိရင် အလွန် ဘောင်ကျဉ်းသွားတယ်။ တကယ်ဆင်းရဲနေမှ Suffering လို့ခေါ်တာမဟုတ်ဘူး၊ ဒုက္ခသစ္စာဆိုတဲ့ထဲမယ် ဈာန်ချမ်းသာတွေပါတယ်ဆိုတာ သတိထားဖို့ လိုအပ်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဥပါဒါနက္ခန္ဓာ(၅)ပါး၊ ဥပါဒါနက္ခန္ဓာ (၅)ပါးဆိုတာ လောကီခန္ဓာတွေ။ လောကီခန္ဓာထဲမယ် ဈာန်တရားတွေလည်းပါနေတယ်။ အဲတော့ ဈာန်တရားတွေကို ဆင်းရဲတယ်လို့ သွားပြောမယ်ဆိုလိုရှိရင် ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူး။ အေး- ဒါကြောင့်မို့လို့ ဈာန်ချမ်းသာတွေပါပါဝင်တဲ့ အားလုံးကို ခြုံငုံမိဖို့ရာအတွက် ဒုက္ခဆိုတဲ့ စကားလုံးဟာ ပြန်နေကျ ရိုးရာဖြစ်တဲ့ ဆင်းရဲတယ်ဆိုတဲ့ အဓိပ္ပာယ်မပြန်ဘဲ ဒုက္ခလို့ပဲ ထားတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကျတော့ ဘာတုန်းဆိုရင် အင်္ဂလိပ်လို ကျေနပ်စရာမကောင်းသောအရာ Unsatisfactoriness လို့ဆိုတယ်။ ကျေနပ်စရာမကောင်းဘူးလို့ဆိုတာ ကိုယ်ထင်တဲ့အတိုင်း ဘာမှမရှိဘူး။

အဲဒါကြောင့်မို့လို့ 'ဒုံ'ဆိုတာ အင်္ဂလိပ်လိုကျတော့ Disgusted ရွံစရာကောင်းတယ်။ 'ခ'ဆိုတာ Disgusted and Emptiness ဒီလို ဆိုလိုတဲ့ အဓိပ္ပာယ်ကို ဝိသုဒ္ဓိမဂ်မှာ ဖွင့်ပြထားတယ်။ ဩော် - အဲဒီ အဓိပ္ပာယ်က အလွန်ဆီလျော်တယ်လို့ ပြောရမယ်။ ဘာဖြစ်လို့တုန်း ဆိုလိုရှိရင် ဈာန်ချမ်းသာတွေက ဈာန်ချမ်းသာလို့ဆိုပေမယ့်လို့ ဆင်းရဲဒုက္ခတွေရဲ့ စုပြုံတည်ရှိရာဖြစ်လို့ ကျေနပ်စရာ မကောင်းဘူး။ အဲဒါကြောင့်မို့လို့ "ဒုံ ခ" ဆိုတဲ့ နာမည်ကို ပေးထားတယ်။ စကားလုံးလေး

http://www.dhammadownload.com

(၂)လုံးဟာ တစ်လုံးစီ အဓိပ္ပါယ်ရှိတယ်လို့ ဒီလိုမှတ်ရမယ်နော်။ **"ဒု"** ဆိုတာ **ကုစ္ဆိတ**၊ **"ခ"** ဆိုတာ **တုစ္ဆ** ဘာမှမရှိဘူး။ ကုစ္ဆိတနဲ့ တုစ္ဆ **ကုစ္ဆိတ**ဆိုတာ ရွံစရာကောင်းတယ်။ **တုစ္ဆ**ဆိုတာ ဘာမှ မရှိဘူး။ အချည်းနှီး ဒီလိုပြောလိုတာ။ အေး- သခ်ီရတရားတွေပေါ်မှာ ဒီလို ရှုမြင်နိုင်အောင် မဇ္ဈိမပဋိပဒါလမ်းက လျှောက်ရတယ်။ သခ်ီရတရား တွေပေါ်မှာ ဒီလိုရှုရမယ်လို့ မြတ်စွာဘုရားက ဒုက္ခသစ္စာကို ရှင်းပြနေတဲ့ အချိန်မှာ အရှင်ကောဏ္ဍညမထေရ်ကြီးဟာ (အဲဒီတုန်းကတော့ ရဟန်း မဖြစ်သေးဘူး) အလေးအနက် စဉ်းစားတယ်။ ပဉ္စဝဂ္ဂိတွေ(၅)ပါးစလုံး ဟာ ဒုက္ခအကြောင်းကို သူတို့အလေးအနက် စဉ်းစားနေကြတဲ့အချိန်၊ စဉ်းစားတယ်ဆိုကတည်းက Apply လုပ်နေတာလို့ပြောတာ။ ဒုက္ခကို ဒုက္ခလို့ ရှုမြင်နေတာ။ သူတို့သန္တာန်မှာ ဝိပဿနာဉာဏ်တွေ ဖြစ်နေပြီ လို့ ဒီလိုပြောရမယ်။ ဓမ္မစက္ကာတရားနာရင်း ဝိပဿနာဉာဏ်ဖြစ်တယ်။

အေး- တချို့ကတော့ထင်တယ်၊ ဒို့ ရိပ်သာသွားပြီး ကျင့်လိုက်ရတာ တော်ကြာ(၁၀)ရက်စခန်း၊ တော်ကြာ (၁၀)ရက်စခန်းနဲ့ (၁၀) ရက်ပေါင်းမြောက်များစွာ ကျင့်ထားသော်လည်း သောတာပန် မဖြစ်ပါ လားလို့၊ အရှင်ကောဏ္ဍညတို့ကျတော့ ဓမ္မစက္ကာတရားနာလိုက်တာနဲ့ သောတာပန် ဖြစ်သွားတယ်။ ဝိသာခါတို့ကျတော့ (၇)နှစ် အရွယ်လေး သောတာပန်ဖြစ်သွားတယ်။ မကျင့်လိုက်ရဘူးလို့ ထင်ကောင်းထင် လိမ့်မယ်။ ဟောနေတဲ့အချိန်မှာ ဓမ္မပဒ အဋ္ဌကထာမှာ ရေးထားတဲ့ စကားလေး သတိစူးစိုက်ပြီးတော့ လေးလေးစားစား တရားနာနေခြင်း သည်ပင်လျှင် အဲဒီတရားက **သောတာပတ္တိမဂ်** စသော ကောင်းကျိုး များကို ပေးနိုင်စွမ်းရှိပါတယ်လို့ ဒီလိုပြောတယ်နော်။ အာရုံစိုက်ပြီး တော့ နာရတာ။ အဂ်ီလိပ်လိုပြောမယ်ဆိုရင် အာရုံစိုက်နာတာဟာ

http://www.dhammadownload.com

Mindfulness ပေါ့။ သတိစိုက်ပြီးနာတဲ့အချိန်မှာ သူက မှတ်မှတ်သားသားနာတယ်ဆိုတာ Apply လုပ်ပြီးတော့နာတာ။

ငါခန္ဓာကိုယ်မှာလည်း ဒီအတိုင်းပဲ ဟုတ်လိုက်တာ တရားနာရင်းနဲ့ Apply လုပ်သွားလို့ရတာပဲ။ ဒါ Apply လုပ်နေတာပဲလေ။ တရားကို အာရုံစိုက်ပြီး နာလိုက်လို့ရှိရင် ဩော် - ဒုက္ခအကြောင်းကို ရှင်းပြနေတဲ့အချိန်မှာ ဒုက္ခရဲ့သဘောတွေကို သိနေတယ်ပေါ့။ အဲဒီလို သိတယ်ဆိုတဲ့နေရာမှာ ပထမကတော့ သဝန ပဋိဝေဓလို့ ခေါ်တယ်။ ကြားနာတဲ့အခါမှာ ကြားနာခြင်းဖြင့် ထိုးထွင်းသိတဲ့အသိဉာဏ်ရတယ်။ ပထမ ဒုက္ခအကြောင်း မြတ်စွာဘုရားရှင်းပြနေတော့ **သဝနပဋိဝေဓ**။ အဲဒီ **သဝနပဋိဝေဓ** ကို အခြေခံပြီးတော့ လေ့ကျင့်လိုက်တဲ့အခါ ထပ်တလဲလဲဖြစ်အောင် ကြားနာပြီးရင် လူက စဉ်းစားတာပဲလေ။ ကြားလိုက်တဲ့ စကားအပေါ်မှာ ထပ်ပြီးစဉ်းစားနေတာ။ အဲဒီထပ်ပြီးစဉ်းစားနေတယ်ဆိုတာ **သမ္မာသင်္ကပ္ပ** ဖြစ်နေတာပဲပေါ့။ အဲဒီလို ထပ်ပြီးတော့ စဉ်းစားနေအောင်က စိတ်ကနေ အားစိုက်ပေးနေတာ **သမ္မာဝါယာမ** ပေါ့။ ဒီသဘာဝတရားလေးပေါ်မှာ စိတ်စိုက်ထားတာက **သမ္မာသတိ** ပေါ့။ စိတ်တွေ တခြားလွင့်မသွားဘဲနဲ့ ဒီ သဘာဝတရားပေါ်မှာ စုစည်းထားတာက **သမ္မာသမာဓိ** ပေါ့။ အဲဒီလို သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ ဒီမဂ္ဂင်တွေ စွမ်းအားနဲ့ကြည့်လိုက်တဲ့အခါကျတော့ စုစည်းပြီး အကြိမ်ကြိမ်ဖြစ်အောင် ပထမကြားလိုက်တာ တစ်ကြိမ်ပဲ ကြားလိုက်တဲ့အကြိမ်ပေါ်မှာ ထပ်တလဲလဲ စဉ်းစားတာကျတော့ ဘာဝနာလို့ဖြစ်လာတယ်။ အကြိမ်ကြိမ် ဒီစိတ်တွေဖြစ်လာတယ်။ ဒီအသိတွေ ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာလို့ ထိုးထွင်းပြီးတော့

http://www.dhammadownload.com

ပြော် - ဒုက္ခဆိုတာ မှန်တာပဲလို့ သဘောကျသွားပြီ ဆိုတဲ့အခါ ကျတော့ ဘာဝနာပဋိဝေဓလို့ခေါ်တယ်။

အေး- ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ **သဝနပဋိဝေဓ** ပြီးလို့ရှိရင် **ဘာဝနာပဋိဝေဓ** ဆိုတာ လာတာပေါ့။ ဒုက္ခသစ္စာကို ထိုးထွင်းပြီးတော့ သိတယ်လို့ ဒီလိုပြောတာနော်။ သို့သော် ထိုးထွင်းသိခြင်းကိစ္စဟာ ဘယ်မှာကျမှ ပြီးတုန်းဆိုလို့ရှိရင် ဒုက္ခသစ္စာကို မြင်ပြီးတော့ ပယ်စရာရှိတဲ့ ကိလေသာတွေကို ပယ်ပြီးမှ သူရဲ့တာဝန်က ပြီးတယ်ပေါ့။ ကိလေသာတွေကျန်နေသေးရင် မပြီးသေးဘူး။ သူ့တာဝန် ဆိုပါစို့။ သောတာပန် ဖြစ်သွားလို့ရှိရင် ကိလေသာတွေအကုန် မပယ်သေးဘူး။ မပယ်သေးသည့်အတွက်ကြောင့် သောတာပန်တွေ ဖြစ်ဖို့ သောတာပန်ဖြစ်ရုံဖြစ်တဲ့ ဖြစ်စေတတ်တဲ့ ဝိပဿနာဉာဏ်ဟာ အဆုံးမသတ်နိုင်သေးဘူး။ ဒါကြောင့်မို့လို့ သကဒါဂါမ်ဖြစ်ဖို့ ဝိပဿနာကျင့်စဉ် ထပ်ကျင့်ရတယ်။ တစ်ခါ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် ရသွားပေမယ့်လို့ ဝိပဿနာကျင့်စဉ်က အဆုံးသတ်ပြီလားဆိုတော့ မသတ်သေးဘူး။ အနာဂါမိ မဂ် ဖိုလ် ရဖို့ရန်အတွက် ကျင့်စဉ်တစ်ခု ထပ်ကျင့်ရပြန်တယ်။ အဲဒါလည်း ကိလေသာတွေ မကုန်သေးသည့်အတွက်ကြောင့် ဝိပဿနာကျင့်စဉ်ကို ထပ်ပြီး တိုးမြှင့်ကျင့်လိုက်မှ အရဟာတ္တမဂ် အရဟာတ္တဖိုလ် ကိလေသာတွေကုန်သွားပြီဆိုမှ **ဘာဝနာပဋိဝေဓ** လမ်းဆုံးပြီးတော့ သစ္စာ(၄)ပါးကို အားလုံးသိပြီး ဖြစ်တာပေါ့နော်။

ဒီတော့ မဂ္ဂိမပဋိပဒါ လမ်းမှန် မဂ္ဂိမပဋိပဒါလမ်းကြောင်းက လျှောက်လှမ်းတယ် ဆိုတာ ဒုက္ခကိုသိအောင်လုပ်တာပဲ။ ဘာတွေနဲ့ သိတုန်း **သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ**

http://www.dhammadownload.com

သမ္မာသမာဓိဆိုတဲ့ ဒီမဂ္ဂင် (၅)ပါးနဲ့သိတာပဲ။ အေး - သီလမဂ္ဂင်ဆိုတာက ကြိုတင်ပြီးတော့ ပြင်ဆင်ပြီးသားဖြစ်နေပြီ။ ပြောမယ်ဆိုရင် ဒီအချိန်မှာ သူက တစ်နယ်ငင် တစ်စင်ပါ ဆိုတာလို ဒီအချိန်မှာ မုသားစကားပြောနေတာမဟုတ်သည့်အတွက်ကြောင့် **သမ္မာဝါစာ** ပြီးနေပြီပေါ့။ ကာယကံမှုကို ကျူးလွန်နေတာ မဟုတ်သည့်အတွက်ကြောင့် **သမ္မာကမ္မန္တ**ကိစ္စလည်းပဲ ပြီးနေတာပေါ့။ ဒုစရိုက်နဲ့ အသက်မမွေးဘူး။ ဖြူစင်နေတဲ့အတွက်ကြောင့် **သမ္မာအာဇီဝ** ဆိုတာလည်း ပြီးနေတာပေါ့။ အဲတော့ မဂ္ဂင်(၈)ပါးပဲလို့ ပြောရမှာပဲ။ အလုပ်လုပ်နေကြတယ်။

အေး- ဒါ မဇ္ဈိမပဋိပဒါလမ်းက လျှောက်လှမ်းတာ။ အဲဒီလို ဒုက္ခကို မှန်မှန်ကန်ကန်သိလာလို့ရှိရင် ဒီဒုက္ခဟာ ဘာကြောင့်ဖြစ်နေရသလဲဆိုတဲ့ အကြောင်းတရားကိုလည်း သိဖို့လိုသေးတယ်။ နို့မို့ဆို မပြည့်စုံဘူး။ အကျိုးတရားကိုသာ သိပြီးတော့ အကြောင်းတရားကို မသိသေးဘူးဆိုရင် မပြည့်စုံသေးဘူး။ ဒါကြောင့်မို့ မြတ်စွာဘုရားက အဲဒီဒုက္ခရဲ့အကြောင်းစစ်အကြောင်းမှန် ဒီနေရာမှာ အဓိက ပဓာန အကြောင်းတရားတစ်ခုထဲပဲထုတ်ပြောတယ်။ သို့သော်ဒုက္ခသမုဒယဆိုတာ ဒီတဏှာတစ်ခုထဲ မဟုတ်ဘူး။ အဝိဇ္ဇာလည်းပါမှာပဲနော်။ ကိလေသာတွေ အားလုံးပါတာပဲ။ ဒါကြောင့်မို့ **တိတ္ထာယတနသုတ်**မှာ မြတ်စွာဘုရားက သစ္စာ(၄)ပါးကို ရှင်းပြတဲ့အခါမှာ ဒုက္ခသမုဒယဆိုတဲ့ အရိယသစ္စာဟာ ဘာလဲလို့မေးခွန်းထုတ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကြီးတစ်ခုလုံးထည့်သွင်းပြီးတော့ ဟောထားတာ။ အဲဒီမှာ ဓမ္မစကြာနဲ့ မတူတဲ့အချက်နော်။ ဓမ္မစကြာမှာ **'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တ္ထတြတြ ဘနဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာဿံ**

http://www.dhammadownload.com

တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိ နန္ဒိနီ။ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ' လို့ ဒီလို ဒုက္ခသမုဒယကို မြတ်စွာဘုရားက ဒီဒုက္ခဟာ အကြောင်းမဲ့ ဖြစ်နေတာ မဟုတ်ဘူး။ ခုနကပြောခဲ့တဲ့ **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ** ဆိုတဲ့ ပြောခဲ့တဲ့ ဒုက္ခဟာ အကြောင်းမဲ့ဖြစ်နေတာ မဟုတ်ဘူး။ ဟောဒီ တဏှာဦးဆောင်တဲ့ ကံတွေ ကိလေသာတွေ ကြောင့် ဖြစ်နေတာလို့ ဒီလို ရှင်းပြလိုတာနော်။

ဒီတော့ သမ္မာဒိဋ္ဌိက ဒုက္ခကို မြင်ပြီးတဲ့အခါမှာ ဒုက္ခသမုဒယကိုပါ တိုးခဲ့ပြီးတော့ မြင်လာတယ်လို့ ပြောလို့မရဘူးလား။ ဟော အကျိုးလည်းမြင်တယ်။ အကြောင်းလည်း မြင်တယ် ဆိုလို့ရှိရင် ဒါသူရဲ့သိမြင်မှုဟာ အင်မတန်မှ ပြီးပြည့်စုံတဲ့သိမြင်မှုလို့ ပြောရမယ်ပေါ့။ ပြီးပြည့်စုံတဲ့ သိမြင်မှုပဲ ဒုက္ခမြင်ပြီးတော့ ဒုက္ခသမုဒယကို မမြင်ဘူးဆိုလို့ရှိရင် အကျိုးသာမြင်ပြီးတော့ အကြောင်းကို မသိဘူးဆိုတဲ့ အဓိပ္ပါယ်ရနေတယ်ပေါ့။ ဩော် - အကျိုးလဲ သိတယ်။ အကြောင်းလဲ သိတယ်။ (၂)ခုလုံးဆိုပါစို့။ **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ** ဆိုလို့ရှိရင် သင်္ခါရကိုသိတယ်။ သင်္ခါရရဲ့အကြောင်းဖြစ်တဲ့ အဝိဇ္ဇာကိုလည်းသိတယ်။ ဝိညာဏကိုလည်း သိတယ်။ ဝိညာဏရဲ့အကြောင်းဖြစ်တဲ့ သင်္ခါရကိုလည်း သိတယ်ဆိုတော့ ဟော-ပြီးပြည့်စုံသွားပြီပေါ့။

အဲဒါကြောင့်မို့လို့ ဒုတိယအနေနဲ့ ဒုက္ခသမုဒယ အရိယသစ္စာ ဆိုပြီးတော့ ဒါကို သရုပ်ထုတ်ပြီးတော့ ရှင်းပြတယ်။ ကဲ-ကောင်းပြီ၊ ဒီတဏှာရှိနေလို့ ဒုက္ခဟာ ဖြစ်နေရတယ်။ တဏှာတည်းဟူသော အကြောင်းကြောင့် ဒုက္ခဟာ ဖြစ်နေရတယ်လို့။ အကြောင်းနဲ့ အကျိုး

http://www.dhammadownload.com

ဒီ(၂)ခုကို ရှုမြင်ခိုင်းတဲ့အခါမှာ ဒါဖြင့် အဲဒီ ဒုက္ခတွေ အဆုံးသတ်တဲ့ နေရာရော ရှိရဲ့လားလို့ မေးစရာရှိလာတယ်ပေါ့။ အကယ်၍ ဒုက္ခတွေ အဆုံးသတ်တဲ့နေရာမရှိဘဲနဲ့ ကြိုးစားနေရင်တော့ အလဟဿ ဖြစ်မှာပဲ။ မရှိဘဲနဲ့ အလုပ်လုပ်နေရင် ပင်ပန်းရုံပဲဖြစ်မှာပေါ့။ ဒါကြောင့်မို့ ဒုက္ခတွေရဲ့ အဆုံးသတ်ချုပ်ငြိမ်းတဲ့နေရာရော ရှိနိုင်ရဲ့လားလို့ဆိုတော့ မြတ်စွာဘုရားက ဒါကို တတိယအနေနဲ့ ထပ်ပြီးတော့ ဟောတယ်။ ဒါလည်းပဲ သမ္မာဒိဋ္ဌိရဲ့ အမြင်တစ်ခုပဲပေါ့နော်။ မင်္ဂကို ဆိုက်ပြီလို့ ဆိုလိုက်တာနဲ့ တပြိုင်နက် ဒုက္ခနိရောဓကိုသိပြီ။ ဝိပဿနာကျင့်နေတဲ့ အချိန်မှာ **သဝနပဋိဝေဓ၊ ဘာဝနာပဋိဝေဓ** အနေနဲ့ **ဒုက္ခနဲ့ ဒုက္ခသမုဒယ** ကို ရှင်းရှင်းကြီးသိနေတယ်။ မင်္ဂစိတ်ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် **ဒုက္ခနိရောဓ** ဆိုတာကို သိလာတယ်။ ဝိပဿနာရင့်ကျက်ပြီးတော့ ဒုက္ခနိရောဓဆိုတာကို သိလာတယ်။

ဒါဖြင့် ဒုက္ခနိရောဓဆိုတာ ရှိတယ်ဆိုရင် ဘယ်လိုရှိတာလဲ ဆိုတဲ့နေရာမှာ အေး- အကြောင်းတရားတွေကို ဖယ်ရှားပစ်လိုက်လို့ ရှိရင် ဒီအကျိုးတရားဟာ ငြိမ်းသွားရမှာပဲ၊ အကြောင်းသတ်လို့ရှိရင် အကျိုးပြတ်တယ်။ အကျိုးတွေ ရပ်သွားတယ်။ အကြောင်းတရားတွေ ကင်းပြတ်သွားလို့ရှိရင် အကျိုးတရားဟာ ရပ်ဆိုင်းသွားတယ်။ ဆိုပါစို့ စည်တီးနေတဲ့ လူတစ်ယောက်ကြောင့်မို့လို့ စည်သံဟာ အဆက်မပြတ် ကြားနေရတယ်။ ဆိုပါစို့ - ဒါဖြင့် တီးတဲ့လူကို ဖယ်ရှားလိုက်မယ်။ တီးနေတဲ့ တုတ်တွေကို ဖယ်ရှားလိုက်မယ်ဆိုရင် စည်သံဟာ ကြားနိုင်ပါဦးမလား။ မကြားနိုင်တော့ဘူး။ စည်ကိုဖယ်ရှားတာမဟုတ်ဘဲနဲ့ အကြောင်းတရားကို ဖယ်ရှားလိုက်တယ်နော်။ အဲဒါကို မြတ်စွာဘုရားက အကျိုးကို ဖယ်ရှားတာ မဟုတ်ဘူး။ အကြောင်းကို ဖယ်ရှားတာ၊

http://www.dhammadownload.com

အကြောင်းကိုဖယ်ရှားရင် အကျိုးကိုပါ ဖယ်ရှားပြီးသားဖြစ်တယ်။ ဒီနေရာမှာ အဋ္ဌကထာ ဆရာကြီးတွေက ရှင်းပြလေ့ရှိတယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ သူ့ရဲ့အပြုအမူ ဘာနဲ့အလားသဏ္ဌာန်တူတုန်းဆိုရင် ခြင်္သေ့မင်းတို့ရဲ့ အပြုအမူနဲ့ အလားသဏ္ဌာန်တူတယ်တဲ့။ ဘယ်လို ခြင်္သေ့မင်းတို့ရဲ့ အပြုအမူနဲ့ အလားသဏ္ဌာန်တူသလဲဆိုရင် ခြင်္သေ့ကို ခဲနဲ့ပေါက်လို့ရှိရင် ခဲကို သူက လုံးဝမကြည့်ဘူး။ ဘယ်သူပေါက်တာလဲ ပေါက်တဲ့ဆီပဲကြည့်တယ်။ ပေါက်တဲ့လူကို ဖယ်ရှားမှ ဒီခဲက သူ့ဆီမရောက်မှာပေါ့။ ခဲလိုက်ကောက်မယ် ဆိုလို့ရှိရင်၊ ခဲကို လိုက်ကိုက်နေမယ်ဆိုရင် နောက်ကပေါက်တဲ့လူက ထပ်ပေါက်မနေဘူးလား။ အေး- ပေါက်တဲ့လူကို ရှင်းလိုက်လို့ရှိရင် နောက်ထပ် ခဲလာနိုင်ပါဦးမလား။

ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့ဟာ အကြောင်းကိုရှင်းတဲ့နည်းစနစ်ကို သုံးတယ်။ **အညတိတ္ထိယ** တွေကျတော့မဟုတ်ဘူး။ သူတို့ကအကျိုးကိုလိုက်သတ်နေတယ်။ ဒါကြောင့်မို့လို့ သူတို့ကျတော့ မြေခွေးနဲ့တူတဲ့ အလုပ်ကိုလုပ်ကြတယ်တဲ့။ မြေခွေးတွေရဲ့အပြုအမူနဲ့တူတယ်။ ခွေးတစ်ကောင်ရဲ့အပြုအမူနဲ့ တူတယ်ပေါ့။ ခွေးဆိုတာ ခဲနဲ့ပေါက်လိုက်လို့ရှိရင် ပေါက်တဲ့လူကို မကြည့်ဘူး။ ခဲလိုက်ကိုက်တာ။ သူက ဒီနားခဲ ဘုတ်ကနဲကျလိုက်၊ အဲဒီခဲပဲလိုက်ကိုက်လိုက် ဘယ်သူပေါက်တယ် ဆိုတာ သူမကြည့်ဘူး။ အဲဒီ ခဲကိုက်နေတုန်း နောက်ထပ် ခဲတစ်လုံးကျလာ။ အဲဒီခဲပဲ လိုက်ကိုက်ပြန်တာ၊ အဲတော့ အကျိုးတရားပေါ်မှာလိုက်ပြီး အလုပ်လုပ်နေလို့ရှိရင် မဆုံးနိုင်တော့ဘူးပေါ့။ ခဲက တစ်လုံးပြီးတစ်လုံး လာနေမှာပဲပေါ့။

http://www.dhammadownload.com

အေး- ဒါကြောင့်မို့လို့ ကြည့်၊ မြတ်စွာဘုရားက ဒုက္ခနိရောဓ ဆိုတာ ခုနကပြောခဲ့တဲ့ ဥပါဒါနက္ခန္ဓာတွေ ငြိမ်းသွားတာဟာ ဒုက္ခ နိရောဓလို့ ဒီလိုမဟောဘဲနဲ့ **'ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော'**လို့ အဲဒီ ဒုက္ခကို ထုတ်လုပ်တဲ့ တဏှာကို လုံးဝဖယ်ရှားပစ်လိုက်လို့ရှိရင် ဒုက္ခဟာ ငြိမ်းသွားမှာပဲ။ ဘယ်လောက်ထင်ရှားတဲ့ နည်းစနစ်ကိုပေးတာလဲဆိုရင် ပဉ္စဝဂ္ဂိတွေကို မဇ္ဈိမပဋိပဒါလမ်းကနေလျှောက်၊ ဒုက္ခကိုမြင်အောင်ကြည့်၊ ဒုက္ခကို ဘယ်သူထုတ်နေတာလဲ မြင်အောင်ကြည့်၊ အေး ဒုက္ခ ထုတ်နေတဲ့အကြောင်းတရားကို ဖယ်ပစ်လိုက်လို့ရှိရင် ဒုက္ခနိရောဓ ကို မင်းတို့တွေ့လိမ့်မယ်။ ဟော- နိဗ္ဗာန်ကို မြင်ဖို့ရာအတွက် ဒုက္ခရဲ့ အကြောင်းတရားကို ဖယ်ရှားပစ်တာနော်။ အကြောင်းတရားကို ဖယ်ရှားပစ်လိုက်တာနဲ့ ဒုက္ခနိရောဓကို တွေ့ရတယ်တဲ့။ ဒါဖြင့် အဲဒီလို အလုပ်တွေ လုပ်ဖို့ရာအတွက်က ဘာနဲ့လုပ်ရမှာလဲဆိုတဲ့အခါကျတော့ မဇ္ဈိမပဋိပဒါကိုပဲ နာမည်တစ်မျိုးနဲ့ ဒီမှာထပ်ပြီးတော့ ဟောလိုက်တယ်။ **'ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယ္ယထိဒံ သမ္မာ ဒိဋ္ဌိ'** ဆိုပြီးတော့ ဟောဒီ မဂ္ဂင်(၈)ပါးပဲ မဇ္ဈိမပဋိပဒါတုန်းကလည်း ဒီမဂ္ဂင် (၈)ပါးလို့ ပြောခဲ့တယ်။

အေး- ဒုက္ခနိရောဓကို ရောက်အောင် သွားဖို့ကျတော့ ဘယ် လမ်းကသွားရမှာတုန်းဆို ဒီလမ်းကပဲသွားလို့ဆိုပြီး ပြန်ပြီးတော့ ဟောတာပဲ။ အဲဒါဟာ ဝိပဿနာကျင့်စဉ်တစ်ခုကို မြတ်စွာဘုရား ရှင်းပြနေတာ။ အဲတော့ ဓမ္မစကြာမှာ တစ်ချို့က ထင်တယ်၊ အလုပ်

http://www.dhammadownload.com

သဘော မပါဘူးလို့ ထင်ကောင်းထင်လိမ့်မယ်။ ဓမ္မစကြာဟာ အလုပ်ပေးတရားပဲပေါ့။ အလုပ်ပေးတရားပဲကြည့်လေ၊ နံပါတ်(၁)က ဘာတုန်း၊ ဒုက္ခကိုမြင်အောင်ကြည့်၊ ဒုက္ခကို မြင်အောင်ကြည့်ပြီး ဒုက္ခရဲ့အကြောင်းကိုရှာ၊ အဲဒီအကြောင်းကို ပယ်သတ်လိုက်လို့ရှိရင် ဒုက္ခငြိမ်းတာကို တွေ့လိမ့်မယ်နော်။ အဲဒီလို လုပ်နိုင်အောင် ဘာကို ထူထောင်ရမလဲဆိုရင် မဂ္ဂသစ္စာပဋိပဒါကို ထူထောင်တဲ့။ မဂ္ဂင်(၈)ပါး အကျင့်တရားကို ထူထောင်တဲ့။ ဒါအင်မတန်မှကို စနစ်ကျတဲ့ ကျင့်စဉ်တစ်ခု၊ ပြီးပြည့်စုံတဲ့ ကျင့်စဉ်တစ်ခုကို မြတ်စွာဘုရားဟောပြတာ။ အဲတော့ ဝိပဿနာတရား အားထုတ်နေတယ်ဆိုတာ မဂ္ဂသစ္စာအလုပ်ကို လုပ်နေတာ။ မဂ္ဂသစ္စာက ဘာကိုကြည့်နေတာတုန်း။ ဘာကိုရှုရမှာတုန်းဆိုရင် ဒုက္ခကိုရှုရမှာ။ ဒုက္ခကိုရှုပြီးတော့ ဒုက္ခရဲ့အကြောင်းသမုဒယကိုတွေ့တာ။ မတွေ့ဘဲနဲ့ သတ်လို့ဘယ်ရမလဲ။ အကြောင်းတရားကို ရှာရတယ်။ ဥပမာမယ် ဆိုပါတော့ လူတစ်ယောက် ရောဂါဖြစ်နေတယ်။ ဘာကြောင့်ဖြစ်တယ်ဆိုတာ ရောဂါဖြစ်ခြင်း အကြောင်းကို အရင်ရှာရမယ်။ ရောဂါဖြစ်ခြင်းအကြောင်းကိုမရှာဘဲနဲ့ ဒီရမ်းကုနေလို့ကတော့ မပျောက်နိုင်ဘူးပေါ့။ ဘာကြောင့်ဖြစ်တယ်ဆိုတာ အကြောင်းကိုရှာရတယ်။ အဲဒါလိုပဲ ဒုက္ခတော့တွေ့ပြီ၊ ဒုက္ခကိုသိရပြီ။ ဥပါဒါဒုက္ခန္ဓာ (၅)ပါးဟာ ဒုက္ခ၊ သို့သော် ဒီဒုက္ခဘာကြောင့် ဖြစ်လာတုန်းလို့ မသိဘူးဆိုလို့ရှိရင် ဒီဒုက္ခရဲ့ ချုပ်ငြိမ်းရာကို တွေ့နိုင်ပါ့မလား။ မတွေ့နိုင်ဘူး။

ဒါကြောင့်မို့လို့ ဒုက္ခရဲ့အကြောင်းကို တွေ့အောင်ရှာ၊ အဲဒီအကြောင်းကို ဖယ်လိုက်တာနဲ့တစ်ပြိုင်နက် ဒုက္ခနိရောဓဆိုတာ ရလာလိမ့်မယ်တဲ့။ ဒါ တကယ့် ဝိပဿနာကျင့်တော့လည်းပဲ ဒီကျင့်စဉ်နဲ့

http://www.dhammadownload.com

သွားတာ။ ဒါကြောင့်မို့လို့ ဝိပဿနာကျင့်စဉ် ရင့်သန်လာတာနဲ့ တပြိုင်နက်၊ ဝိပဿနာဉာဏ် ရင့်သန်လာတာနဲ့တပြိုင်နက် ဝိပဿနာဉာဏ်က ဘာကိုအပ်နှင်းလိုက်တုန်းဆိုလို့ရှိရင် မဂ်စိတ်နဲ့ ဖိုလ်စိတ်တွေကို အပ်နှင်းပေးလိုက်တာပဲပေါ့။ ဒါကြောင့်မို့ မဂ်စိတ်နဲ့ ဖိုလ်စိတ်ဟာ ဝိပဿနာရဲ့အကျိုးလို့ ပြောလို့ရတယ်ပေါ့။ ဝိပဿနာဉာဏ်က ထုတ်လုပ်ပေးတဲ့ အကျိုးတရားတွေပဲပေါ့။ ကောင်းပြီ-ဝိပဿနာဉာဏ် မပါဘဲနဲ့ မဂ်စိတ်ဆိုတာမပေါ်ဘူး။ ဖိုလ်စိတ်ဆိုတာမပေါ်ဘူး။ အဲဒီ မဂ်စိတ် ဖိုလ်စိတ် ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် ခုနက ကိစ္စဟာ (၄)ခုလုံး တစ်ခါတည်းပြီးသွားတယ်။

ပထမ ရှေ့ပိုင်းမှာ ကျင့်နေတာကို ပုဗ္ဗဘာဂ ပဋိပဒါ ဝိပဿနာအကျင့် ကျင့်နေတုန်းကတော့ တစ်ကဏ္ဍစီသွားတာ၊ သူက ဝိပဿနာအကျင့်ကို ကျင့်နေတဲ့အချိန်မှာ ဝိပဿနာအာရုံရဲ့ ဝိပဿနာရဲ့အာရုံအနေနဲ့ ဒုက္ခကိုကြည့်တယ်။ ထိုဒုက္ခ ဘာကြောင့် ဖြစ်တယ်ဆိုတာကို သိတယ်။ ဒီဒုက္ခကို ဒီဒုက္ခရဲ့ဖြစ်ကြောင်း သမုဒယကိုပယ်လိုက်ရင် ဒုက္ခနိရောဓတွေ့မယ်ဆိုတာ သိတယ်။ ဒါဝိပဿနာနဲ့သိတဲ့အသိက အဲဒီလောက် တစ်ကဏ္ဍစီ တစ်ချိန်စီသိတာ။ တပြိုင်နက် မဟုတ်ဘူးပေါ့။ မဂ်စိတ်ပေါ်လာပြီ ဆိုလိုက်တာနဲ့တပြိုင်နက် ဒီသစ္စာ(၄)ပါးက တပြိုင်နက်သိပြီးသားဖြစ်သွားတယ်။ ဒါဖြင့် ဗဟာစကားတော့ရှိတယ်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်တဲ့။ အခုဒီမှာကျတော့ တစ်ချက်ခုတ်ရင် (၄)ချက်ပြတ်ရမယ်။ သူက မဂ်စိတ်ပေါ်လိုက်တာနဲ့တပြိုင်နက် ကိစ္စ(၄)မျိုးကို တစ်ခါတည်း ဆောင်ရွက်တယ်။ ဒါမျိုးဖြစ်နိုင်ရဲ့လားလို့ မေးကောင်းမေးကြလိမ့်မယ်။ ဖြစ်နိုင်တယ်ဆိုတာကို ဥပမာနဲ့ပေးထားတာ ရှိတယ်ပေါ့။

http://www.dhammadownload.com

ကြည့်-မဂ်စိတ်ပေါ်လာတဲ့အခါမှာ မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြားရှုသိတယ်။ သိလိုက်ပြီး သူက **ဘာဝနာပဋိဝေဓ** မဂ်စိတ်ပေါ်လာတာနဲ့ တပြိုင်နက် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိလိုက်တယ်။ သမုဒယသစ္စာကို ဖယ်ရှားလိုက်တယ်။ နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်တယ်။ မဂ္ဂသစ္စာပွားပြီးသားဖြစ်သွားတယ်။ ဟော - မဂ်စိတ်ပေါ်လိုက်တာနဲ့ တပြိုင်ထဲ ဒီအချက်(၄)ချက်ဟာ တပြိုင်ထဲဖြစ်တယ်။ ဖယောင်းတိုင်မီးလေးထွန်းလိုက်တာနဲ့တပြိုင်နက် ကြည့် မီးတောက်ကလေး လင်းလာတာနဲ့တပြိုင်နက် အမှောင်ပျောက်သွားတယ်။ ဆီကလည်း မီးကြောင့်မို့လို့ အတိုင်းအတာတစ်ခုအရ ဆီခမ်းသွားတယ်နော်။ နောက်ပြီးတော့ မီးစာလေးလည်း တိုသွားတယ်။ တပြိုင်နက်ဖြစ်တဲ့ ကိစ္စတွေကို ပြောတာနော်။ အလင်းကိုလည်း ဆောင်လိုက်တယ်။ အမှောင်ကိုလည်း ဖျောက်လိုက်တယ်။ မီးစာကိုလည်းပဲ တိုတောင်းစေတယ်။ ဆီကိုလည်း ခမ်းစေတယ်။ ဒီအချက်(၄)ချက်ဟာ တပြိုင်တည်းဖြစ်သလိုပဲ မဂ်စိတ် ပေါ်လိုက်တာနဲ့တပြိုင်ထဲ သစ္စာ(၄)ချက်ကို တပြိုင်ထဲသိတယ်လို့ ဒီလိုပြောတာ။

ဒါ ဝိပဿနာကျင့်စဉ်ကို မြတ်စွာဘုရားက အကျဉ်းချုပ် အင်မတန်ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေကို အကျဉ်းကလေးတင် ဟောပြတာ၊ နောက်ပိုင်းကျတော့ ဒီလောက်လေးဟောရုံနဲ့ နားမလည်လို့နဲ့ တူတယ်၊ ပိုပြီးတော့ အကျယ်ချဲ့ပြီးတော့ ဝိပဿနာကျင့်စဉ်တွေကို ဟောလာရတယ်ပေါ့။ စဉ်းစားကြည့်လေ- တရားမမှကို အရှင်ကောဏ္ဍညက ပထမဆုံး သူများထက်အရင် သောတာပန်ဖြစ်ရတယ်ဆိုတာ ဉာဏ်အထက်ဆုံးပုဂ္ဂိုလ်လို့ ပြောရမှာပေါ့။ သို့သော်လည်းပဲ အရှင်သာရိပုတ္တရာရဲ့ဉာဏ်ကို မှီမလားလို့ဆိုတော့ အရှင်သာရိပုတ္တရာ

http://www.dhammadownload.com

က သူက သာဝကပါရမီဉာဏ်နေရာမှာတော့ အရှင်သာရိပုတ္တရာက သာတာပေါ့။ သို့သော် သစ္စာ(၄)ပါးကို ပထမဆုံးသိတဲ့ ပုဂ္ဂိုလ်အနေနဲ့တော့ အရှင်ကောဏ္ဍညက သာတယ်လို့ ပြောရမှာပေါ့။ အရှင်ကောဏ္ဍည သိတဲ့နေရာဟာ အဂ္ဂသာဝကပါရမီ သူကမပါဘူး။ အဂ္ဂသာဝက အဆင့်မျိုးတော့ မဟုတ်ဘူး။ သို့သော် သစ္စာ(၄)ပါးကို သူအရင်ဆုံးသိတယ်။ ဒီလို ပြောရမယ် ဟုတ်ကဲ့လား။ ကောင်းပြီ သစ္စာ(၄)ပါးကို အခုလိုရှင်းပြလိုက်တာဟာ ဒီလိုရှင်းပြတဲ့အဆုံးမှာပဲ အရှင်ကောဏ္ဍည သောတာပန်ဖြစ်တယ်လို့ ယူဆရမယ်။ ဓမ္မစက္ကြာ တရားက မဆုံးသေးဘူး။ သစ္စာ(၄)ပါးကို မြတ်စွာဘုရားရှင်းပြနေတာဟာ ဒါဝိပဿနာ လုပ်ငန်းစဉ်ကြီးတစ်ခုကို ရှင်းပြနေတာပဲ။ ပြီးတဲ့အခါမှာ နောက်က ဘာဆက်ရှင်းပြတုန်းဆိုတော့ မြတ်စွာဘုရားက ဒီလိုသိတဲ့အသိတွေဟာ သူများဆီက တဆင့်ကြားလို့ ငါပြောတာ မဟုတ်ဘူး။ ငါကိုယ်တိုင်သိတယ်ဆိုတာ ဆက်ပြီးတော့ ကိုယ်ကိုယ်တိုင် လက်တွေ့ကို ထုတ်ဖော်ပြောနေတာ။

ဒါကြောင့်မို့လို့ **'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ'** နော် **'ကွဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။'** ဒါဒုက္ခလို့ ခုနတုန်းက ပြောခဲ့တယ်နော်။ **ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ** ဆိုတဲ့ အဲဒီဒုက္ခတွေဆိုတဲ့ဟာတွေနဲ့ ပတ်သက်ပြီး ငါဘယ်သူ့ဆီကမှ သင်ထားတာ မဟုတ်ဘူးတဲ့၊ **ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု** ဘယ်သူ့ဆီကမှ မကြားခဲ့ဘူးဘူး။ မကြားခဲ့ဘူး ဆိုတာ ဘယ်သူ့ဆီကမှ သင်ထားတာ မဟုတ်ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းပြီးတော့သိတဲ့အသိဉာဏ်တွေ ပေါ်လာခဲ့

http://www.dhammadownload.com

တယ်လို့ ကိုယ်တွေ့ကို ရှင်းပြတာ။ တနည်းအားဖြင့်ပြောမယ် ဆိုလို့ ရှိရင် အခုနောက်ပိုင်း စာပိုဒ်တွေက ဘာကိုပြောတာတုန်းဆို ပဋ္ဌဝဂ်ိ တွေ သူ့အပေါ်မှာ ယုံကြည်မှုရှိအောင် ငါဘုရားဖြစ်တယ်ဆိုတာ အရမ်း ပြောတာ မဟုတ်ဘူး။ ဟောဒီအချက်တွေ ဒီအချက်တွေကိုသိလို့ ငါ ဘုရားလို့ ကြေငြာတာလို့ပြောတာနော်။ ငါ့မှာ အသိဉာဏ်ထူးကြီးရပြီ လို့ဆိုတာ ဒီအချက် ဒီအချက်တွေကို ငါသိလို့ပြောတာ။

ဒါကြောင့်မို့ နံပါတ်(၁) ဒုက္ခသစ္စာနဲ့ပတ်သက်ပြီးတော့ **'ကွဲဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ'** ဒါဟာ ဒုက္ခ အရိယာသစ္စာဖြစ်တဲ့ ဒုက္ခလို့ ငါရဲ့အသိဉာဏ်ကြီးကဖြစ်ပေါ်လာတယ်။ ဘယ်သူ့ဆီကမှ မကြားဘူးခဲ့တဲ့ ထူးခြားတဲ့တရားဓမ္မအပေါ်မှာ ငါ့မှာ ပညာမျက်စိတွေ၊ အသိဉာဏ်တွေ၊ အလင်းရောင်တွေ ပေါ်လာခဲ့တယ်လို့ ဒီလိုပြောတာ နော်။ ဒါဖြင့် ဒုက္ခကို ဒုက္ခလို့သိရုံနဲ့ ပြီးသလားလို့ဆိုတော့ မပြီးသေး ဘူး။ အဲဒီ ဒုက္ခဟာ ဘာလုပ်ရတာလဲဆိုတာကိုလည်း သိတယ်။ ဒါကြောင့်မို့ **'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယ္ယန္တိ မေ ဘိက္ခဝေ'** ဒီလိုလာတာ။ ပရိညေယျဆိုတာ ဒုက္ခသစ္စာဆိုတာ ဖယ်ရှား ရမယ့်အရာ မဟုတ်ဘူး။ လူတွေက ဒုက္ခဆိုလို့ရှိရင် ဟော့ မလိုချင်ဘူး ဆိုပြီးတော့ ဖယ်ပစ်ချင်တယ်။ ဒုက္ခဆိုတာ ဖယ်လို့မရဘူး။ ဘာတုန်း ဒုက္ခမှန်းသိအောင် ကြိုးစားဖို့ပဲလိုတယ်တဲ့။ ဒုက္ခမှန်းသိအောင် ကြိုးစား ရမယ်။ ပရိညာဆိုတာ ပိုင်ပိုင်နိုင်နိုင်ကြီးသိတာ၊ အေး- ပိုင်ပိုင်နိုင်နိုင် မသိသေးဘူးဆိုလို့ရှိရင် ကိုယ်သိသလောက်လေးပဲရဦးမယ်။ ပိုင်ပိုင် နိုင်နိုင်သိမှ ဒီက ဒုက္ခသစ္စာကိုသိတယ်လို့ ပြောရမယ်နော်။ သင်ထားလို့ သိတဲ့အသိက **သဝနပဋိဝေဓ** မျှသာ ဖြစ်တယ်ပေါ့။

http://www.dhammadownload.com

အေး-ဒုက္ခသစ္စာအကြောင်းပြောစမ်း ဆိုလို့ရှိရင် သင်ထားတဲ့အတိုင်းတော့ ပြောတတ်မှာပဲ။ ဒါပေမယ့် အဲဒီအသိမျိုးကိုဆိုလိုတာမဟုတ်ဘူးတဲ့။ ဒီဒုက္ခဆိုတာ ပိုင်ပိုင်နိုင်နိုင်သိရမယ့် သစ္စာမျိုးဖြစ်တယ်။ ဒီအချက်ကိုလည်းပဲ ငါဟာ ရှင်းရှင်းလင်းလင်း ငါ့ထဲမှာ ငါ့ဉာဏ်မှာ ငါ့မှာ အသိဉာဏ်ကြီးတွေ ဖြစ်ပေါ်လာခဲ့ဖူးတယ်။ ဘယ်သူ့ဆီကမှ မကြားဘူးပဲနဲ့ ဖြစ်ပေါ်လာခဲ့တယ်။ **'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ'** ကြည့် - ဒုက္ခဆိုတာ ဘာလဲလို့သိတာ သစ္စာဉာဏ်၊ အဲဒီဒုက္ခနဲ့ ပတ်သက်ပြီး ဘာလုပ်ရမယ်လို့သိတာ ကိစ္စာဉာဏ်။ ဘုရားကိုယ်တိုင်အနေနဲ့ လုပ်ရမယ့်ကိစ္စကို မလုပ်ရသေးဘူး ဆိုလို့ရှိရင် အလုပ်ကတန်းလန်းပဲဖြစ်နေမှာ၊ မပြီးသေးဘူးပေါ့။ ဘုန်းကြီးတို့တစ်တွေ အလုပ်ဟာ ဘယ်တော့မဆိုတန်းလန်းပဲနော်၊ မပြီးသေးဘူး၊ ပုထုဇဉ်တွေရဲ့အလုပ်ဟာ ပြီးတယ်လို့ ပြောလို့မရဘူး။

ဒါကြောင့်မို့လို့ ဌက်ဆိုတာ ပျံရင်းသေတယ်။ လူကျတော့ ကြံရင်းသေတယ်ဆိုတာ၊ သေသာသွားရော အလုပ်ကမပြီးဘူး။ ကြည့် မြတ်စွာဘုရားက ဒုက္ခကို ပိုင်းခြားသိတဲ့အလုပ်က ငါလုပ်ပြီးပြီ၊ ပရိညာတံ ပိုင်းခြားသိပြီးသွားပြီ၊ ဒုက္ခနဲ့ ပတ်သက်လာလို့ သစ္စာဆိုတာကိုလည်းသိတယ်။ သစ္စာဉာဏ် ဘာလုပ်ရမယ်ဆိုတဲ့ လုပ်ရမယ့် ကိစ္စကိုလည်းသိတယ်။ ကိစ္စာဉာဏ် ပရိညာတံဆိုတော့ လုပ်ပြီးပြီ မလုပ်ရသေးဘူးဆိုတာနဲ့ ပတ်သက်ပြီး လုပ်ပြီးပြီလို့သိတာက ကတညာဏ်တဲ့။ ဟော ဒုက္ခသစ္စာနဲ့ပတ်သက်ပြီးတော့ ဒီဉာဏ်(၃)မျိုး ဘယ်သူ့ဆီကမှ မကြားဘူးပဲနဲ့ မြတ်စွာဘုရားရခဲ့တယ်။ အဲဒီအတိုင်းပဲ ကျန်တဲ့သစ္စာတွေကိုလည်း ထည့်ပြီးတော့ **'ဣဒံ ဒုက္ခံ အရိယသစ္စံ။ ဣဒံ ဒုက္ခ**

http://www.dhammadownload.com

သမုဒယော အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု' ဒုက္ခသမုဒယသစ္စာဆိုတာလည်း မကြားဘူးပဲနဲ့ ခု အသိဉာဏ်တွေ ဖြစ်ပေါ်လာတယ်။ **'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ'** ဒုက္ခသမုဒယဆိုတာ ဖယ်ရှားပစ်ရမယ်။ အကြောင်းကို ဖယ်လိုက်မှ အကျိုးရပ်မှာကို အဲဒီသမုဒယသစ္စာဆိုတာ ဖယ်ရှားပစ်ရမယ့်သစ္စာ ဖြစ်တယ်ဆိုတာကိုလည်း သိတယ်။

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ' ငါ့မှာ ဖယ်ရှားပြီးပြီ မရှိတော့ဘူး။ ဟော ဒီမှာလည်းပဲ ၃-ချက်ပဲ၊ ဒုက္ခသမုဒယဆိုတာ ဘာလို့ဆိုတာသိတယ်။ **သစ္စဉာဏ်**။ ဘာလုပ်ရမယ်ဆိုတာ သိတယ်။ ပဟာတဗ္ဗဆိုတာကိုသိတာ **ကိစ္စဉာဏ်**။ ပယ်ပြီးပြီလို့သိတာ **ကတဉာဏ်**။ အဲဒီဉာဏ်ထူး (၃)မျိုး မြတ်စွာဘုရားသန္တာန်မှာ ဖြစ်ပြီးသားဖြစ်သွားပြီဆိုတော့ ဒုက္ခနဲ့ ပတ်သက်လို့လည်း ပြီးပြည့်စုံပြီ။ ဒုက္ခသမုဒယနဲ့ ပတ်သက်လို့လည်း ပြီးပြည့်စုံပြီလို့ ဒီလိုပြောတာနော်။ ဟော- နောက်တစ်ခါ **'ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဣဒံ ဒုက္ခံ အရိယသစ္စံ ဒုက္ခနိရောဓေါ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု'** ဩော် ဒုက္ခနိရောဓ ဆိုတဲ့ တရားကိုလည်း ရှေးတုန်းက မကြားဘူးဘဲနဲ့ အသိဉာဏ်တွေ ဖြစ်လာခဲ့တယ်။ **'တံ ခေါ ပနိဒံ ဒုက္ခ နိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ'** မျက်မှောက်ပြုရမယ်။ မျက်မှောက်ပြုရမယ်ဆိုတာ ကိုယ်တိုင်တွေ့ရှိတာကို ပြောတာနော်။ မျက်မှောက်ပြုတယ်။ သူများပြောလို့ ကြားပြီးတော့ လက်ခံယုံကြည်ရတာမဟုတ်ဘူး။ ကိုယ်တိုင်မျက်မှောက်ပြုတယ်။ သစ္ဆိကာတဗ္ဗဆိုတာ

http://www.dhammadownload.com

ကိုယ်တိုင် အသိညာဏ်နဲ့တွေ့ရှိတာ၊ **သစ္စိကာတပ္ပ ဒုက္ခနိရောဓ** ဆိုတာ ပိုင်းခြားသိရမယ့်ဟာလည်း မဟုတ်ဘူး။ ပယ်ရမယ့်ဟာလည်း မဟုတ်ဘူး။ ကိုယ်တိုင်သိရှိအောင် လုပ်ရမယ့်ဟာဖြစ်တယ်။

ဟော- နောက်တစ်ခုက **'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယ သစ္စံ သစ္စိကတန္တိ မေ ဘိက္ခဝေ'** လုပ်သင့်တာ သူလုပ်ပြီး သွားပြီ၊ ဒီမှာလည်းပဲ ဒုက္ခနိရောဓကိုသိတာ သစ္စဉာဏ်၊ လုပ်ရမယ့် အလုပ်ကို သိတာကကိစ္စဉာဏ်၊ လုပ်ပြီးပြီလို့သိတာက ကတဉာဏ်။ ဟော(၃)မျိုး၊ (၃)မျိုး ဒီအသိညာဏ်တွေနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတယ်။ နောက်ဆုံးဖြစ်တဲ့ မဂ္ဂသစ္စာနဲ့ပတ်သက်ပြီးတော့လည်းပဲ **'ကွာဒံ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ'** ကြည့် ဒီမှာလည်းပဲ ဒုက္ခနိရောဓဂါမိနီ ဒုက္ခနိရောဓသို့ ရောက်စေတတ်တဲ့ အကျင့်ဆိုတာ ဒါပဲဆိုတာ မကြားဘူးပဲနဲ့ ငါ့မှာ အသိညာဏ်တွေဖြစ်ပေါ်လာခဲ့တယ်။ ဒါက ဒုက္ခနိရောဓ ရှိသမျှ ပိုင်ပိုင်နိုင်နိုင် သိတယ်လို့ပြောတာ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ဟာ ဒါအကုန်လုံးပဲ၊ တခြားကို လိုက်ရှာစရာ မလိုဘူး။ မရှိဘူး။ ဒီအကျင့်ဟာ ပြီးပြည့်စုံတဲ့အကျင့်ပဲ။ ဒီထက်နောက် မရှိတော့ဘူးလို့ ပြောတာ။ အဲဒီ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါကို ဘာလုပ်ရမလဲလို့ အလုပ်သဘောနဲ့ သိတာကျတော့ **'တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတပ္ပန္တိ မေ ဘိက္ခဝေ'** ကိုယ့်သန္တာန်မှာ ဖြစ်စေရမယ်၊ ပွားစေရမယ်။ ဖြစ်တယ်ဆိုတာ စတင်ဖြစ်ဖို့ရာ အရေးကြီးတယ်။ ပွားတယ်ဆိုတာ အထပ်ထပ်ဖြစ်တာကို ပြောတာ။ ပထမ ဖြစ်အောင်လုပ်ရမယ်။ ဖြစ်ပြီးရင် အထပ်ထပ်ဖြစ်အောင် လုပ်ရမယ်လို့ ဆိုလိုတယ်။

http://www.dhammadownload.com

နောက်ဆုံးကျတော့ **'တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ'** ဟော ပွားပြီးပြီ အကုန်လုံးလုပ်ပြီးပြီ ဒီမှာလည်းပဲ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါကို ပြီးပြည့်စုံသိတာက သစ္စဉာဏ်၊ ဘာလုပ်ရမယ်လို့သိတာက ကိစ္စဉာဏ်၊ လုပ်ပြီးပြီလို့ သိတာက ကတဉာဏ် လို့ဆိုတော့ သစ္စာ(၄)ပါးမှာ ဟောဒီဉာဏ်(၃)မျိုး (၃)မျိုးစီဆိုတော့ (၄)ခုကို (၃)ခုနဲ့မြောက်တဲ့ အခါကျတော့ ဘယ်လောက်ဖြစ်သွားတုန်း (၁၂)ဖြစ်သွားမယ်။ အဲဒီမှာ မြတ်စွာဘုရားက နိဂုံးအနေနဲ့ ပြောလိုက်တာနော်။ **'ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ'** တိပရိဝဋ္ဋ ဆိုတာ (၃)မျိုး (၃)ဖလှယ် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဒီ(၃)မျိုး။ ဒီ(၃)မျိုး သစ္စာတစ်ပါး၊ တစ်ပါးမှာ ဥပမာမယ် ဒါဟာ ဒုက္ခအကုန်ပဲ။ ဒီပြင် ဒုက္ခဆိုတာ မရှိဘူး။ ဒုက္ခသစ္စာနဲ့ ပတ်သက်ပြီးသိတာ၊ ဒုက္ခသစ္စာ အမှန်ဆိုတာ ဒါပဲ။ အဲဒီ ဒုက္ခသစ္စာဆိုတာ ပိုင်းခြားသိရမယ့်အရာ ဖြစ်တယ် ကိစ္စဉာဏ်။ အဲဒီ ဒုက္ခသစ္စာ ဆိုတာ ငါပိုင်းခြားသိပြီးပြီလို့ သိတာ ကတဉာဏ်။ ဟော တိပရိဝဋ္ဋ အဲဒီ တိပရိဝဋ္ဋ(၄)ခုရှိတဲ့အခါကျတော့ အခြင်းအရာ အပြားတစ်ဆယ့်နဲ့နှစ်ပါး။ အဲဒီလို သစ္စာ(၄)ပါးနဲ့ ပတ်သက်ပြီး ပြီးပြည့်စုံတဲ့ယထာဘူတ ဉာဏဒဿန မှန်မှန်ကန်ကန် သိတဲ့ဉာဏ်အမြင်ကြီး မရှိသေးသမျှကာလပတ်လုံး ငါဟာဘုရား ဖြစ်တယ်လို့၊ ထူးခြားတဲ့အသိဉာဏ်ကြီးကိုရပြီလို့ မကြေငြာသေးဘူး။ ဒါသိလို့ ငါရတယ်လို့ပြောတာ။ ပဉ္စဝဂ္ဂီတွေကို နိဂုံးချုပ်တာလေ။ ပဉ္စဝဂ္ဂီတွေက ဂေါတမဘုရားကြွလာတဲ့အချိန်မှာ ဟေ့ လာပြီ ကမ္မဋ္ဌာန်းလည်း မထုတ်တော့ဘူး။ လျှောက်သွားနေတယ်။ ဘာမှလဲ တရားထူးရမှာ မဟုတ်ဘူး ဆိုပြီးတော့ သူတို့က မယုံကြဘူးလေ။

http://www.dhammadownload.com

အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒီကျင့်စဉ်တစ်ခုကို ပထမ မင်းတို့ အနုယောဂတွေကိုမလိုက်နဲ့ ငါလို တရားထူးတရားမြတ် ရချင်ရင် အနုယောဂ(၂)မျိုးကို မလိုက်နဲ့၊ လုပ်ရမှာက လျှောက်ရမှာက မရှိမပဋိပဒါလမ်း၊ ဘယ်လိုလျှောက်ဆိုတာ သစ္စာ(၄)ပါးနဲ့ ရှင်းပြပြီး ပြီးတဲ့အခါကျတော့ ငါ ဒီနည်းနဲ့လျှောက်ခဲ့လို့ ဒါတွေသိတာ၊ ဒါတွေသိလို့ ငါဘုရားလို့ကြေငြာတာလို့ ဒါ ဓမ္မစကြာရဲ့ Perspective ခြုံငုံသုံးသပ်ကြည့်ရင် ဒီအတိုင်းပဲမြင်ရမယ်။ နံပါတ်တစ်ကမလိုက် ရမယ့် အနုယောဂ(၂)မျိုး၊ နံပါတ်(၃)က ချမှတ်ပေးထားတဲ့ မရှိမပဋိပဒါလမ်းကြောင်း၊ နံပါတ်(၄)က ဘယ်လိုလျှောက်တယ်ဆိုတာ လျှောက်လှမ်းပုံ နံပါတ်(၅)ကျတော့ အဲဒီအတိုင်းလျှောက်လှမ်းခဲ့လို့ ငါဟာ **ယထာဘူတဉာဏဒဿနနဲ့ သမ္မာသမ္ဗောဓိ**ဆိုတဲ့ ဉာဏ်ကြီးကိုရခဲ့တယ်။ ဘုရားဖြစ်ခဲ့တယ် ဆိုတာကို ကြေငြာတာ။ အဲဒီလို ကြေငြာပြီးတဲ့အခါ နောက်ဆုံးမှာ မြတ်စွာဘုရားက ဟောတယ်လေ **အယမန္တိမာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ နာပရံ ဣတ္ထတ္တာယ** နော်၊ **အယမန္တိမာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ** ဒီဘဝဟာ ငါ့အတွက် နောက်ဆုံးပဲနော်။ **အန္တိမဇာတိ** နောက်ဆုံးဘဝပဲ။ **နတ္ထိ ဒါနိ ပုနဗ္ဘဝေါ** ငါ့အတွက် နောက်ဘဝသစ် ဆိုတာ မရှိတော့ဘူး ဆိုတာကို တိတိလင်းလင်း မြတ်စွာဘုရားက ရှင်းလင်းပြီးတော့ ဟောကြားလိုက်တယ်။ အဲလိုရှင်းလင်းဟောကြားလိုက်တဲ့ ဒီ ဓမ္မစကြာ တရားတော်ဟာ ဂါထာမန္တ ဖွဲ့ထားတာ မပါသည့် အတွက်ကြောင့် **ဝေယျာကရဏာ** လို့ခေါ်တယ်။ ဝေယျာကရဏာ ဆိုတာ စကားပြေနဲ့တင်ဟောတာ၊ ရှင်းလင်းတာ။

http://www.dhammadownload.com

'ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ' ဒီတော့ ဒီနေရာမှာ ဓမ္မစကြာတရား ဟောပြီးတဲ့အဆုံးမှာ အရှင်ကောဏ္ဍည ဒီ ဓမ္မစက္ခုရသွားတယ်လို့ ပြောတာမဟုတ်ဘူး။ **ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ** ဘညမာနေဆိုတာ ဓမ္မစကြာတရား အခု ဝေယျာကရဏဆိုတဲ့ ဒီ သစ္စဒေသနာကို ရှင်းပြနေတုန်း အရှင် ကောဏ္ဍညဟာ ဓမ္မစက္ခုရလာတယ်လို့ဆိုတာ။ ဒီပြင် ဓမ္မပဒတွေမှာ ကြည့်ရင် ဒေသနာဝသာနေ ဒေသနာတော်၏အဆုံး၌ ဒီလိုပြောတာ နော်၊ အခု ဒီနေရာမှာ ဒေသနာ ဝသာနေ လို့ ဆုံးတာပြောတာမဟုတ် သည့်အတွက်ကြောင့် အရှင်ကောဏ္ဍညဟာ ဓမ္မစကြာတရားနာရင်း ဒီသုတ္တန် မပြီးဆုံးခင်ပဲ သူက သောတာပန်ဖြစ်သွားတယ်လို့ ပြောလို့ ရတာပေါ့။ ဘာဖြစ်လို့တုန်းဆိုတော့ ဘညမာနေ ဒီတရားဟောနေ တုန်း **ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ** ဟောဒီ ဓမ္မစကြာတရားကို ဟောနေတုန်း အရှင်ကောဏ္ဍညရဲ့ သန္တာန်မှာ ဓမ္မစက္ခုဟာ ဖြစ်လာတယ်။ တရားအမြင် မျက်စိပေါ်လာတယ်။

အဲတော့ ဓမ္မစက္ခုဆိုတာ တစ်ခါတစ်ခါကျတော့ သောတာ ပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ရည်ညွှန်းတယ်။ တစ်ခါတစ်ရံကျတော့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ကို ရည်ညွှန်းတယ်။ တစ်ခါတစ်ခါကျ တော့ အရဟတ္တမဂ်ထိအောင်ရည်ညွှန်းတယ်ပေါ့။ ဓမ္မစက္ခုဆိုတာ တရားမျက်စိပဲပေါ့။ တရားနဲ့ပတ်သက်လာတဲ့မျက်စိ ဟော Eye for Dhamma လို့ ပြန်ချင်ပြန်၊ တရားပေါ်မှာ တရားအတွက် မျက်စိတရား ကိုမြင်တဲ့မျက်စိ၊ Eye on Dhamma တရားကို မြင်တဲ့မျက်စိ အဲဒီ

http://www.dhammadownload.com

တရားကိုမြင်တဲ့မျက်စိဆိုတာ တခြားဟာမဟုတ်ဘူး။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် မဂ်(၄)ပါးကိုပဲ ရည်ညွှန်းပြောတယ်။ ဒီနေရာမှာကျတော့ အရှင်ကောဏ္ဍညသန္တာန်မှာ ဖြစ်တာကျတော့ ဓမ္မစက္ခုက သောတာပတ္တိမဂ်ပဲ ကောက်ရမယ်။ သောတာပတ္တိမဂ်ဉာဏ်ကို ဆိုလိုတယ်။ အဲဒီလို ဖြစ်ပုံအခြင်းအရာကျတော့ ဘာနဲ့ပြတုန်းဆိုတော့ **ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မံတဲ့** ဓမ္မစက္ခုဖြစ်တယ်ဆိုတဲ့ နေရာမှာ ဘယ်ပုံဖြစ်သလဲ ဖြစ်ပုံဖြစ်နည်းက သူ့မှာ ရှင်းရှင်းလင်းလင်း ကြီးသဘောပေါက်သွားတာ ဘာလဲဆိုရင် အေး ဖြစ်ခြင်းသဘောရှိတဲ့ တရားမှန်သမျှဟာ ချုပ်ခြင်းသဘောရှိတာပဲ၊ ဖြစ်ခြင်းသဘော မရှိဘူးဆိုရင် ချုပ်ခြင်းသဘော မရှိဘူးဆိုတဲ့ အဓိပ္ပါယ် အပြန်အလှန် ရတာပေါ့။

ဒီတော့ နိဗ္ဗာန်ကို သိတယ်ဆိုတဲ့နေရာမှာ နိဗ္ဗာန်ဟာ ဖြစ်ခြင်းသဘောရှိတာမဟုတ်ဘူး။ သို့သော်လည်း ဖြစ်ခြင်းသဘောရှိတဲ့တရားတွေဟာ ချုပ်ခြင်းသဘောရှိတယ်ဆိုတဲ့ ဝိပဿနာဉာဏ်နဲ့ ဒီကိစ္စအားဖြင့် သခ်ၤတတရားတွေရဲ့သဘာဝတရား၊ သခ်ၤတ တရားတွေဟာ ဖြစ်တတ်တဲ့သဘောရှိတယ်။ ဖြစ်တတ်တဲ့သဘောရှိသည့်အတွက်ကြောင့် ချုပ်တတ်တဲ့ သဘောရှိတယ်နော်။ ဖြစ်လာတာမှန်သမျှ ချုပ်ရမှာဖြစ်တယ်။ အဲဒါ သခ်ၤတသဘောတွေရဲ့ သဘောပဲ။ အဲဒီ သခ်ၤတတရားတွေရဲ့ သဘောကို ဒီတရားတွေရဲ့ကိစ္စကို တွေ့တွေ့ဝေဝေ မရှိဘဲနဲ့ ပိုင်းပိုင်းခြားခြား ထိုးထွင်း၍သိပြီးတဲ့အဆုံးမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာဖြစ်သောကြောင့် ဒီနေရာမှာ ဓမ္မစက္ခု သောတာပတ္တိမဂ်ဖြစ်တယ် ဆိုတာဟာ ဖြစ်ပြီးသားဖြစ်တတ်တဲ့သဘောရှိတဲ့ သဘာဝတရားမှန်သမျှ ချုပ်တတ်တဲ့သဘောရှိတာပဲ၊ နိဗ္ဗာန်ကျတော့ ဖြစ်တတ်

http://www.dhammadownload.com

တဲ့သဘော မရှိသည့်အတွက်ကြောင့် ချုပ်တတ်တဲ့ သဘောမရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ဟာ ပြီးမသွားဘူးလား။

အေး- ဒါကြောင့်မို့လို့ ဓမ္မစက္ခု ဖြစ်ပေါ်လာပုံဆိုတဲ့ဟာ အဲဒီ သဘာဝတရားကို ရည်ညွှန်းပြီးတော့ ပြောတဲ့စကား တစ်ခုပေါ့နော်။ ကောင်းပြီ အရှင်ကောဏ္ဍညသောတာပန်ဖြစ်သွားပြီ။ ဓမ္မစက္ခုတရား ဟောနေတုန်း နာရင်းကနေပြီးတော့ သောတာပန်ဖြစ်သွားတယ်။ အဲဒီလို မြတ်စွာဘုရားကလည်း တရားကိုအဆုံးသတ်လိုက်ပြီ။ အဆုံးသတ်လိုက်တဲ့အခါကျတော့ နောက်ဆက်တွဲဖြစ်တာတွေကတော့ အထူးပြောစရာ မလိုတော့ဘူး။ နောက်ဆက်တွဲမှာ ထူးထူးခြားခြား အလင်းရောင်ကြီးတွေ ပေါ်လာတာတို့၊ စကြဝဠာတစ်သောင်း ကမ္ပာတုန်လှုပ်သွားတာတို့၊ တရားဦးဟောတဲ့အခါမှာ ထူးခြားတဲ့ အချက်လေးတွေပေါ်လာတယ်ပေါ့။ အဲဒီမှာ မြတ်စွာဘုရား ဓမ္မစက္ခုတရား ဟောလိုက်လို့ မြေပြင်မှာရှိတဲ့ နတ်တွေကနေပြီးတော့ မြတ်စွာဘုရား ဟောလိုက်တဲ့ တရားကို ဘယ်သူမှ မပယ်ဖျက်နိုင်ဘူးတဲ့၊ လူတင်မကဘူး နတ်တွေ၊ ဗြဟ္မာတွေ ဘယ်သူမှ မပယ်ဖျက်နိုင်ဘူး။ ဘယ်သူမှ မဟန့်တားနိုင်ဘူး။ မဟန့်တားနိုင်ဘူးဆိုတာဟာ "သစ္စာ(၄)ပါး ဆိုတာ မဟုတ်ဘူး၊ သစ္စာတစ်ပါးပိုနေတယ်၊ (၃)ပါးဆိုရင် လုံလောက်တယ်"လို့ ပြောစရာအကြောင်း မရှိတော့ဘူး။ သို့မဟုတ် "သစ္စာ(၄)ပါးဆိုတာ မပြည့်စုံသေးဘူး။ နောက်ထပ်(၅)ပါး တစ်ခုထည့်ရဦးမယ်" လို့ ဒီလို ပယ်ဖျက်ပြီးတော့ ဟန့်တားနိုင်တဲ့ပုဂ္ဂိုလ်တစ်ဦးမှ မရှိတော့ဘူး။ အားလုံးဟာ ပြည့်ပြည့်စုံစုံဖြစ်လို့ အပ္ပဋိဝတ္တိယံနော်။

မြတ်စွာဘုရားရဲ့ ဒီဒေသနာဉာဏ်တော်ကြီးကို ပယ်ဖျက်ပြီးတော့ ဟန့်တားနိုင်တဲ့ပုဂ္ဂိုလ်လုံးဝမရှိဘူးတဲ့။ ဘုမ္မစိုးဝ်နတ်တွေကစပြီး

http://www.dhammadownload.com

တော့ ကြေငြာလိုက်တာ မြတ်စွာဘုရားဟာ ဣသိပတနတောမှာ ဓမ္မစက္ကဆိုတဲ့ ဒေသနာဉာဏ်တော်ကြီးကို စတင်ဖြစ်စေလိုက်ပြီဆိုတဲ့ သတင်းဟာ ဟိုးလေးတကျော်ဖြစ်သွားပြီး စကြဝဠာ တစ်သောင်း ထိအောင် ရိုက်ခတ်ပြီးတော့သွားတယ်လို့ဆိုတယ်။ သာဓု ခေါ်လိုက်တဲ့ အသံကြီးဟာ တုန်ဟီးသွားတာပဲ၊ ဖြစ်နိုင်တာပေါ့နော်။ အဲဒီလို ကမ္ဘာ လောကဓာတ်ကြီးတစ်ခုလုံးဟာ ဓမ္မစကြာတရား ဟောလိုက်တဲ့၊ ဟောလိုက်တယ်ဆိုတဲ့ ဒီတရားသံ ဟောလိုက်တဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဓမ္မစက္ကကို ဖြစ်စေလိုက်ပြီ။ ဘုရားအဖြစ်သို့ ရောက်ပြီ၊ ဒါကိုအားလုံးက မျှော်လင့်နေကြတာလေ။ တရားနာဖို့ မျှော်လင့်နေကြတာ အခုချိန်မှာပြည့်ဝသွားသည့်အတွက်ကြောင့် အားလုံး နတ်တွေဟာ ဝိုင်းဝန်းပြီးတော့ သဒ္ဒမနုဿာဝေသုံ ကြွေးကြော်ကြတာ ဒီစကားကိုနော်။ ဘုရား ဓမ္မစကြာတရား ဟောလိုက်ပြီ၊ တရားထူး တရားဦးကို ဟောလိုက်ပြီဆိုတဲ့အသံကြီးဟာ ကြွေးကြော်တဲ့အသံကြီးဟာ စကြဝဠာ တစ်သောင်းကို ရိုက်ခတ်ပြီးတော့ ပျံ့နှံ့သွားတယ်တဲ့။ ထူးခြားတဲ့ အလင်းရောင်ကြီးတွေ ဖြစ်ပေါ်လာပြီးတော့ ကမ္ဘာမြေကြီးဟာလည်း တုန်ဟီးပြီးတော့သွားတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ကြည့်လိုက်တဲ့အခါမှာ ပဉ္စဝဂ္ဂီ(၅)ပါးထဲမှာ အရှင်ကောဏ္ဍညကြီးဟာ သဘောပေါက်သွားပြီဆိုတာက ဓမ္မစက္ခုရသွားပြီ၊ အရှင်ကောဏ္ဍည ကြီး သဘောပေါက်သွားပြီ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက သဘောတော့ ပေါက်တယ်၊ မပြည့်စုံသေးဘူးပေါ့။ အရှင်ကောဏ္ဍည သဘော ပေါက်တာက ပြည့်ပြည့်စုံစုံ သဘောပေါက်တယ်ပေါ့။ ဒါကြောင့်မို့ မြတ်စွာဘုရားက **'အညာသိ ဝတ ဘော ကောဏ္ဍညော အညာသိ**

http://www.dhammadownload.com

ဝတ ဘော ကောဏ္ဍညော' ဓမ္မစက္ကာတရားဟောပြီးစော့ **အေး** ကောဏ္ဍည တစ်ယောက်တော့ နားလည်သွားပြီပေါ့။ ကောဏ္ဍညက သဘောပေါက်သွားပြီ၊ ဒီလိုပြောတဲ့ စကားနော်၊ ကောဏ္ဍညကြီးတော့ သဘောပေါက်သွားပြီ၊ ကောဏ္ဍည သဘောပေါက်သွားပြီ၊ ငါပြောတဲ့ ဟာ သူတကယ့်ကို ပေါက်ပေါက်ရောက်ရောက် ဖြစ်သွားပြီလို့ မြတ်စွာဘုရားက ကြွေးကြော်လိုက်တယ်။ အဲဒီကြွေးကြော်သံကို အကြောင်းပြုပြီးတော့ ကောဏ္ဍညဆိုတဲ့ အမည်နာမရဲ့ရှေ့က အညာသိ ကောဏ္ဍညလို့ ဒီလို ပထမဆုံးသိတာပေါ့။

ဆိုလိုတာက **အညာသိ ဝတ ဘော ကောဏ္ဍညော**ဆိုတာ ကောဏ္ဍညကတော့ ပထမဆုံး သိသွားပြီ။ ငါဟောတဲ့တရား ပထမဆုံး သူနားလည်သွားပြီ၊ အစအဆုံး နားလည်တဲ့ပုဂ္ဂိုလ်မို့ ဂုဏ်ပြုတာပေါ့။ ဒါက ကျန်တဲ့ပုဂ္ဂိုလ်တွေက နားမလည်သေးဘူး။ နားမလည်သေးလို့ မြတ်စွာဘုရားက နောက်ရက်တွေမှာ ထပ်ရှင်း ထပ်ရှင်း ထပ်ရှင်း ဝါဆိုလပြည့်နေ့ညမှာ တရားဟောနေတာ ဝါဆိုလပြည့်ကျော် (၁)ရက် (၂)ရက် (၃)ရက်နော်။ ပဉ္စဝဂ္ဂီတွေက အဆင့်ဆင့် သောတာပန်ဖြစ်သွားကြတယ်။ နောက်ဆုံး ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ ရောက်တဲ့အခါကျတော့မှ အနတ္တလက္ခဏသုတ်ကို ဟောလိုက်တော့ အားလုံးဟာ ရဟန္တာ ဖြစ်သွားတယ်။ ဒီတော့ ပဉ္စဝဂ္ဂီတွေတောင်မှပဲ ကြည့် ဒုတိယက ဘဒ္ဒိယတို့၊ ဝပ္ပတို့ပဲ၊ ဘဒ္ဒိယတို့နောက် မဟာနာမတို့၊ အဿဇိတို့ ကျန်တဲ့ (၂)ပါးစီက (၂)ပါးစီ (၂)ပါးစီ ဒီလိုရှင်းလင်းဟောကြားပြီးမှ သူတို့က သဘောပေါက်လာကြတယ်တဲ့။ နောက်ဆုံး သောတာပန်ဖြစ်လာကြတယ်လို့ ဒီလိုဆိုလိုတာနော်။

http://www.dhammadownload.com

အေး - ဒါကြောင့်မို့လို့ သစ္စဒေသနာ ဓမ္မစက်ာ ဒီ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဒီ သစ္စဒေသနာဟာ နောက်ထပ် ဘယ်နေရာမှာပဲဟောဟော ဒီသစ္စာ(၄)ပါးပဲ၊ မဂ္ဂင်(၈)ပါးကလည်း ဘယ်နေရာမှာပဲဟောဟော မဂ္ဂင် (၈)ပါးပဲ၊ ဒီ မဇ္ဈိမပဋိပဒါနဲ့ မှန်ကန်တဲ့ ကျင့်စဉ်တစ်ခုကို အရှင်ကောဏ္ဍညကို ချပြခဲ့သလို နောက်ဆုံး မြတ်စွာဘုရားဟာ (၄၅)ဝါ ဘုရားအဖြစ်နဲ့ လှည့်လည်တရားဟောလို့ သက်တော်(၈၀)ပြည့်တဲ့အခါ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့မှာလည်းပဲ သုဘဒ္ဒပရိဗိုဇ်ကြီးကို ရှင်းပြောလိုက်တာလည်း ဒီမဂ္ဂင်(၈)ပါးပဲ၊ အဲဒီမှာ မြတ်စွာဘုရားက မဂ္ဂင်(၈)ပါးမရှိဘူးဆိုရင် သောတာပန်လည်း မဖြစ်နိုင်ဘူး၊ သကဒါဂါမ်လည်း မဖြစ်နိုင်ဘူး၊ အနာဂါမ်လည်း မဖြစ်နိုင်ဘူး၊ ရဟန္တာလည်း မဖြစ်နိုင်ဘူး။ မဂ္ဂင်(၈)ပါးအကျင့်ကလွဲလို့ တခြားနည်းလမ်းမရှိဘူးဆိုတာ တိတိလင်းလင်း နောက်ဆုံးအကြိမ်မှာလည်းပဲ မိန့်ကြားသွားတယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ပွင့်လင်းပြီးတော့ မဂ္ဂင်(၈)ပါးအကျင့်တရားဟာ မှန်ကန်တဲ့ကျင့်စဉ်ကြီးတစ်ခုရှိနေသည့်အတွက်ကြောင့် မိမိတို့အတိုင်းအတာအလျောက် ဒီဘဝမှာ ကျွတ်တန်းဝင်ချင်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီလမ်းစဉ်ကနေပြီးတော့ လျှောက်ဖို့ လိုအပ်တာပေါ့နော်။ အေး- ဒီဘဝမှာ ကျွတ်တန်းမဝင်ချင်သေးဘူး၊ ပါရမီဖြည့်ချင်သေးတယ်ပေါ့၊ ဆုကြီးပန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့လည်း ဆုကြီးပန်ကြဦးပေါ့နော်။ အေး- ဆုကြီးမပန်တော့ဘူး ဒီဘဝပဲအကျွတ် ကျင့်ချင်တယ်ဆိုလို့ရှိရင် ကျွတ်ရင်ကျွတ် မကျွတ်ရင် နောက်ဘဝတော့ သေချာကျွတ်မှာပေါ့။ ဒီဘဝ ကြိုးစားလို့ရှိရင် နောက်ဘဝမှာတော့ သေချာနီးသွားမှာ၊ မကြိုးစားသေးပဲနဲ့ တို့က

http://www.dhammadownload.com

ပါရမီ မပါသေးဘူး ဆိုပြီးတော့ အိပ်နေလို့ရှိရင် နောက်ဘဝလည်း ဆက်အိပ်ဦးမှာပဲပေါ့။

အေး- ဒါကြောင့်မို့လို့ သစ္စဒေသနာ ဓမ္မစကြာတရားကို ဘုန်းကြီးတို့ (၄)ညတိုင်တိုင် ရှင်းလင်းဟောကြားတာ ဒီကနေ့မှာတော့ နိဂုံးချုပ် အပြီးသတ်ပါပြီ။ ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ တရားဦး ဓမ္မစကြာ သစ္စဒေသနာတော်ကို ကြားနာပြီးတော့ တကယ့်မှန်ကန်တဲ့ လမ်းစဉ်ဆိုတာ မဂ္ဂင်(၈)ပါးအကျင့်တရားသာဖြစ်တယ်။ မဂ္ဂင်(၈)ပါး အကျင့်တရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် တို့တစ်တွေ **သန္တိသုခ နိဗ္ဗာန** လို့ဆိုတဲ့ အငြိမ်းဓာတ်ကို မျက်မှောက်ပြုကြမှာဖြစ်တယ်လို့ ယုံကြည်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု



http://www.dhammadownload.com

မမွေမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကလေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလူဝါဒီးထားသော မမွေစာပေရန်ပုံငွေများ အသုံးပြု လွှက် စာအုပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မမွေဒါနပြုလုပ် ဖြန့်ဝေလူဝါဒီးလိုပါက တော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

ရရှိနိုင်ဆဲ ဌာနမျာ်း

၁။ **အောင်ဝမ္မ။ ပုံနိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဝိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇)၊ ၄၆၈)၊ သိမ်ကြီးစျေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **မမွေဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာမမွေစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အာဘိမမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်မမွေဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး စမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပတ္ထာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပတ္ထာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှုစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမုတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိဿနာ
၃၃။ နစသော၊ နစအညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားပြု
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ကျင်္ကြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယုဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ မမွှကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏဝိဘင်္သုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၀၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၀၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၀၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၀၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၀၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၀၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၁၀။ ကမ္မဋ္ဌာန်းဆရာ
၁၁။ ဇာတိမြေမှ သာသနာ
၁၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၁၃။ စရိုက်နှင့်ဝါသနာ
၁၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၁၅။ သာသနာပြုစွမ်းအားစု
၁၆။ လူဆိုးလူပိုက်
၁၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၁၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၁၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၂၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၂၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၂၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၂၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၂၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၂၅။ မွေသံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအဖြတ်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေစဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ

http://www.dhammadownload.com